# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၂၆၆)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၂ ရက်

၂၀၁၄ ခုနှစ်၊ ဇွန် ၂၈ ရက်၊ စနေနေ့။


## နိုင်ငံတော်သမ္မတဦးသိန်းစိန် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ် နှစ်(၆၀)ပြည့် သဝဏ်လွှာများပေးပို့

နေပြည်တော် ဇွန် ၂၈

၂၀၁၄ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင်ကျရောက်သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ် ကြေညာသည့် နှစ် (၆၀)ပြည့် အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာပရာနာဗ် မူခါဂျီးတို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ *သတင်း-စာမျက်နှာ ၉သို့*

မြန်မာ-တရုတ် နှစ်နိုင်ငံထိပ်သီးဆွေးနွေးပွဲကို ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး Eastern Hall ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် အဖွဲ့ဝင်များတက်ရောက်၍ အမြင်ချင်းဖလှယ်ကြစဉ်။ (သတင်းစဉ်)



# မြန်မာ-တရုတ် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအမြင်ချင်းဖလှယ်

ပေကျင်း ဇွန် ၂၇

**မြန်မာ-တရုတ် နှစ်နိုင်ငံထိပ်သီးဆွေးနွေးပွဲကို ယနေ့ ညနေ ၅ နာရီတွင် ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး Eastern Hall ၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။**

### အမြင်ချင်းဖလှယ်

ထိပ်သီးဆွေးနွေးပွဲတွင် မြန်မာ-တရုတ် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ မြှင့်တင်နိုင်ရေး၊ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအကူအညီပေးရေး၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးအပ်ရေး၊ အာဆီယံ-တရုတ် ဆက်ဆံမှုတိုးမြှင့်ရေးနှင့် ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ယဉ်ကျေးမှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

### ထပ်လောင်းအတည်ပြု

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံခေါင်းဆောင်များက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်ကို နှစ်နိုင်ငံဆက်ဆံရေးအတွက်သာမက နိုင်ငံတကာဆက်ဆံရေးအတွက်ပါ အခြေခံမှုများအဖြစ် ဆက်လက်လိုက်နာ ကျင့်သုံးသွားရန် ထပ်လောင်းအတည်ပြုခဲ့ကြသည်။

(သတင်းစဉ်)

**နှစ်နိုင်ငံ ခေါင်းဆောင်များက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်ကို နှစ်နိုင်ငံ ဆက်ဆံရေးအတွက်သာမက နိုင်ငံတကာဆက်ဆံရေးအတွက်ပါ အခြေခံမှုများ အဖြစ် ဆက်လက်လိုက်နာကျင့်သုံးသွားရန် ထပ်လောင်းအတည်ပြု**

**နိုင်ငံတကာ**

**ဆီးရီးယားအတိုက်အခံများအား ဒေါ်လာ သန်း ၅၀၀ ထောက်ပံ့ရန် ကွန်ဂရက်သို့ သမ္မတအိုဘားမားတောင်းဆို**

သတင်းစာမျက်နှာ ➤ ၄

**ပြည်တွင်း**

**၂၀၁၄ ခုနှစ်၊ ၁၃၇၅-ခုနှစ်၊ ပထမပြန်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာချက်**

သတင်းစာမျက်နှာ ➤ ၁၀

**ပြည်တွင်း**

**မြန်မာ့လက်ရွေးစင်အသင်းနှင့် ဆီရီဗိုအိုဆာကာအသင်းတို့ ယနေ့ခြေစမ်းမည်**

သတင်းစာမျက်နှာ ➤ ၁၁



## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်အခွင့်အလမ်း

ကျွန်ုပ်တို့နိုင်ငံတွင် ပုဂ္ဂလိကအခန်းကဏ္ဍမြှင့်တင်ရေးကို အားပေးဆောင်ရွက်လျက်ရှိရာ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများသည်လည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်လျက်ရှိပါသည်။ ဤသို့တိုးတက်လာမှုနှင့်အတူ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လျက်ရှိပါသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းသည် တိုက်ရိုက်ဆက်စပ်နေပါသည်။ ရင်းနှီးမြှုပ်နှံမှုများ တိုးလာသည်နှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုမှာလည်း တိုးလာမည်ဖြစ်ပါသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆပ်ကော်မတီ (Delivery Unit)၏ ထုတ်ပြန်ချက်အရ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံသားနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု နှစ်ရပ်ပေါင်း အရေအတွက်အားဖြင့် ၁၂၃ ခုသာရှိပါသည်။ ဤနှစ်တွင် အလုပ်အကိုင်အခွင့်အလမ်းပေါ်ပေါက်မှုမှာ သုံးခုပေါင်း အလုပ်နေရာ ၁၆၄၅၄ ဖြစ်ပါသည်။ ပြီးခဲ့သည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင်မူ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအရေအတွက် နှစ်ရပ်ပေါင်း ၁၉၁ ခုအထိ တိုးလာခဲ့ပါသည်။ ဤနှစ်တွင် အလုပ်အကိုင်အခွင့်အလမ်းနေရာ ၁၀၆၃၈၃ ဖန်တီးပေးနိုင်ခဲ့ပါသည်။ ဤအချက်များကို ထောက်ရှုလျှင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးလာသည်နှင့် အလုပ်အကိုင်ခွင့်အလမ်းများ ပိုမိုဖန်တီးပေးလာနိုင်သည်ကို သိသာထင်ရှားစွာ တွေ့ရပေသည်။

ဤသို့ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရာတွင် ရေရှည်ခိုင်မြဲသော အလုပ်အကိုင်များဖြစ်လျှင် ပိုကောင်းပါသည်။ ဥပမာဆိုရလျှင် ဆောက်လုပ်ရေးလုပ်ငန်းများသည် ရေရှည်အလုပ်အကိုင်ဖန်တီးပေးနိုင်မည် မဟုတ်ပါ။ စက်ရုံအလုပ်ရုံ၊ နည်းပညာအခြေပြုလုပ်ငန်းတို့သည် အလုပ်သမားများကို ရေရှည်အလုပ်အကိုင်များပေးနိုင်မည်ဖြစ်ပါသည်။ ဤကဲ့သို့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အစဉ်ဖွံ့ဖြိုးလာပါမှ အာမခံချက်ရှိသော အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးပွားလာမည်ဖြစ်ပါသည်။

အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလာနိုင်သည်နှင့်အမျှ ပြည်သူများ၏ စားဝတ်နေရေး အဆင်ပြေလာနိုင်ပြီး ဆင်းရဲမှုလျှော့ချရာတွင် အထောက်အကူဖြစ်နိုင်ပါသည်။ မိသားစုများအတွင်း အသက်အရွယ်အလိုက် အလုပ်အကိုင်များ ရရှိလာရမည်ဖြစ်ပါသည်။ ယခင်က တစ်ဦးတစ်ယောက်လုပ်စာကို တစ်မိသားစုလုံးထိုင်စားသည့်စနစ်ကို အားလုံးက နိုင်ရာနိုင်ရာ ဝင်ငွေရအလုပ်များ လုပ်ကိုင်သွားမည်ဆိုလျှင် မိသားစုတစ်စုချင်း ဝင်ငွေတိုးလာပြီး စီးပွားရေးချောင်လည်လာမည် ဖြစ်ပါသည်။ မိသားစုများအတွင်း လုပ်ငန်းခွင်ဝင်ရောက်နိုင်သူများ တိုးလာရမည်ဖြစ်ပါသည်။ လူတစ်ဦးချင်း ဝင်ငွေတိုးလာပါမှ တိုင်းပြည်စီးပွားရေးတိုးတက်လာနိုင်ပါသည်။ ဂျီဒီပီတိုးရန်မှာ အလုပ်အကိုင်ရှိမှ ဖြစ်ပါမည်။ အလုပ်အကိုင်မရှိဘဲ ဂျီဒီပီတိုးစရာ အကြောင်းမရှိပါ။ လူတိုင်းအလုပ်လုပ်နိုင်သော အလုပ်အကိုင်နေရာများ တိုးပွားလာသည်နှင့်အမျှ မိသားစုများစီးပွားရေး တိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန လုပ်ဆောင်ချက်များသတင်းစာရှင်း

**ရန်ကုန် ဇွန် ၂၇**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၏ သတင်းစာရှင်းလင်းပွဲကို ဇွန် ၂၆ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မွေးမြူရေးဌာနခွဲ၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦးက မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များမှာ အစားအစာဖူလုံရေး၊ စားနပ်ရိက္ခာလုံခြုံရေး၊ စားနပ်ရိက္ခာဘေးအန္တရာယ်ကင်းရေး၊ အာဟာရစားသုံးမှုမြှင့်တင်ရေးနှင့် ကျေးလက်ဒေသစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ ဖြစ်ပြီး ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါကြောင်း။

ကျေးလက်နေ လူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးကိုဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပလူမှုရေး အသင်းအဖွဲ့များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူများ ဘက်စုံပူးပေါင်းပါဝင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးပုံစံဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးမှု စဉ်ဆက်မပြတ်တိုးတက်ရန် လူထု၏အားကိုးအားထားပြုသည့် ပြည်သူဗဟိုပြုပုံစံဖြင့် အကောင်အထည်ဖော် လျက်ရှိပါကြောင်း၊ ဝင်ငွေနည်းပါးသည့်ကျေးလက်နေလူထုအတွက် အရင်းအနှီး ရရှိရေး၊ အတိုးနှုန်းမြင့်မားနေမှုများကို ဖြေရှင်းနိုင်ရေးနှင့် ကျေးလက်ဘဏ်ပုံစံဖြင့် လူထုဗဟိုပြုပုံစံဖော်ဆောင်နိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းကိုလည်း ဆောင်ရွက်နေပါကြောင်း။

မွေးမြူရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍများကို ဆောင်ရွက်ရာတွင် ငွေကြေးအရင်းအနှီး စဉ်ဆက်မပြတ်ပံ့ပိုးမှုကို ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဘဏ်လီမိတက်နှင့် နည်းပညာ၊ အသိပညာတိုးပွားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးတို့အတွက် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့က အားဖြည့်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနတွင် အစိုးရပိုင်းမှ ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်ကာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အသား၊ ငါးကဏ္ဍမှ မိမိဝန်ကြီးဌာနရှိခြံ၊ စက်ရုံနှင့်လုပ်ငန်း ၄၀ ကျော်ကို ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ ပဏာမရှင်းလင်းပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းဝင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အကြံပေးပါမောက္ခ ဒေါက်တာတင်ငွေနှင့် တာဝန်ရှိသူများက ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့၏ လက်ရှိဆောင်ရွက်ချက်များ၊ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းကြပြီး မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။

သတင်းစာရှင်းလင်းပွဲတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အကြံပေးပါမောက္ခ ဒေါက်တာတင်ငွေက ၁၉၉၉ ခုနှစ်တွင် တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်၏ အမည်ကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်အဖြစ် ပြောင်းလဲမှည့်ခါပြီး သင်တန်းကာလကို ခြောက်နှစ်မှ ငါးနှစ်သို့ ပြောင်းလဲခဲ့ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ သင်ခန်းစာများကို ငါးနှစ်မှ ခြောက်နှစ်သို့ ပြန်လည်ပြောင်းလဲခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်အထိ (B.V.Sc) ဘွဲ့ရပေါင်း ၄၅၀၀ကျော်ကို မွေးထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ ယခု ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစတင်လျက် တိရစ္ဆာန်ဆေးပညာဘွဲ့ကို ခြောက်နှစ်ဖြင့်လည်းကောင်း၊ မွေးမြူရေးပညာဘွဲ့ကိုလေးနှစ်ဖြင့်လည်းကောင်း ခွဲထုတ်သင်ကြားပေးသွားမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

**(သတင်းစဉ်)**

## ထင်သာမြင်သာ ပြုပြင်စရာ

# စဥ့်ကိုင်၌ ဘောလုံးကွင်းပြုပြင်ပေးရန် ဒေသခံများမျှော်လင့်



စဥ့်ကိုင်မြို့နယ် ရန်ကုန်-မန္တလေး လမ်းဟောင်း အနောက်ဘက်ခြမ်းရှိ အားကစားဝန်ကြီးဌာနပိုင် မြို့နယ်ဘောလုံးကွင်းကြီးသည် အနီးပတ်ဝန်းကျင်ရှိ အိမ်ဝင်းများမှာ မြင့်ပြီး ဘောလုံးကွင်းသည် အနိမ့်ပိုင်းတွင် တည်ရှိပြီး လယ်မြေ ရေသွင်းမြောင်းဖြတ်သန်းစီးဆင်းလျက်ရှိသောကြောင့် အစဉ်အမြဲရေနစ်မြုပ်ကာ မြက်ပင်များဖုံးလွှမ်းပြီး ယိုယွင်းပျက်စီးလျက်ရှိကြောင်း သိရသည်။

အဆိုပါဘောလုံးကွင်းကြီးတွင် ယခင်က မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများ၏ ပြိုင်ပွဲများကိုကျင်းပခဲ့သော်လည်း နောက်ပိုင်းတွင် ဘောလုံးကွင်းပျက်စီးနေမှုကြောင့် ပြိုင်ပွဲများကျင်းပနိုင်ခဲ့ခြင်း မရှိတော့ပေ။

စဥ့်ကိုင်မြို့နယ် ဘောလုံးကွင်းကြီးသည် အခြားမြို့နယ်များကဲ့သို့ မြို့အစွန်အဖျားတွင် တည်ရှိခြင်းမဟုတ်ဘဲ မြို့၏အဓိကနေရာတွင် တည်ရှိပြီး မြို့သူမြို့သားများကလည်း ကွင်းပြုပြင်ပြီးပါက မြို့နယ်၏ အားကစားအဆင့်အတန်း တိုးတက်လာမည်ဟု ယုံကြည်လျက်ရှိသည်။

စဥ့်ကိုင်မြို့နယ်အနေဖြင့် နိုင်ငံတော် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် နှစ်စဉ်အားကစားသိပ္ပံသို့ ကျောင်းသားကျောင်းသူများ ရွေးချယ်စေလွှတ်နိုင်ခဲ့ပြီး နိုင်ငံ့လက်ရွေးစင် အားကစားသမားများ ပေါ်ထွက်ခဲ့သကဲ့သို့ ဘောလုံးအားကစားတွင်လည်း နိုင်ငံ့လက်ရွေးစင်များ ပေါ်ထွက်ခဲ့သော မြို့နယ်ဖြစ်သောကြောင့် ဘောလုံးကွင်းပြုပြင်ပေးရန် မြို့ခံများနှင့်ဒေသခံများက လိုလားစောင့်မျှော်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**






### မြေနေရာကောင်းရောင်းမည်

ရန်ကုန်မြို့ စီးပွားရေးတက္ကသိုလ်အနီးအမှတ်(၂)လမ်းမကြီးပေါ်မျက်နှာလှည့် ဒီဇင်ဘာသီရိဂေဟာမြို့တော် မုစ်ဦးရှေ့ဘက် အကောင်းဆုံးမြေကွက်(၂)ကွက်တွဲ ရွှေနဂါးအဆင့်မြင့်ဘော်ဒါဆောင်ခြံနှင့်ကပ်လျက် နေရာကောင်း လမ်းနှင့်အညီ အုတ်တံတိုင်းကား၍ မြေဖို့ထားပြီး၊ ပတ်ဝန်းကျင်သာယာ (၅၅'' × ၇၂')×(၂ကွက်တွဲ) 1Sqft - 40000/-

ဖုန်း-၀၉-၅၃၈၅၂၀၈ + ၀၉-၅၀၀၉၆၄၀

ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်



**နေပြည်တော် ဇွန် ၂၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့ နံနက် ၇ နာရီခွဲတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ထွက်ခွာသွားသည်။ **(ယာပုံ)**

နိုင်ငံတော်သမ္မတအား ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညွှန့်ထွန်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးဝဏ္ဏမောင်လွင်၊ ဦးလှထွန်း၊ ဦးကျော်ဆန်း၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ဒေါက်တာမြင့်အောင်၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးရဲထွဋ်၊ ဒေါက်တာ ဒေါ်သိန်းသိန်းဌေး၊ ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည့် မြန်မာ-တရုတ်-အိန္ဒိယနိုင်ငံတို့က ချမှတ်ခဲ့သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ် နှစ်(၆၀)ပြည့် အခမ်းအနားသို့ တက်ရောက်မည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် သမ္မတအဖြစ် တာဝန်ယူပြီးနောက် ၂၀၁၁ ခုနှစ် မေ ၂၆ ရက်မှ ၂၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ပထမအကြိမ်သွားရောက်ခဲ့ပြီး ယခုအကြိမ်သည် တတိယအကြိမ်ချစ်ကြည်ရေးခရီးစဉ်ဖြစ်သည်။

နိုင်ငံတော်သမ္မတသည် ဘိုအောဖိုရမ်တက်ရောက်သည့် ခရီးစဉ်အတွင်း လက်ရှိတရုတ်သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ယခုအကြိမ်တွင်လည်း နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးမည့်အစီအစဉ်ပါရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ကုန်သွယ်ရေးစခန်းများအတွက် တည်ဆောက်ရေးလုပ်ငန်းစဉ်များ လျာထားဆောင်ရွက်ရာတွင် မြို့ပြစီမံကိန်းချမှတ်၍ စနစ်တကျဆောင်ရွက်



**နေပြည်တော် ဇွန် ၂၇**

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးဝင်းမြင့်နှင့် ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်းတို့သည် ဇွန် ၂၆ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်ရှိ (၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးနှင့် ကုန်သွယ်မှုတိုးမြှင့်ရေးတို့အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ဟိုနောင်စခန်းသို့ ရောက်ရှိကြပြီး ကုန်သွယ်ရေးစခန်းများအတွက် တည်ဆောက်ရေးလုပ်ငန်းစဉ်များ လျာထားဆောင်ရွက်ရာတွင် မြို့ပြစီမံကိန်းချမှတ်၍ စနစ်တကျဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လမ်းနယ်နိမိတ်များကို သတ်မှတ်ရာတွင် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေကိုပါထည့်သွင်းစဉ်းစား၍ စနစ်တကျသတ်မှတ်ရန် လိုအပ်ပါကြောင်း၊ မြို့နယ်စည်ပင်သာယာဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သကဲ့သို့ မြို့၏ပုံစံစနစ်တကျရှိရန်လည်း အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် (၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေး စစ်ဆေးရေးစခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ညွှန်ကြားရေးမှူး ဦးရန်နိုင်ထွန်းက မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်မှုအခြေအနေ၊ သွင်းကုန်၊ ထုတ်ကုန်ပစ္စည်းများ ယာယီသိုလှောင်နိုင်ရန် ကုန်လှောင်ရုံများလိုအပ်မှု အခြေအနေများ၊ စက်ရုံ၊ အလုပ်ရုံများနှင့် တိုးချဲ့တည်ဆောက်ရမည့် တည်ဆောက်ရေးလုပ်ငန်းစဉ်များ၊ ကုန်သွယ်မှုဆိုင်ရာ လွယ်ကူချောမွေ့စေရေးအတွက် ပြင်ဆင်ထားမှုများ၊ ကုန်သွယ်ရေးဇုန်အတွင်း ပွဲရုံဂိုဒေါင်များ ဆောင်ရွက်မှုအခြေအနေ၊ ကုန်သွယ်ရေးဇုန်ဖော်ထုတ်နေမှုနှင့် ဆောင်ရွက်ရန် ကျန်ရှိနေသည့်လုပ်ငန်းစဉ်များနှင့် ကုန်သွယ်မှုပဏာမအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက လမ်းများကျပ်နေမှုကို စနစ်တကျအမြန်ဆုံးဖြေရှင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ စစ်ဆေးရေးဂိတ်များတွင် အသုံးပြုနေသည့် စစ်ဆေးရေးစက်ပစ္စည်းများအားစစ်ဆေးရာတွင် ပိုမိုမြန်ဆန်စေရန် အရည်အသွေးမြင့်စက်များဖြင့် ဆောင်ရွက်ရန်၊ ကုန်ပစ္စည်းများပိတ်ဆို့၍ ကြန့်ကြာမှုမရှိစေရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်လာရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ပို့ဆောင်ရေးကုန်ကျစရိတ်ကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်း၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိရန်နှင့် မှန်မှန်ကန်ကန်ဖြစ်အောင် အလေးထားဆောင်ရွက်ရမည်ဖြစ်ပြီး အလုပ်သမားများ၏ အရည်အသွေးမြင့်မားလာအောင်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးဝင်းမြင့်တို့က ဆောင်ရွက်ရမည့် လုပ်ငန်းများကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်ချက်များကိုမှာကြားပြီး ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ အသစ်တိုးချဲ့ဆောက်လုပ်နေသော ရွှေလီမြစ်ကမ်းနားလမ်း တည်ဆောက်နေမှု၊ မူဆယ်မြို့သစ်တည်ဆောက်၍ ကုန်သွယ်ရေးဇုန်ဖော်ထုတ်နေမှုနှင့် မူဆယ်မြို့တွင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(သတင်းစဉ်)**


ကံကောင်း
အိမ်၊ ခြံ၊ မြေ
သီလဝါ၊ ကျောက်တန်း၊ သန်လျင် မြေကွက်များ ရောင်းလို/ ဝယ်လိုသည်။
ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉



**ပြန်ကြားရေးဝန်ကြီးဌာန**
**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**
**ရခိုင်ပြည်နယ်၊ စစ်တွေမြို့**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ ဂွမြို့နယ် ဆပ်သွားကျေးရွာတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတစ်ရုံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းလိုင်စင်ရ မြန်မာနိုင်ငံသား ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၁-၇-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၀-၇-၂၀၁၄ ရက် (၁၆း၃၀) နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ (စစ်တွေမြို့) ဖုန်း-၀၉-၈၅၀၀၉၁၈၊ ၀၉-၄၂၁၇၁၈၉၉၉၊ ၀၄၃-၂၁၆၀၇ တို့သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**



**အမည်ပြောင်း**
တာချီလိတ်မြို့နယ်၊ မိုင်းကိုးကျေးရွာအုပ်စု၊ မယ်ဖုံးလုံရွာနေ ဦးတီမော၏သမီး မလှရှေ ၁၃/တခလ(နိုင်)၀၇၂၂၁၂အား မလှလှစိန် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။
**မလှလှစိန်**



ဥတုရာသီ တောကိုမှီ



**အမည်ပြောင်း**
တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ကျိုက္ကဆံအိမ်ရာ၊ တိုက် ၄၊ အခန်း ၅၀၂ နေ ဦးရန်အောင်၏သား မောင်ရန်နိုင်အား မောင်ရန်မင်းဟု ပြောင်းလဲခေါ်ပါရန်။
**မောင်ရန်မင်း**

နိုင်ငံတကာသတင်း

# အကြမ်းဖက်ဝါဒ ပူးပေါင်းတိုက်ဖျက်သွားကြရန် အာဖရိကခေါင်းဆောင်များ တိုက်တွန်းဆော်သြ



**မာလာဘို ဇွန် ၂၇**

အာဖရိကခေါင်းဆောင်များက နိုင်ဂျီးရီးယားမှ ကင်ညာအထိ အာဖရိကတိုက်တစ်ဝန်း စစ်သွေးကြွများ၏ အကြမ်းဖက်ဝါဒ ခြိမ်းခြောက်မှုများ ပျံ့နှံ့လာခြင်းကို ပြင်းပြင်းထန်ထန်အရေးယူသွားရန် တိုက်တွန်းလိုက်သည်။

အဆိုပါတိုက်တွန်းဆော်သြမှုသည် အီကွေတိုရီရယ်ဂီနီ၏ မြို့တော် မာလာဘို၌ ၅၄ နိုင်ငံ အာဖရိကသမဂ္ဂ(အေယူ)နှစ်ရက်ကြာ ထိပ်သီးအစည်းအဝေးကျင်းပစဉ် ကြာသပတေးနေ့က တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

ဤထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသော အီဂျစ်သမ္မတ အသစ်စက်စက်အဗ္ဗဒဲလ်ဖက်တာ အယ်စီစီက အာဖရိကတိုက် ငြိမ်းချမ်းရေးအတွက် အကြမ်းဖက်ဝါဒ တိုက်ဖျက်ရာတွင် အနီးကပ်ပူးပေါင်းဆောင်ရွက်သွားရန် ကတိပြုပြောဆိုလိုက်သည်။

ယင်းထိပ်သီးအစည်းအဝေးကို နိုင်ဂျီးရီးယားမြို့တော်၌ ဗုဒ္ဓဟူးနေ့က သမ္မတ ဂွတ်လပ်ဂျိုနသန် အိမ်ပြန်ချိန် အားပြင်းဗုံးတစ်လုံး ပေါက်ပြီးနောက် ကျင်းပခဲ့ခြင်းဖြစ်သည်။ ယင်းပေါက်ကွဲမှုကြောင့် အနည်းဆုံး ၂၁ ဦး သေဆုံးခဲ့ရသည်။

ဤထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းကလည်း **(ယာပုံ)** ဗဟိုအာဖရိကနှင့် တောင် ဆူဒန်တို့၌ အကြမ်းဖက်မှုများ အဆုံးသတ်ရန် တောင်းဆိုလိုက်သည်။

တောင်ဆူဒန်အကျပ်အတည်းသည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် သမ္မတဆဲလ်ဗာကီယာက လူမျိုးစု ခေါင်းဆောင် ရိခ်မာချာအား အာဏာသိမ်းရန် ကြိုးစားနေသည်ဟု စွပ်စွဲရာမှ စတင်ခဲ့ခြင်းဖြစ်သည်။ ယင်းစွပ်စွဲမှုသည် အစိုးရနှင့် လူမျိုးစုများအကြား တင်းမာမှုများဖြစ်ပြီး အကြမ်းဖက်မှုများ လျင်မြန်စွာ ပျံ့နှံ့သွားခဲ့ရာ လူထောင်နှင့်ချီပြီး သေဆုံးကာ တစ်သန်းကျော် စစ်ဘေးမှ ထွက်ပြေးကြရသည်။

ထိုအတောအတွင်း အာဖရိက ခေါင်းဆောင်များက အာဖရိက လုံခြုံရေးအတွက် ထောက်ပံ့ပေးရန် ကတိပြုပြောဆိုလိုက်သည်။ ယင်းတို့က ၎င်းကိစ္စအတွက် ကုလသမဂ္ဂနှင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း ပြောကြားလိုက်သည်။ **(ပရက်စ်တီဗွီ)**

## ဆီးရီးယားအတိုက်အခံများအား ဒေါ်လာ သန်း ၅၀၀ ထောက်ပံ့ရန် ကွန်ဂရက်သို့ သမ္မတအိုဘားမားတောင်းဆို

**ဝါရှင်တန် ဇွန် ၂၇**

ဆီးရီးယားနိုင်ငံရှိ အတိုက်အခံတပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးရေးနှင့် ကူညီထောက်ပံ့ရေးအတွက် ကန်ဒေါ်လာ သန်း ၅၀၀ အကူအညီပေးရန် အမေရိကန်ကွန်ဂရက်လွှတ်တော်သို့ သမ္မတအိုဘားမားက တောင်းဆိုလိုက်ကြောင်း သိရသည်။

အဆိုပါရန်ပုံငွေများသည် ဆီးရီးယားသမ္မတ ဘာရှားအယ်အာဆတ်နှင့် ပူးပေါင်းတပ်ဖွဲ့ဝင်များအား ဆန့်ကျင်တိုက်ခိုက်နေသော ဆီးရီးယားတို့အား ကူညီပေးမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားလိုက်သည်။ ၎င်းထောက်ပံ့ငွေသည် အီရတ်နိုင်ငံတွင်း အစ္စလာမ့်စ်ပြည်နယ်ထူထောင်ရေး လှုပ်ရှားနေသော ISIS အဖွဲ့ကဲ့သို့သော အစ္စလာမ့်စ်စစ်သွေးကြွများလည်း အလားတူချေမှုန်းနိုင်မည်ဖြစ်သည်။

အိမ်နီးချင်းအီရတ်နိုင်ငံ၌ ဖြစ်ပေါ်လျက်ရှိသော ISIS အဖွဲ့၏ ကြီးစိုးလာမှုက သမ္မတ အိုဘားမား အရေးယူဆောင်ရွက်ရန် ကွန်ဂရက်တွင် ဖိအားပေးခံနေရသည်။ ဆီးရီးယားနိုင်ငံ၌မူ သမ္မတအာဆတ်၏ သစ္စာရှိတပ်ဖွဲ့ဝင်များနှင့် အတိုက်အခံများတိုက်ပွဲ ဖြစ်ပွားမှု၏ သုံးနှစ်ကြာ ပြည်တွင်းစစ်ကြောင့် ထောင်ပေါင်းများစွာသော ပြည်သူများ သေကျေပျက်စီးကြရပြီး သန်းပေါင်းများစွာသော ပြည်သူတို့မှာ အိုးအိမ်စွန့်ခွာ ရွှေ့ပြောင်းနေနေထိုင်ကြရသည်။

ယခုထောက်ပံ့ငွေဖြင့် အတိုက်အခံများ၏ ထိန်းချုပ်ရာ လက်အောက်ရှိ နယ်မြေများအား တည်ငြိမ်မှုရစေရေး ကူညီနိုင်လိမ့်မည်ဖြစ်ကြောင်း အိမ်ဖြူတော်က ဆိုသည်။ သမ္မတအိုဘားမား၏ တောင်းဆိုမှုကို ကွန်ဂရက်လွှတ်တော်မှ ခွင့်ပြုမည် မပြုမည်နှင့် မည်သည့်အချိန်တွင် ခွင့်ပြုမည် မသေချာသေးသော်လည်း ၎င်းနယ်မြေဒေသတွင်း ထောက်ပံ့ရေးတိုးပေးရန်နှင့်ပတ်သက်၍ သမ္မတအိုဘားမားသည် ကွန်ဂရက်အဖွဲ့ဝင်အချို့၏ ပြင်းပြင်းထန်ထန်ဖိအားပေးခြင်းခံနေရသည်။

ပြီးခဲ့သည့်လက စစ်တက္ကသိုလ်တွင် ပြောကြားခဲ့သော မိန့်ခွန်းတွင် သမ္မတ အိုဘားမားက ဆီးရီးယားအတိုက်အခံများအား ကူညီထောက်ပံ့မှု တိုးမြှင့်ပေးရေး စကားရိပ်သန်းထားခဲ့ဖူးသည်။ **(ဘီဘီစီ)**

## ဗဟိုအာဖရိက၌ အကြမ်းဖက်လူသတ်မှုများဖြစ်ပွား အနည်းဆုံး ၇၀ သေဆုံးပြီး ၁၀၀ ဒဏ်ရာရ

**ဗဟိုအာဖရိက ဇွန် ၂၇**

ဗဟိုအာဖရိကနိုင်ငံ၌ ယခုသီတင်းပတ် စောစောပိုင်းက အကြမ်းဖက်လူသတ်တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ သေဆုံးသူ ၇၀ ကျော် ရှိသွားပြီဖြစ်ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အကြမ်းဖက်မှု ဖြစ်ပွားရာဒေသများ၌ လူသူသွားရောက်ရန် ခက်ခဲခြင်းကြောင့် သေဆုံးသူစာရင်း အရေအတွက်မှာ မြင့်လာဆဲဖြစ်ကြောင်း ဗဟိုအာဖရိကရှိ အာဖရိကဦးဆောင်သော နိုင်ငံတကာထောက်ပံ့ရေးမစ်ရှင်(မစ်ကာ)မှ အမည်မဖော်လိုသူတစ်ဦးက ပြောကြားလိုက်သည်။

ဘမ်ဘာရီနှင့် အနီးဝန်းကျင်ကျေးရွာများ၌ တနင်္လာနေ့ကတည်းက အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ရာ သေဆုံးသူ ၇၀ ကျော် ရှိသွားပြီဖြစ်ကြောင်း၊ အနည်းဆုံး ၁၀၀ ဒဏ်ရာရရှိသွားကြောင်း၊ နေအိမ် ၁၅၀ မီးရှို့ခံရကြောင်း မစ်ကာတာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကားလျက် အေအက်ဖ်ပီက သတင်းဖော်ပြသည်။

ဤအကြမ်းဖက်မှုသည် ဘမ်ဘာရီမြို့အနီး ဖူလာနီစီရင်စုမှ မွတ်စလင် ၁၇ ဦးအား ဘာလာကာစစ်သွေးကြွဆန့်ကျင်ရေး ခရစ်ယာန်များက သတ်ဖြတ်ခဲ့ရာမှ စတင်ခဲ့သည်။

ထိုအတောအတွင်း လူ့အခွင့်အရေးနှင့် ဆန့်ကျင်သော အကြမ်းဖက်မှုများဖြစ်ကြောင်း နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့က ပြောသည်။ ဒီဇင်ဘာလတွင် ခရစ်ယာန်လက်နက်ကိုင်အုပ်စုများက ၂၀၁၃ ခုနှစ် မတ်လတွင် အစိုးရကို ဖြုတ်ချခဲ့သော ဆီလက်ကာ သူပုန်များကိုလည်း တိုက်ခိုက်ခဲ့သည်။ **(ပရက်စ်တီဗွီ)**



## အိန္ဒိယတောင်ပိုင်း၌ ဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမှုဖြစ်ပွား

**နယူးဒေလီ ဇွန် ၂၇**

အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒက်ရှ်ပြည်နယ်၌ ဓာတ်ငွေ့ပိုက်လိုင်းတစ်ခု ပေါက်ကွဲမှုကြောင့် ၁၄ ဦး ထက်မနည်း သေဆုံးခဲ့သည်ဟု ဝါရင့်ဝန်ကြီးက ပြောခဲ့သည်။ အရှေ့ဂေါ့ဒိုအန်ခရိုင်အတွင်း အိန္ဒိယကုမ္ပဏီပိုင် ပိုက်လိုင်းတစ်ခုပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ၁၀ ဦးထက်မနည်း ဒဏ်ရာရရှိကာ ပေါက်ကွဲမှုဖြစ်ရသည့်အကြောင်းအရင်းကို တိတိကျကျမသိရသေးပေ။ အဆိုပါကုမ္ပဏီသည် အိန္ဒိယနိုင်ငံ၏ အကြီးဆုံး နိုင်ငံပိုင်သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးပေးသည့် ကုမ္ပဏီဖြစ်သည်။ **(ဘီဘီစီ)**

# အာဖရိကတိုက်အတွင်း အီဘိုလာရောဂါပျံ့နှံ့မှု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတိပေး



**ဂျီနီဗာ ဇွန် ၂၇**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က အသေအပျောက်များနေသည့် အီဘိုလာရောဂါ ထိန်းချုပ်ရန် နိုင်ငံတကာသို့ဆော်သြလိုက်သည်။

အဆိုပါ ရောဂါသည် သေဆုံးသူအရေအတွက်တိုးလာခြင်း၊ ဆီယာရာလီယွန်၊ ဂီနီနှင့် လိုက်ဘေးရီးယားကဲ့သို့နိုင်ငံများ၌ ရောဂါကူးစက်မှုများတိုးလာခြင်းတို့အတွက် ထိန်းချုပ်မှုများပြုလုပ်သွားရန် ကုလသမဂ္ဂကျန်းမာရေး စောင့်ကြည့်အဖွဲ့က ကြာသပတေးနေ့တွင် သတိပေးလိုက်သည်။ ဤရောဂါပျံ့နှံ့ဖြစ်ပွားမှုပေါ် အမြန်ဆုံးထိန်းချုပ်နိုင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်သွားရန်လည်း ၎င်းအဖွဲ့က တိုက်တွန်းထားသည်။

အဆိုပါရောဂါသည် အိမ်နီးချင်းနိုင်ငံများသို့ နယ်စပ်ဖြတ်ကျော်ကူးစက်ပျံ့နှံ့သွားမည်ကို အလွန်အမင်း စိုးရိမ်မိကြောင်း ဒဗလျူအိတ်ချ်အို အာဖရိကဆိုင်ရာ ဒေသညွှန်ကြားရေးမှူး လူဝစ်ဆမ်ဆိုက ပြောသည်။

ဒဗလျူအိတ်ချ်အိုက အခြားသော နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များနှင့် ရောဂါထိန်းချုပ်ရေး ကြိုးပမ်းနေသော်လည်း နေ့စဉ် သေဆုံးမှုနှင့် ရောဂါကူးစက်မှုနှုန်းမြင့်တက်လာကြောင်း ၎င်းအေဂျင်စီက ပြောသည်။

အနောက်အာဖရိက တစ်ဝန်းနေရာ ၆၀ ၌ ရာပေါင်းများစွာ ရောဂါကူးစက်ခံရကြောင်း ကုလသမဂ္ဂအေဂျင်စီက ပြောသည်။ ဒဗလျူအိတ်ချ်အို၏ နောက်ဆုံး ထုတ်ပြန်ချက်အရ အီဘိုလာရောဂါကူးစက်မှုကြောင့် လူပေါင်း ၃၄၀ ခန့် သေဆုံးသွားပြီဟု ဆိုသည်။ ယင်းရောဂါကို ၁၉၇၆ ခုနှစ်က ဗဟိုအာဖရိကနိုင်ငံ၌ ပထမဆုံး တွေ့ရှိခဲ့သည်။ ကွန်ဂိုနိုင်ငံရှိ မြစ်ငယ်တစ်စင်းအမည်ကို ပေးထားခြင်းဖြစ်သည့် အီဘိုလာရောဂါကို ကုသနိုင်သောဆေး မရှိသေးဟု ဆိုသည်။

**(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်း

# မြန်မာ-အမေရိကန် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇွန် ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမေရိကန်နိုင်ငံ Department of State Assistant Secretary for Democracy, Human Rights and Labor ဖြစ်သူ Mr. Tom Malinowski ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၉ နာရီ တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်မြထွန်းဦးတို့ တက်ရောက်ကြပြီး Mr. Tom Malinowski နှင့်အတူ The Pacific Command (PACOM)၏ Deputy Commander Lt-Gen Anthony Crutchfield၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာ ဒဲရက်မစ်ချယ်၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် စစ်သံမှူး Col Willian C. Dickeyနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ လက်ရှိဒီမိုကရေစီဖော်ဆောင်မှုနှင့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များ၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေးတည်ဆောက်နေမှုဆိုင်ရာကိစ္စရပ်များ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်မှ မြေယာစွန့်လွှတ်လွှဲပြောင်းမှုဆိုင်ရာကိစ္စရပ်များအပေါ် နှစ်ဦးနှစ်ဖက် သဘောထားအမြင်ချင်းဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့် ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**





## IDEAက မြန်မာနိုင်ငံအတွက်ဆောင်ရွက်နေသည့် သုတေသနလုပ်ငန်းများဆွေးနွေး

**နေပြည်တော် ဇွန် ၂၇**

ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီ ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား နိုင်ငံတကာအဖွဲ့အစည်း International Institute for Democracy and Electoral Assistance (IDEA)မှ Mr. Tom Cormier ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် (I-1)၌ လာရောက်တွေ့ဆုံသည်။ **(ဝဲပုံ)**

ထိုသို့တွေ့ဆုံရာတွင် IDEA က မြန်မာနိုင်ငံအတွက် ဆောင်ရွက်နေသည့် သုတေသနဆိုင်ရာ လုပ်ငန်းများ၊ IDEA ၏ နိုင်ငံတကာဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သုတေသနပြုဆောင်ရွက်နေသည့် အတွေ့အကြုံများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်ထဲရေးဝန်ကြီးဌာန၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ်ဆွေးနွေး

**နေပြည်တော် ဇွန် ၂၇**

ပြည်ထဲရေးဝန်ကြီးဌာန၏ နိုင်ငံတော် ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးမှုကို ယနေ့ နံနက်ပိုင်းတွင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဒီမိုကရေစီနိုင်ငံသစ်ထူထောင်ရေးတွင် အခြေခံအုတ်မြစ်ခိုင်မာအောင် ဆောင်ရွက်ပေးရမည့်တာဝန်နှင့် ပြည်သူတို့၏ လူမှုစီးပွားဦးစားပေး လိုအပ်ချက်များအား ဖြည့်ဆည်းရမည့်တာဝန်တို့ကို ဆောင်ရွက်နိုင်ရန် တတိယအဆင့် (Third Wave) အဖြစ် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်း စီမံခန့်ခွဲခြင်းဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အုပ်ချုပ်ရေးယန္တရား တိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှုနှင့် စပ်လျဉ်းပြီး ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ရှိသည့် သန့်ရှင်းသောအစိုးရ ဖြစ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ အချို့ဌာနများသည် သိသာစွာ တိုးတက်ပြောင်းလဲ ကောင်းမွန်လာပြီး အချို့ဌာနများတွင် ရှေးယခင် လုပ်နည်းလုပ်ဟန်များအတိုင်း ဆက်လက်လုပ်ဆောင်နေခြင်း၊ စွမ်းဆောင်မှုအရည်အချင်းကျဆင်းနေခြင်းတို့ကြောင့် အောက်ခြေအထိ ပြန်လည်ကွင်းဆင်းလေ့လာသုံးသပ်ပြီး ဝန်ထမ်းများ၏ စိတ်ဓာတ်၊ စည်းကမ်းနှင့် စွမ်းဆောင်ရည်ပြည့်ဝအောင် (Capacity Building) တည်ဆောက်ခြင်း၊ ယှဉ်ပြိုင်ကြိုးစားမှုဖြင့် ရာထူးအဆင့်တိုး၍ ချီးမြှင့်ခြင်း၊ အရေးယူသင့်သူများကို အရေးယူခြင်းတို့ဖြင့် အုပ်ချုပ်မှုယန္တရား စွမ်းဆောင်ရည်မြင့်မားတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့ကိုယ်တိုင် အရည်အသွေးမြင့်မားရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်အောင် တစ်ဖက်က ကြိုးစားရင်း တစ်ဖက်ကလည်း အောက်ခြေအဆင့်ဆင့်အပေါ် ခေါင်းဆောင်မှု ကောင်းကောင်းနှင့် ပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားရန်နှင့် စီမံခန့်ခွဲမှုအုပ်ချုပ်မှုအပိုင်း၌ အဆင့်ဆင့်စီမံခန့်ခွဲမှုပိုင်းခြား ခွဲဝေဆောင်ရွက်နိုင်ရေးသည် အုပ်ချုပ်မှုယန္တရား တိုးတက်ကောင်းမွန်ရေးအတွက် အဓိကကျပြီး မူဝါဒနှင့်ဥပဒေမူဘောင်ကို အဓိကထားစီမံ၍လုပ်ငန်းများအောင်မြင်အောင် စီမံခန့်ခွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးယန္တရား တိုးတက်ကောင်းမွန်အောင် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ရှိသည့် သန့်ရှင်းသော အစိုးရဖြစ်အောင် ဆောင်ရွက်ရန် အတွက် အောက်ခြေအထိ ကွင်းဆင်း လေ့လာသုံးသပ်ပြီး ဝန်ထမ်းများ၏ စိတ်ဓာတ်၊ စည်းကမ်းနှင့်စွမ်းဆောင်ရည်ပြည့်ဝအောင်တည်ဆောက်ခြင်း၊ ခေါင်းဆောင်မှု ကောင်းကောင်းဖြင့် ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရန် အတွက် တပ်ဖွဲ့/ ဦးစီးဌာနများက မူဝါဒနှင့် ဥပဒေဘောင်ကို အဓိကထားစီမံ၍ လက်တွေ့မြေပြင်တွင် လုပ်ငန်းများ အောင်မြင်အောင် စီမံခန့်ခွဲ လမ်းညွှန်ကြီးကြပ် စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဗဟိုချုပ်ကိုင်မှုလျှော့ချ၍ ခွဲဝေလုပ်ကိုင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်တပ်ဖွဲ့ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်း ၄၂၅ ဦး တက်ရောက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနအောက်ရှိဌာနများမှ တာဝန်ရှိသူတို့က မိမိဌာနအစုအဖွဲ့များအလိုက် သီးခြားအဖွဲ့ငယ်များခွဲ၍ တာဝန်သိမှု တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်ပတ်သက်၍ တပ်ဖွဲ့/ဦးစီးဌာနများအတွင်း ဆောင်ရွက်နေမှု အခြေအနေ၊ အားသာချက်၊အားနည်းချက်များ ဖော်ထုတ်ဆွေးနွေးခြင်း၊ အရာထမ်း၊ အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ဆောင်ရွက်ခဲ့သည့် သင်တန်းများ၊ ဆွေးနွေးပွဲများနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်များ ဖော်ထုတ်ပြီး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

လိုက်လျောညီထွေ ဖြစ်လာစေရန် ဒီဇိုင်နာများက တီထွင်ချုပ်လုပ်ကာ အဆိုပါ ရိုးရာဝတ်စုံဆန်းများကို အနုပညာရှင်များနှင့် မော်ဒယ်လ် အမျိုးသမီးများက ဖော်ထုတ်ပြသကြခြင်းဖြစ်သည်။

မျိုးဆက်သစ် မြန်မာတိုင်းရင်းသားသမီးပျိုကလေးများ၏ ရိုးရာဝတ်စုံဆန်းများအပြင် ခေတ်အလိုက် သမိုင်းတင်ကျန်ခဲ့ရမည့် ဝတ်စားဆင်ယင်မှုကို တင်ဆက်သည့် ပုဂံခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ အမရပူရခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ် စသည့်ခေတ်ခြောက်ခေတ် ဝတ်စားဆင်ယင်မှုကြေးမုံပြင်ကိုလည်းကောင်း၊ စစ်ကြိုခေတ်၊ စစ်ပြီးခေတ်ဝတ်စားဆင်ယင်မှု ပြောင်းလဲပုံသမိုင်းကို လည်းကောင်း အနုပညာရှင်များက တင်ဆက်ပြသခဲ့ကြသည်။

ထို့အပြင် မြန်မာအမျိုးသမီးတို့၏အလှတရားနှင့် ဟီရိဩတ္တပ္ပတရားတို့ဖြင့် တန်ဆာဆင်အပ်သည့် မြန်မာအမျိုးသမီး ပွဲတက်ဝတ်စုံ၊ မင်္ဂလာဆောင်သည့် အခမ်းအနား ဝတ်စုံများကို လေးစားစွာ တန်ဖိုးထားတတ်စေရန် ရည်ရွယ်ပြသခဲ့ကြသည်။

ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီရန်အောင်၊ အကယ်ဒမီရဲအောင်၊ နေဆန်း၊ ဖြိုးငွေစိုး စသည့် အမျိုးသားသရုပ်ဆောင်များ၊ အကယ်ဒမီမို့မို့မြင့်အောင်၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ စိုးမြတ်သူဇာ အစရှိသည့် ဝါရင့်သရုပ်ဆောင်များအပြင် တက်သစ်စအနုပညာရှင်၊ ဂီတသဘင်နှင့် မော်ဒယ်လှပျိုဖြူများက တေးသရုပ်ဖော်များ၊ ပညာပေး အစီအစဉ်များကို တင်ဆက်ခဲ့ကြသည်။

အဆိုပါ ဖျော်ဖြေပွဲတစ်ခုလုံးကို MRTV-4 4HD ရုပ်သံလိုင်းမှ တိုက်ရိုက်ပြသပေးခဲ့ပြီး အစီအစဉ်ဒါရိုက်တာအဖြစ် ဒါရိုက်တာ မြတ်မြတ်ဦးက တာဝန်ယူစီစဉ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်း၊ ဒေါ်မြသိင်္ဂီ၊ ဒေါ်ခင်မိမိ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြ၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်ခင်မာထွန်းနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကဒေါ်ခင်သက်ဌေး၊ ဒေါ်သင်းသင်းမြ၊ ဒေါ်ခင်အေးနွယ်နှင့်အဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့အစည်းများ၊ မြန်မာ့ယဉ်ကျေးမှုကို တန်ဖိုးထားသည့် မိဘပြည်သူများ တက်ရောက်ခဲ့ကြသည်။

ပြပွဲအပြီးတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ပြပွဲအထိမ်းအမှတ်ဂုဏ်ပြု ကျောက်စီပန်းချီကားကို ပေးအပ်ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများနှင့် အဖွဲ့ဝင်များက လက်ခံယူကြသည်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့သို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဂုဏ်ပြုဆုငွေကျပ်သိန်း ၁၀၀ ကိုပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကများနှင့် အဖွဲ့ဝင်များက လက်ခံခဲ့ကြသည်။

ထို့နောက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ဒုတိယပိုင်း အစီအစဉ်အဖြစ် D Star အငြိမ့်၊ မေမြန်မာ ပြည်ထောင်စုအငြိမ့်များဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**ဆက်လက်ပြသမည်**

မြန်မာ အမျိုးသမီးများနေ့ အထိမ်းအမှတ် "ယဉ်ကျေးစုံစွာ မျိုးမြန်မာ၊ ရိုးရာခြယ်သတိုင်းရင်းညီအစ်မ" ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ဇွန် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ညနေ ၆ နာရီမှ စတင်ကာ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ပြသသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ သိရသည်။

**(မြန်မာ့အလင်း)**

## ငွေကျပ် ၂၀၀ တန်ထီ ဇူလိုင် ၁ ရက်ဖွင့်မည်

**ရန်ကုန် ဇွန် ၂၇**

(၁၀၆)ကြိမ် ငွေကျပ် ၂၀၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ ဇူလိုင် ၁ ရက် နံနက် ၈ နာရီမှ စတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ငွေကျပ် သိန်း ၁၅၀၀ တစ်ဆု အပါအဝင် ဆုမဲပေါင်း ၂၃၄၆၃ ဆု ပေးမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ထိထိမိမိရှိစေချင်ပါသည်

**အောင်သစ္စာ(ကော်မရှင်)**

ဤဆောင်းပါးကို မူလကရေးရန်အစီအစဉ်မရှိပေမယ့် အပေါင်းအသင်းများကလည်း မေးကြ၊ မိတ်ဆွေများကလည်း ပြောကြ၊ တပည့်တပန်းများကလည်း စပ်စုကြ၊ မီဒီယာများကလည်း ရေးကြ၊ ကာတွန်းရုပ်ပြောင်များဖြင့်လည်း ဆွဲကြ၊ လုပ်ဖော်ကိုင်ဖက်များကလည်း တိုက်တွန်းကြဆိုတော့ရေးရဖို့အကြောင်းက ဖန်လာပါတယ်။ ကျွန်တော်အမှန်ကိုဝန်ခံပါမယ်။ ရုံးစာရေးတာကလွဲရင် ကျန်တဲ့စာများရေးရန် အလွန်ပျင်းပါတယ်။ မကောင်းတဲ့အကျင့်ဟုသာဆိုရပါမယ်။

"လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်ဖွဲ့စည်းပြီဆိုကတည်းက ဘာလုပ်နေလဲ"ဆိုတာ လူတိုင်းသိချင်နေကြပါတယ်။ "ဖွဲ့တော့ဖွဲ့ပေးလိုက်ပြီး ဘာမှလည်း အကြောင်းမထူး၊ ဒီလိုဆို ဘာလုပ်မှာလဲ" ဘာတစ်ခုမှလည်း အရေးယူဆောင်ရွက်တာမတွေ့ရတော့ အားမလို၊ အားမရဖြစ်နေကြပါလိမ့်မယ်။ စိတ်ထဲ မကျေနပ်ဖြစ်နေနိုင်ကြပါတယ်။ ဖြစ်သင့်ပါတယ်။ သဘာဝလည်းကျပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အဂတိလိုက်စားမှုတွေ၊ လာဘ်ပေးလာဘ်ယူမှုတွေဟာ ဌာန၊ နေရာအများစုမှာ "အလေ့အကျင့်တစ်ခု" သဖွယ်ဖြစ်ပျက်နေ၊ တွေ့ကြုံနေ၊ ခံစားနေကြရတော့ ပြည်သူတွေစိတ်ထဲအားမလိုအားမရဖြစ်နေနိုင်ကြပါတယ်။ ဒီပြဿနာဟာ နှစ်ပေါင်းများစွာ အမြစ်တွယ်လာတဲ့ ကင်ဆာရောဂါလိုဖြစ်နေပါပြီ။ ရောဂါဖြစ်ရင်ခံစားရသူအဖို့ အမြန်ပျောက်ချင်ကြ၊ စိတ်တိုမိကြ၊ ဒေါသထွက်ကြ၊ ဒါဟာ ဖြစ်တတ်တဲ့သဘာဝမို့ အပြစ်တင်လို့မရပါ။ ရောဂါကို ဘယ်လိုပျောက်အောင် ကုမည်လဲဆိုတာကိုသာ စဉ်းစား၊ ကုသကြဖို့လိုပါတယ်။ လုံးဝမပျောက်တောင် သက်သာအောင်တော့ ကြိုးစားကြရပါမယ်။

ဒါကြောင့်လည်း အဂတိလိုက်စားမှုတွေ၊ လာဘ်ပေးလာဘ်ယူမှုတွေကို ထိရောက်စွာ အရေးယူတိုက်ဖျက်နိုင်ဖို့ ပြည်ထောင်စုလွှတ်တော်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းပေးခဲ့ပါတယ်။ အဲဒီဥပဒေကို နိုင်ငံတော်သမ္မတက ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့မှာ လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့တာ အားလုံးအသိပါ။ ဒီဥပဒေဟာ ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့မှ စတင်အာဏာတည်ခဲ့ပါတယ်။ ဥပဒေအာဏာတည်ပြီးနောက် လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှာ နိုင်ငံတော်သမ္မတရုံးရဲ့ အမိန့်အမှတ် ၆/၂၀၁၄ နဲ့ ဖွဲ့စည်းပေးခဲ့ပါတယ်။ အဲဒီလို ဖွဲ့စည်းပေးပြီးနောက် လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်ရုံးကို နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အားကစားတည်းခိုရေးစခန်း (ယခုအားကစားလေ့ကျင့်ခန်းစခန်း)၊ အုပ်စု(၁)မှာ ၂၀၁၄ ခုနှစ်မတ်လ ၁၀ ရက်နေ့က စတင်ဖွင့်လှစ်ပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။

ကော်မရှင်ကို ဖွဲ့ပေးလိုက်ရုံနဲ့ကော်မရှင်ရုံးဟာ အလိုအလျောက်ဖြစ်ပေါ်မလာသလို ကော်မရှင်ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် ၁၅ ယောက်ထဲနဲ့ အလုပ်လုပ်လို့မရနိုင်ပါဘူး။ ရုံးသစ်တစ်ရုံး၊ ဌာနသစ်တစ်ခုကိုစပြီး အခြေတည်ရတဲ့အလုပ်ဟာ မလွယ်ကူပေမယ့် နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ပံ့ပိုးမှုနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ အားတက်သရောကူညီမှုတွေကြောင့် တိုတောင်းတဲ့ကာလအတွင်းမှာ လုပ်ငန်းတွေကို စတင်လည်ပတ်နိုင်ခဲ့ပါတယ်။ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုတိုက်ဖျက်တယ်ဆိုတဲ့လုပ်ငန်းဟာ ကျွမ်းကျင်မှုနဲ့အရည်အသွေးပြည့်မီတဲ့ဝန်ထမ်းတွေနဲ့ လုပ်ကိုင်မှအောင်မြင်နိုင်မှာပါ။ လက်တွေ့လုပ်ကိုင်ရာမှာ ဥပဒေကို နားလည်ရမယ်၊ လုပ်ငန်းအတွေ့အကြုံရှိဖို့လိုအပ်ပြီး ထိုက်သင့်တဲ့ ကျွမ်းကျင်မှုအရည်အသွေးလည်း ပြည့်စုံရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အချိန်တိုအတွင်း အမြန်ဆုံးအလုပ်ဖြစ်နိုင်မယ့်နည်းလမ်းကိုရှာရပါတယ်။ ဒီဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ (င)မှာ " ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့်အကူအညီများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ သင့်လျော်သည့် ပုဂ္ဂိုလ်များထံမှ ရယူဆောင်ရွက်ခြင်း" ဆိုပြီး ကော်မရှင်ရဲ့လုပ်ပိုင်ခွင့်တစ်ရပ်အနေနဲ့ ထည့်သွင်းပြဋ္ဌာန်းထားပါတယ်။ ဒီပုဒ်မအရ သက်ဆိုင်ရာဝန်ကြီးဌာနတွေဆီကနေ ရုံးလုပ်ငန်းတွေ စတင်လည်ပတ်နိုင်ဖို့ ရနိုင်မယ့်ဝန်ထမ်းအင်အား အကူအညီတွေ တောင်းခံရပါတယ်။ ရသမျှဝန်ထမ်းအင်အားနဲ့ ရုံးလုပ်ငန်းတွေကို လည်ပတ်လုပ်ကိုင်နေပြီ ဖြစ်ပါတယ်။ ဒါပေမယ့် ကိုယ့်ဌာနပိုင်ဝန်ထမ်းတော့ ခန့်နိုင်အောင်လည်း ကြိုးစားလုပ်ကိုင်နေရဆဲပါ။

လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်ကို ဖွဲ့စည်းပြီးပြီလို့ သတင်းစာမှာ ကြေညာလိုက်ကတည်းက တိုင်စာတွေစတင်ရောက်လာပါတယ်။ ကော်မရှင်အနေနဲ့ ဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ(ဎ)အရ တိုင်ကြားစာတွေကို စိစစ်ရပါတယ်။ အဲဒီလို စိစစ်တဲ့အခါ အချို့တိုင်ကြားစာတွေက လာဘ်ပေးလာဘ်ယူမှုနဲ့ မသက်ဆိုင်တာတွေတွေ့ရပြီး အချို့တိုင်ကြားစာတွေကတော့ ဥပဒေအရ တရားရုံးမှာ တရားစွဲဆိုဖြေရှင်းရမယ့်ကိစ္စတွေ ဖြစ်နေပါတယ်။ အချို့ကျတော့ ပုဂ္ဂိုလ်ရေးမုန်းတီးမှုနဲ့ အကြိမ်ကြိမ်တိုင်နေကြသလို အချို့ကလည်း ဝန်ကြီးဌာနတွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေက ဆောင်ရွက်ပေးရမယ့်ကိစ္စတွေကို ကော်မရှင်ကို ပေးပို့တိုင်ကြားကြတာတွေကို တွေ့ရပါတယ်။ အချို့ကလည်း လာဘ်ပေးလာဘ်ယူမှုလို့ အမည်တပ်ထားပေမယ့် တိုင်စာမှာပါတဲ့အကြောင်းအရာက လာဘ်ပေးလာဘ်ယူမှုနှင့်ပတ်သက်တာ ဘာတစ်ခုမှ မပါတာမျိုးလည်း တွေ့ရပါတယ်။ အချို့ကျတော့ အဂတိလိုက်စားနေပါတယ်လို့သာ စာရွက်တစ်ရွက်စာလောက် ရေးသားဖော်ပြထားပြီး ဘာအထောက်အထားသက်သေမှမပါဘဲ ယေဘုယျဆန်ဆန် ရေးသားတိုင်တန်းထားတာမျိုးလည်း တွေ့ရပါတယ်။ အချို့ကျတော့လည်း ပြင်ပမှာမိမိတို့အချင်းချင်းဖြစ်ကြတဲ့ ငွေပေးငွေယူအရှုပ်အရှင်းတွေကို တရားရုံးမှာ တရားစွဲဆိုဖြေရှင်းရမယ့်အစား ကော်မရှင်ကို အကြွေးတောင်းခိုင်းတဲ့သဘောမျိုး ရေးသားတိုင်တန်းကြပါတယ်။ အချို့ကတော့ စတိုင်စဉ်က ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်ဆိုတဲ့ အရေးအသားမျိုးနဲ့ ရေးသားတိုင်တန်းကြပြီး နောက်ပိုင်းအချင်းချင်း ဘယ်လိုညှိနှိုင်းပြေလည်အောင် လုပ်လိုက်ကြသလဲတော့မသိ၊ သူ့တိုင်စာသူ ပြန်ရုပ်သိမ်းသွားတာမျိုးလည်း တွေ့ရပါတယ်။ အချို့ဆိုရင် မိမိရဲ့အပြစ်ကို ဖုံးကွယ်ထားပြီး မိမိအပေါ် သနားလာအောင် လှည့်ပတ်ရေးသားကာ ကော်မရှင်ကို ခုတုံးလုပ်တိုင်တန်းတာတွေလည်း တွေ့ရပါတယ်။ အချို့ တိုင်စာတွေမှာ တိုင်ကြားသူရဲ့ လက်မှတ်လုံးဝမပါသလို အချို့တိုင်စာတွေမှာ တိုင်ကြားသူအမည်မပါတဲ့ ပစ်စာသဘောမျိုးလည်း တွေ့ရပါတယ်။ ဒီအချက်တွေဟာ ကော်မရှင်အနေနဲ့ ဒီကာလအတွင်းမှာ ရောက်ရှိလာတဲ့ တိုင်ကြားစာတွေကို သေသေချာချာ စိစစ်၊ စူးစမ်းလေ့လာခဲ့လို့ တွေ့ရှိရချက်တွေ ဖြစ်ပါတယ်။

**အပိုဒ် ၈ မှာ တိုင်ကြားရာမှာ ထိရောက်မှုရှိစေဖို့အတွက် အချက်အလက်ပြည့်စုံမှန်ကန်တိကျစွာ တိုင်ကြားဖို့ကို ဖော်ညွှန်းထားပါတယ်။ အချက်အလက်တွေ ပြည့်စုံမှလည်း လိုအပ်တဲ့စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ရာမှာ အထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။**

ကျွန်တော်တို့ လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်ဟာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ ပေါ်ပေါက်လာရတာဖြစ်ပြီး အဂတိလိုက်စားမှုတွေ၊ လာဘ်ပေးလာဘ်ယူမှုတွေကို ဒီဥပဒေအရသာ အကောင်အထည်ဖော်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ဥပဒေပါ ပြဋ္ဌာန်းချက်တွေကို လေးစားလိုက်နာဆောင်ရွက်ရမယ့်အဖွဲ့ဖြစ်တာကြောင့် အထူးသတိထားပြီး ဆောင်ရွက်ကြရပါတယ်။ ဥပဒေပုဒ်မ ၂၂ မှာ "ကော်မရှင်သည် အောက်ပါကိစ္စများကို စုံစမ်းစစ်ဆေးခြင်းမပြုရ-

(က) တိုင်ကြားသည့်ကိစ္စသည် ကော်မရှင်က စုံစမ်းစစ်ဆေးပြီးသော ကိစ္စဖြစ်ခြင်း၊
(ခ) တိုင်ကြားမှုတွင် အရေးကြီးသည့် သက်သေခံချက်များမပါရှိခြင်း၊
(ဂ) ထပ်မံတိုင်ကြားမှုတွင် အရေးကြီးသည့် သက်သေခံချက်အသစ် မပါရှိခြင်း၊"

လို့ဆိုထားပါတယ်။ အဲဒီပုဒ်မ ၂၂(ခ)အရဆိုရင် တိုင်ကြားစာတိုင်းမှာ အရေးကြီးတဲ့သက်သေခံချက်ပါဖို့လိုပါတယ်။ ဘာအထောက်အထားအကိုးအကားမှ မပါတဲ့ တိုင်စာတစ်စောင်အပေါ် ကော်မရှင်အနေနဲ့ စုံစမ်းစစ်ဆေးခြင်းမပြုရဘူးဆိုတဲ့ သဘောမျိုးပဲဖြစ်ပါတယ်။ နောက်တစ်ခါ မသိနားမလည်တဲ့ ပြည်သူတွေအနေနဲ့ မကျေနပ်တဲ့သူတစ်ယောက်အပေါ် ဂယနဂဏမသေချာဘဲ အလွယ်တကူတိုင်မိရင် အမှုပတ်နိုင်တဲ့ ပြဋ္ဌာန်းချက်တစ်ခုလည်းရှိပါသေးတယ်။ အဲဒီပုဒ်မက ၄၆ ပါ။ **"ပုဒ်မ ၄၄ အရ သတင်းပို့ချက် သို့မဟုတ် တိုင်တန်းချက်ပေးပို့သူသည် ခိုင်လုံသောအကြောင်းမရှိဘဲ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန်ရည်ရွယ်၍ သတင်းပေးပို့ချက်ကိုဖြစ်စေ၊ တိုင်တန်းချက်ကိုဖြစ်စေ တမင်ပြုလုပ်ကြောင်း ပေါ်ပေါက်ပါက ဤဥပဒေအရ အရေးယူခြင်းခံရမည်"လို့ ပြဋ္ဌာန်းထားပါတယ်။** ရောက်လာတဲ့ တိုင်စာတွေအပေါ် လေ့လာသုံးသပ်ကြည့်တဲ့အခါ ပြည်သူတွေအနေနဲ့ ဘယ်ကိစ္စမျိုးအတွက် ဘယ်လိုတိုင်ကြားရမယ်၊ ဘယ်နေရာကိုတိုင်ကြားရမယ်ဆိုတာ၊ ရှင်းရှင်းလင်းလင်း မသိရှိနိုင်သေးဘူးဆိုတာ သဘောပေါက်လာပါတယ်။

ဒါကြောင့် ကော်မရှင်အနေနဲ့ သတင်းထုတ်ပြန်ကြေညာချက်တစ်ရပ်ကို ၂၀၁၄ ခုနှစ် ဧပြီလ ၁၀ ရက်နဲ့ ၁၁ ရက်နေ့ထုတ် မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာတို့မှာ ထည့်သွင်းထုတ်ပြန်ပေးခဲ့ပါတယ်။ အဲဒီသတင်းထုတ်ပြန်ချက်မှာကြည့်ရင် အပိုဒ် ၁ မှာ ဥပဒေပေါ်ပေါက်လာပုံနဲ့ ဥပဒေရည်ရွယ်ချက်တို့ကို သိရှိနိုင်အောင်ဖော်ပြပေးခဲ့သလိုအပိုဒ် ၂ မှာ အဂတိလိုက်စားမှုနဲ့ လာဘ်ပေးလာဘ်ယူမှုတို့ရဲ့အဓိပ္ပာယ်ကို နားလည်သဘောပေါက်စေလိုတဲ့ ရည်ရွယ်ချက်နဲ့တင်ပြထားပါတယ်။ အပိုဒ် ၃ မှာတော့ လာဘ်ပေးလာဘ်ယူမှုများဟာ အစိုးရဌာန၊ အဖွဲ့အစည်း၊ ဝန်ထမ်းလောက တစ်ခုတည်းသာမက ကျန်တဲ့ နယ်ပယ်အသီးသီးမှာလည်း ပျံ့နှံ့ထိခိုက်စေနိုင်တယ်ဆိုတာ မြင်သာစေဖို့ မီးမောင်းထိုးပြခဲ့တာဖြစ်ပါတယ်။ နယ်ပယ်အသီးသီးမှာ လုပ်ကိုင်နေကြသူတွေထဲမှာ "စုန်းပြူး" ဆိုတာပါတတ်စမြဲမို့ သဘာဝအရှိတရားကို လက်ခံနိုင်ကြလိမ့်မယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ထည့်သွင်းဖော်ပြခဲ့တာဖြစ်ပါတယ်။

အပိုဒ် ၄ မှာတော့ အစိုးရအဖွဲ့အစည်းများအတွင်း အဂတိတရားနဲ့ လာဘ်ပေးလာဘ်ယူမှုတွေကင်းရှင်းအောင် နိုင်ငံတော်က ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာ အကျဉ်းချုံးဖော်ပြထားပါတယ်။ အပိုဒ် ၆ မှာ လာဘ်ပေးလာဘ်ယူမှုတွေကို ကော်မရှင်အနေနဲ့ ဥပဒေနဲ့အညီ ထိရောက်စွာ အရေးယူနိုင်ဖို့အတွက် ပြည်သူတွေကတိုင်ကြားရာမှာ အထောက်အထားခိုင်ခိုင်လုံလုံနဲ့ တိုင်ကြားကြဖို့သိရှိအောင် ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်ကိုကိုးကားပြီး ရှင်းပြထားတာဖြစ်ပါတယ်။ အပိုဒ် ၇ ကလည်း ပုဒ်မ ၄၆ ပါ ပြဋ္ဌာန်းချက်တွေကို နားလည်သဘောပေါက်စေလိုတဲ့ရည်ရွယ်ချက်နဲ့ ရှင်းပြထားခြင်းသာ ဖြစ်ပါတယ်။

ကော်မရှင်အနေနဲ့ ပြည်သူတွေရဲ့ခံစားချက်ကို နားလည်သဘောပေါက်တဲ့အတွက် ပြည်သူတွေရဲ့ဆန္ဒကိုဖြည့်ဆည်းပေးချင်တဲ့ စေတနာအပြည့်အဝရှိပါတယ်။ ဒါကြောင့်လည်း သတင်းထုတ်ပြန်ချက် **အပိုဒ် ၈ မှာ တိုင်ကြားရာမှာ ထိရောက်မှုရှိစေဖို့အတွက် အချက်အလက်ပြည့်စုံမှန်ကန်တိကျစွာ တိုင်ကြားဖို့ကို ဖော်ညွှန်းထားပါတယ်။ အချက်အလက်တွေ ပြည့်စုံမှလည်း လိုအပ်တဲ့ စုံစမ်းစစ်ဆေးမှုတွေပြုလုပ်ရာမှာ အထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။** ဒါ့အပြင် နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူနဲ့ဆက်သွယ်ရန်လိပ်စာအပြည့်အစုံကို ဖော်ပြခိုင်းရတာက စုံစမ်းစစ်ဆေးရမယ့်ကိစ္စဖြစ်နေရင် အမှန်တကယ်နစ်နာသူဟုတ် မဟုတ် သိရှိနိုင်ဖို့နဲ့ လိုအပ်ရင်ဆက်သွယ်ခေါ်ယူမေးမြန်းစုံစမ်းနိုင်ဖို့ဖြစ်ပါတယ်။ တချို့ကိစ္စတွေမှာ တခြားလူရဲ့နာမည် အလွဲသုံးစားလုပ်ပြီး တိုင်ကြားတတ်တဲ့အတွက် ကြိုတင်ကာကွယ်တဲ့အနေနဲ့ ဒီအချက်ကို သတ်မှတ်ပေးထားရတာဖြစ်ပါတယ်။

ပုဒ်မ ၄၆ ဟာ တိုင်ကြားမယ့်သူကို မတိုင်ကြားဝံ့အောင် ခြောက်လှန့်တဲ့သဘောမဟုတ်ပါဘူး။ ဥပဒေသဘောအရ နှစ်ဦးနှစ်ဖက်မျှမျှတတဖြစ်စေဖို့ ပြဋ္ဌာန်းသတ်မှတ်ထားခြင်းသာဖြစ်ပါတယ်။ ဒီဥပဒေထဲမှာသာ ပြဋ္ဌာန်းထားတာမဟုတ်ပါဘူး။ လက်ရှိ နှစ်ပေါင်းများစွာကျင့်သုံးခဲ့တဲ့ ရာဇသတ်ကြီးဥပဒေထဲမှာလည်း မဟုတ်မမှန်သတင်းပေးရင်၊ တိုင်ကြားရင် အရေးယူခြင်းခံရနိုင်တယ်ဆိုတာ ထည့်သွင်းပြဋ္ဌာန်းထားတာတွေ့နိုင်ပါတယ်။ ဒီသတင်းထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်ရတဲ့ရည်ရွယ်ချက်က ပြည်သူတွေရဲ့ဆန္ဒကိုဖြည့်ဆည်းပေးချင်လို့၊ ထိရောက်တဲ့တိုင်တန်းမှုတွေ ဖြစ်စေချင်လို့၊ အဂတိလိုက်စားမှုတွေကို ထိထိရောက်ရောက်တိုက်ဖျက် အရေးယူနိုင်ဖို့အတွက်ပဲဖြစ်ပါတယ်။

နောက်ထပ်သိစေချင်တဲ့ ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ကတော့ ပုဒ်မ ၂၁ ပဲဖြစ်ပါတယ်။ အဲဒီပုဒ်မမှာ-

"ကော်မရှင်သည် အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍ တရားဥပဒေအရ အရေးယူနိုင်ရန်စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းပြုနိုင်သည်-

(က) နိုင်ငံတော်သမ္မတက စုံစမ်းစစ်ဆေးတင်ပြရန် တာဝန်ပေးအပ်ခြင်း၊
(ခ) ပုဒ်မ ၄၃၊ ပုဒ်မခွဲ(ခ)အရ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူကို အရေးယူပေးရန် လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေနှင့်အညီ အဆိုတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌက စုံစမ်းစစ်ဆေးတင်ပြရန် တာဝန်ပေးအပ်ခြင်း။
(ဂ) လာဘ်ပေးလာဘ်ယူမှုကျူးလွန်သူအပေါ် ဥပဒေအရ အရေးယူပေးပါရန် နစ်နာသူက-
  (၁) ကော်မရှင်သို့တိုင်ကြားခြင်း၊
  (၂) ဤဥပဒေအရ ဖွဲ့စည်းသောလုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့်စုံစမ်းစိစစ်ရေးအဖွဲ့တစ်ခုခုသို့ တိုင်ကြားခြင်း၊
  (၃) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဆိုပါတိုင်ကြားချက်ကို ကော်မရှင်သို့ လွှဲပြောင်းပေးပို့ခြင်း။" လို့

ဆိုထားပါတယ်။ ကော်မရှင်အနေနဲ့ တိုင်ကြားစာတစ်စောင်ရောက်လာပြီဆိုရင် ဖော်ပြပါပုဒ်မ ၂၁၊ ၂၂ တို့နဲ့ ကိုက်ညီမှု ရှိ/မရှိ ဦးစွာ စိစစ်ရပါတယ်။ အဲဒီလို စိစစ်ပြီးမှ တိုင်စာပါအကြောင်းအရာတွေကို အသေးစိတ်စိစစ်လေ့လာရပါတယ်။ ဆွေးနွေးသုံးသပ်ကြပါတယ်။ ဆက်လက်စုံစမ်းစစ်ဆေးရန် သင့်မသင့် စဉ်းစားဆုံးဖြတ်ကြပါတယ်။

အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုတွေကြောင့် ထိခိုက်နစ်နာရတာဟာ ပြည်သူတွေပါ။ ပြည်သူအနေနဲ့ နေ့စဉ်ထိတွေ့ဆက်ဆံလုပ်ကိုင်နေရတဲ့ နယ်ပယ်အသီးသီးမှာမပေးရင် ဘာမှလုပ်မပေးလို့ စိတ်သောကရောက်နေတာတွေ၊ ခံပြင်းဒေါသထွက်ရတာတွေ၊ ဝမ်းနည်းပူဆွေးရတာတွေကြောင့် တိုင်တန်းကြရတာဖြစ်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

## အခြေခံအင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြောသင်တန်း သီပေါမြို့နယ်၌ ဖွင့်

**သီပေါ ဇွန် ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် မန်ဟဲကျေးရွာအုပ်စု နန့်ဟူးနွဲ့ကျောင်းတိုက် ပဓာနနာယကဆရာတော်အား အမှူးထား၍ သီပေါမြို့နယ်နှင့် ကျောက်မဲမြို့နယ် ရှမ်းစာပေနှင့်ယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပသော ဒေသခံတိုင်းရင်းသား လူငယ်မောင်မယ်များ ကမ္ဘာသုံး အင်္ဂလိပ်စာ အရေး၊ အဖတ်နှင့် စကားပြောတတ်စေရန် ရည်ရွယ်လျက် သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၄ ရက် နံနက် ၉ နာရီက ရွာဦးဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍ မြို့နယ်သံဃနာယကဆရာတော် ဘဒ္ဒန္တ မိလိန္ဒ အရှင်သူမြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ သင်တန်းဖြစ်မြောက်ရေးကော်မတီ နာယက လုံးစိုင်းဆန်စိုင်းနှင့် သီပေါမြို့နယ် ရှမ်းစာပေနှင့်ယဉ်ကျေးမှု ကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းရီကွမ်းတို့က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းတွင် လိုက်နာရမည့် ဆောင်ရန်ရှောင်ရန် စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ အဌမတန်းအထက် အဆင့်ရှိ တိုင်းရင်းသားလူငယ် မောင်မယ် ၁၅၀ ကျော် တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လခွဲကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## မကွေးပြည်သူ့ဆေးရုံကြီး၌ သမားတော်ကြီးများ မျက်စိအခမဲ့ခွဲစိတ်ကုသပေး

**ကံမ ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ကံမမြို့နယ်မှ မျက်စိခွဲစိတ်ကုသမည့် ပြည်သူများသည် မကွေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် သမားတော်ကြီးများ၏ အခမဲ့ခွဲစိတ်ကုသမှုကို ခံယူရန် ဇွန် ၂၆ ရက်နံနက် ၈ နာရီက မော်တော်ယာဉ်ဖြင့်သွားရောက်ကြသည်။ အဆိုပါ ခွဲစိတ်မည့်ပြည်သူ ၂၄ ဦးကို မြို့နယ်မှ အသွားအပြန်မော်တော်ယာဉ်စီစဉ်ပေးပြီး သရက်ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ စီထောက်ပံ့ခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(iprd)**

 လွှတ်တော်ရေးရာကဏ္ဍ

# မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုကိစ္စရပ်များနှင့်ပတ်သက်၍ဆွေးနွေး



ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်နိုင်ငံ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr.Tom Malinowski အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇွန် ၂၇**

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်နိုင်ငံ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့်အလုပ်သမားရေးရာဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr.Tom Malinowski နှင့်အဖွဲ့အား ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးငွေးဦး၊ ဦးစိုးသာ၊ ဦးလှမြင့်ဦး၊ ကော်မတီအဖွဲ့ဝင် ဒေါက်တာဝင်းမြင့်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်ထွန်း၊ ဦးခင်မောင်စိုး၊ ဒေါ်အေးအေးမူနှင့်လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန်နိုင်ငံ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာဒဲရစ်မစ်ချယ်လည်း တက်ရောက်သည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဒုစရိုက်မှုများ ကင်းစင်ပပျောက်ရေး ပြည်သူများပါဝင်က ပိုမိုအောင်မြင်မည်

**နေပြည်တော် ဇွန် ၂၇**

ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၂၀) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မူးယစ်ဆေးဝါး၊ လောင်းကစား၊ အနှိပ်ခန်းများ ပပျောက်ရေး၊ ဝန်ထမ်းအိမ်ရာ၊ သစ်တော၊ ဆည် အဆင့်မြှင့်တင်ခြင်းတို့နှင့်စပ်လျဉ်း၍ မေးခွန်း (၇)ခုမေးမြန်းဖြေကြားခဲ့သည်။

**အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၏ နိုင်ငံတော်၏ဒေသအချို့တွင် ကျူးလွန်နေကြသော မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း၊ လောင်းကစားခြင်း၊ KTV၊ အနှိပ်ခန်းများနှင့်စပ်လျဉ်းသည့်** မေးခွန်းကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မြို့နယ်အလိုက် မူးယစ်ဆေးဝါးသုံးစွဲရောင်းဝယ်ခြင်းများ၊ လောင်းကစားမှုများ၊ တရားမဝင်အနှိပ်ခန်းများ၊ စည်းကမ်းနှင့် မညီညွတ်သော ကာရာအိုကေဆိုင်များ မရှိစေရေးအတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများဖြင့် သတင်းလက်ဦးမှုရရှိရေး ဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများနှင့်ပတ်သက်၍ အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် အပတ်စဉ်ကြေး၊ လစဉ်ကြေး၊ လိုင်းကြေးများ တောင်းခံခြင်းမရှိဘဲ ဥပဒေစည်းမျဉ်း၊ စည်းကမ်းများအရအရေးယူကြပ်မတ်ဆောင်ရွက်လျက် ရှိပါကြောင်း၊



ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြေကြားစဉ်။ (သတင်းစဉ်)

ငွေကြေးရယူပြီး ဖမ်းဆီးအရေးယူခြင်းမရှိဘဲပြုလုပ်နေကြောင်း တိကျခိုင်လုံသော အထောက်အထားများဖြင့် တိုင်ကြား၍ စစ်ဆေးပေါ်ပေါက်လာပါက ပါဝင်ပတ်သက်သူ ရဲတပ်ဖွဲ့ဝင်၊ ဝန်ထမ်းများအား တည်ဆဲဥပဒေ၊ ဌာနဆိုင်ရာ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒုစရိုက်မှုများ ကင်းစင်ပပျောက်ရေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့်အတူ ပြည်သူများကပူးပေါင်းပါဝင်ဆောင်ရွက်မှသာလျှင် ပိုမိုအောင်မြင်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

ပုဗ္ဗနိုက်တောင် မဲဆန္ဒနယ်မှ ဦးအောင်ဇင်၏ **ဒီရေတောများနှင့် သန္တာကျောက်တန်းများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်မည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန်** အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က နိုင်ငံအတွင်းရှိ ဒီရေတောများအပါအဝင် သစ်တောသယံဇာတများ၊ သန္တာကျောက်တန်းများ၊ ပင်လယ်မြက်ခင်းများနှင့် သဘာဝဂေဟစနစ်များကို စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်လျက်ရှိပါကြောင်း၊ အမျိုးမျိုးကွဲပြားခြားနားစွာ တည်ရှိနေသော သစ်တောသယံဇာတများနှင့် ဂေဟစနစ်များကို ဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်းများရေးဆွဲပြီး လုပ်ငန်းအစီအစဉ်များ၊ နှစ်စဉ်လျာထားချက်ချမှတ်၍ ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည် ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

ဒီရေတောဂေဟစနစ်များသည် ကုန်းတွင်းပိုင်း ဂေဟစနစ်များနှင့် ပင်လယ်ကမ်းရိုးတန်း ဂေဟစနစ်



အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး မေးမြန်းစဉ်။ (သတင်းစဉ်)

သစ်များအကြားတွင် အစာကွန်ရက် (Food Web)နှင့် အစာကွင်းဆက် (Food Chain) အဖြစ် တည်ရှိခြင်း၊ ငါးနှင့်ပုစွန်များအပါအဝင် ကုန်းနေ၊ ရေနေသတ္တဝါများပေါက်ပွားရှင်သန်မှီခိုရာနေရာဖြစ်ခြင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်သော မုန်တိုင်းအန္တရာယ်နှင့် ဆူနာမီရေလှိုင်းများမှ ဒေသခံပြည်သူလူထုအား ကာကွယ်ပေးခြင်း၊ ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များအား ထိန်းညှိပေးနိုင်ခြင်း အစရှိသည့် ဂေဟစနစ်ဝန်ဆောင်မှုများ (Ecosystem Services) ပေးနိုင်ခြင်းကြောင့် ဝန်ကြီးဌာနအနေဖြင့် ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောအဖြစ် ဖွဲ့စည်းခြင်းနှင့် သဘာဝနယ်မြေ (Protected Area) ဖွဲ့စည်းတည်ထောင်ခြင်းများဖြင့် ထိန်းသိမ်းကာကွယ်လျက်ရှိပါကြောင်း။

ယခုအချိန်အထိ ဒီရေတောကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောပေါင်း ၁၃ ခု စုစုပေါင်းဧရိယာ ဧကရှစ်သိန်းသုံးသောင်းကိုးထောင်ကိုးရာကျော်နှင့် ဒီရေတောဂေဟစနစ်၊ သန္တာကျောက်တန်းဂေဟစနစ်နှင့် ပင်လယ်မြက်ခင်းဂေဟစနစ်များပါဝင်သော သဘာဝနယ်မြေလေးခု စုစုပေါင်းဧရိယာဧက ကိုးသောင်းခြောက်ထောင်ခုနစ်ရာကျော်တို့ဖြင့် တည်ထောင်ပြီးဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ဒီရေတောကောင်းများထိန်းသိမ်းခြင်း၊ ဒီရေတောနိမ့်နှင့် တောပျက်များကို သဘာဝနည်း၊ စိုက်ခင်းတည်ထောင်ခြင်းနည်းများဖြင့် ထိန်းသိမ်းပြုစုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဒီရေတောထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ပူးပေါင်းပြီး ဒီရေတောများဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းရေးဆွဲပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင်ရှိသည့် ဒီရေတောကြိုးဝိုင်းလေးခုကို ပျိုးဥယျာဉ်များအပါအဝင် တိုးချဲ့ပညာပေးစခန်းလေးခု တည်ဆောက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဒီရေတောများ ပြန်လည်ထူထောင်ရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိပြီး စိုက်ခင်းဧရိယာ ၂၈၅၂ ဧက စိုက်ပျိုးတည်ထောင်ခြင်း၊ မုန်တိုင်းဒဏ်ခံအဆောက်အအုံ တည်ဆောက်ခြင်း၊ ဒီရေတောအုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ရေးဆွဲခြင်း စသည့်လုပ်ငန်းစဉ်များဆောင်ရွက်လျက်ရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၊ သုံးခွမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်များ၏ မုတ္တမပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ ဒီရေတောများကို ထိန်းသိမ်းလျက်ရှိပြီး တနင်္သာရီကမ်းရိုးတန်း ဒေသတွင် တည်ရှိသည့် ဂေဟစနစ်များကို ထိန်းသိမ်းရန်အတွက် Fauna and Flora Intentional(FFI) နှင့်ပူးပေါင်း၍ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# သောက်ရေသန့်လုပ်ငန်းများ အရည်အသွေးမမီလျှင် ဖြန့်ဖြူးရောင်းချခွင့်ဆိုင်းငံ့

**နေပြည်တော် ဇွန် ၂၇**

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး(၂၀) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ အစီအစဉ် (၁၀) ခုဖြင့် ကျင်းပသည်။

မေးခွန်းများ မေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်းအစီအစဉ်တွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောမော်ထွန်း၏ **''နိုင်ငံတစ်ဝန်း သောက်ရေသန့်ဘူးများ၏ ရေအရည်အသွေးဆိုင်ရာ စဉ်ဆက်မပြတ်စစ်ဆေးမှု ပြုလုပ်ပေးနိုင်ခြင်းရှိ/မရှိ''** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က သောက်ရေသန့်ထုတ်လုပ်လိုသူသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ သောက်ရေသန့်ထုတ်လုပ်ခြင်းထောက်ခံချက်အတွက် လျှောက်ထားပါက တင်ပြလျှောက်ထားလာသော စာရွက်စာတမ်းများကို ပြည့်စုံမှန်ကန်မှုရှိ/မရှိ ပဏာမစိစစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီက သောက်ရေသန့်ထုတ်လုပ်သည့် စက်ရုံကို ကွင်းဆင်းစစ်ဆေးပါကြောင်း၊ ကွင်းဆင်းစစ်ဆေးစဉ် ထုတ်လုပ်ခွင့်ထောက်ခံချက် လျှောက်ထားစဉ်က တင်ပြထားသောအချက်အလက်များနှင့် ကိုက်ညီမှုရှိ/မရှိ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (Good Manufacturing Practice-GMP) နှင့်အညီ ဆောင်ရွက်ထားခြင်းရှိ/မရှိစစ်ဆေးပါကြောင်း၊ လုပ်ငန်းသစ်ဖြစ်ပါက ဗဟိုအဆင့်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အစားအသောက်ဌာနခွဲက



ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင် ဖြေကြားစဉ်။ (သတင်းစဉ်)

ထပ်မံကွင်းဆင်းစစ်ဆေးပါကြောင်း။

မြန်မာနိုင်ငံတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်ရရှိသော သောက်ရေသန့်လုပ်ငန်းအရေအတွက်အားဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် ၂၅၂ ခု၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၀၆ ခု၊ ပဲခူးတိုင်းဒေသကြီးတွင် ၅၁ ခု၊ မကွေးတိုင်းဒေသကြီးတွင် ၂၇ ခု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၃၃ ခု၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၁၄ ခု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၃၆ ခု၊ မွန်ပြည်နယ်တွင် ၂၆ ခု၊ ရှမ်းပြည်နယ်တွင် ၈၈ ခု၊ ကချင်ပြည်နယ်တွင် ၂၅ ခု၊ ကရင်ပြည်နယ်တွင် ၁၆ ခု၊ ကယားပြည်နယ်တွင် လေးခု၊ ချင်းပြည်နယ်တွင်တစ်ခု၊ ရခိုင်ပြည်နယ်တွင် ၁၃ ခုနှင့် နေပြည်တော်ကောင်စီနယ်မြေတွင် ၂၇ ခု စုစုပေါင်း ၇၁၉ ခုရှိပါကြောင်း။

ထောက်ခံချက်ရရှိပြီး သောက်ရေသန့်လုပ်ငန်းများအား လေးလတစ်ကြိမ် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိ/မရှိ ပေးပို့စစ်ဆေးစေခြင်းအပြင် ဈေးကွက်ရှိ သောက်ရေသန့်ဘူးများ၏ အရည်အသွေးကို ဈေးကွက်ထောက်လှမ်း



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

စောင့်ကြည့်ခြင်း(Market Surveillance) အစီအစဉ်ဖြင့် ကျပန်းနမူနာများ ကောက်ယူစစ်ဆေးခြင်းများ ပုံမှန်ဆောင်ရွက်လျက်ရှိပါကြောင်း။

တင်ပြ လျှောက်ထားသည့် သောက်ရေသန့် လုပ်ငန်းများနှင့် ထောက်ခံချက်ရရှိပြီး သက်တမ်းရှိ သောက်ရေသန့်လုပ်ငန်းများ ဈေးကွက်နမူနာ စစ်ဆေးချက်အရ သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိလျှင်သော်လည်းကောင်း၊ အရည်အသွေးပြည့်မီမှုမရှိလျှင်သော်လည်းကောင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချခွင့်ကို ဆိုင်းငံ့ခြင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်မှတစ်ဆင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းကို တားမြစ်စေခြင်း၊ လုပ်ငန်းသတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ပြီးကိုက်ညီမှုရှိမှသာ ပြန်လည်ထုတ်လုပ်ဖြန့်ဖြူး ရောင်းချစေခြင်းဖြင့် ကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါ

*စာမျက်နှာ ၁၀ ကော်လံ ၅ သို့*

ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ရောက်ရှိ



**ပေကျင်း ဇွန် ၂၇**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ရောက်ရှိကြရာ တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Liu Zhenmin နှင့် ဇနီး၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများက ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ရောက်ရှိ**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတဦးထင်ကျော်အား ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်ဟောင်း မစ္စတာ ဝါတာနာဘေး ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့် ဗိုလ်ချုပ်မြထွန်းဦးတို့ တက်ရောက်ကြပြီး ဂျပန်နိုင်ငံ အထက်လွှတ်တော် အမတ်ဟောင်း မစ္စတာဝါတာနာဘေးနှင့်အတူ ဂျပန်-မြန်မာချစ်ကြည်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ ယာယီဥက္ကဋ္ဌနှင့် ဂျပန် အောက်လွှတ်တော် အမတ်ဟောင်း မစ္စတာ ယိုရှိတို့ဆန်းဂိုးကု၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Higuchi နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်နှစ်ရပ်အကြား ဘာသာစကားသင်တန်းများ အပြန်အလှန်စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များ၊ ချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ကျင်းပရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး တိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

○ *ကျောဖုံးမှ*

စစ်ဆေးပြီး ဂုဏ်ပြုခံစင်မြင့်မှနေ၍ ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုမှုကို ခံယူကြသည်။

ထို့အတူ ပေကျင်းမြို့ပေါ်ရှိ ကွမ်မိန်မူလတန်းကျောင်းမှ ထူးချွန်ကျောင်းသား ကျောင်းသူများကလည်း စုပေါင်းကကွက်ဖြင့် ကြိုဆိုခဲ့ကြသည်။

အဆိုပါဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးလှထွန်း၊ ဦးကျော်ဆန်း၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ဒေါက်တာမြင့်အောင်၊ ဦးဝင်းရှိန်နှင့် ဒေါက်တာ ကံဇော်၊ ဒုတိယဝန်ကြီးများနှင့် တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်းတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ

## ကျောက်စိမ်းအတွဲပေါင်း ၇၁၆၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချပေးမည်

**နေပြည်တော် ဇွန် ၂၇**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် (၅၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပခဲ့သည်။

မြန်မာ့ကျောက်မျက်ရတနာပြတိုက်ရှိ ရတနာဈေးအထပ်တွင် ဈေးပြိုင်စနစ်ဖြင့် အတွဲပေါင်း ၃၀ ကို ရောင်းချပြီး တင်ဒါအတွဲစုစုပေါင်း ၃၄၂ တွဲကို တင်ပြထားရာ စိတ်ကြိုက်ဝယ်ယူသည့် အတွဲပေါင်း ၃၁၉ တွဲကို ရောင်းချခဲ့သည်။

ဆက်လက်၍ ကျောက်မျက်အတွဲတင်ဒါ စုစုပေါင်း ၂၇၁ တွဲမှ ၇၉ တွဲကို ရောင်းချပေးခဲ့ပြီး ဈေးပြိုင်လေလံစနစ်တွင် တင်ပြထားသည့် ကျောက်မျက်အတွဲ စုစုပေါင်း ၄၃၆ တွဲမှ ၁၂၆ တွဲကို ရောင်းချပေးခဲ့သည်။ ဇွန် ၂၈ ရက်မှ ဇူလိုင် ၃ ရက်အထိ ကျောက်စိမ်းအတွဲပေါင်း ၇၁၆၀ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး (၅၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကို ဇွန် ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ကူညီဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၇**

ထိုင်းနိုင်ငံအတွင်းရှိ အထောက်အထားရှိ၊ အထောက်အထားမဲ့ နိုင်ငံခြားသား ရွှေ့ပြောင်းအလုပ်သမားများကို ဖမ်းဆီးပြီး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်ပို့ဆောင်လျက်ရှိကြောင်း သတင်းများအရ သတင်းအရင်းအမြစ် ပကတိအခြေအနေမှန်များကို သိရှိနိုင်ရေးအတွက် မြန်မာ့သတင်းစဉ်သတင်းအဖွဲ့က နိုင်ငံခြားရေးဝန်ကြီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစိန်ဦးနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သမျှကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။

**မေး။ ။ ထိုင်းနိုင်ငံမှာ နိုင်ငံခြားသားရွှေ့ပြောင်းလုပ်သားတွေကို ရှာဖွေဖမ်းဆီးပြီး နေရပ်ပြန်လည်ပို့ဆောင်နေတယ်ဆိုတဲ့ သတင်းက ဘယ်နှလပိုင်းလောက်မှာ ဘယ်လိုစတင်ခဲ့တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ လက်ရှိထိုင်းနိုင်ငံအစိုးရအနေနဲ့ ဒီမေလနောက်ဆုံးပတ် ထိုင်း-ကမ္ဘောဒီးယားနယ်စပ်မှာရှိတဲ့ လက်နက်မှောင်ခိုတွေကို စတင်ဖမ်းဆီးရမိခဲ့တာတွေနဲ့ပတ်သက်ပြီး ထိုင်းနိုင်ငံ မဲဆောက်၊ ချင်းမိုင်မြို့တွေမှာ လက်နက်၊ မူးယစ်ဆေးဝါး ရောင်းဝယ်သူတွေနဲ့ ဆက်နွယ်သူတွေကို ဇွန် ၁ ရက်ကစပြီး ရှာဖွေဖမ်းဆီးမှုတွေ ပြုလုပ်ခဲ့တာကနေ စတင်ခဲ့ပါတယ်။

**မေး။ ။ ဖြစ်ပေါ်ခဲ့တဲ့၊ ဖြစ်ပေါ်နေတဲ့သတင်းတွေအရ ထိုင်းနိုင်ငံအစိုးရကို မြန်မာဘက်က ဘယ်လိုဆက်သွယ်ဆောင်ရွက်ခဲ့ပါသလဲ။**

ဖြေ။ ။ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်က ဇွန် ၆ ရက်မှာ National Council for Peace and Order (NCPO) က ဒုတိယဥက္ကဋ္ဌ General Tanasak Patimapragorn နဲ့ တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ပြီး ဇွန် ၁၄ ရက်မှာ NCPO က အလုပ်သမားကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ General Sirichai Disthakul နဲ့လည်း တွေ့ဆုံညှိနှိုင်းခဲ့ပါတယ်။

**မေး။ ။ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေအတွက် မြန်မာသံရုံးရဲ့ ဆောင်ရွက်ခဲ့မှုတွေကို ပြောပြပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ။ ။ ဇွန် ၁ ရက်ကနေ ၄ ရက်အထိ မဲဆောက်မြို့ သောင်ရင်းမြစ်ကမ်းဘေးမှာရှိတဲ့ ကျူးကျော်တဲတွေကို ဖျက်သိမ်းပြီး အဲဒီကျူးကျော်တဲတွေမှာ နေထိုင်ခဲ့သူ ၂၆၅ ဦးကို ဖမ်းဆီးစစ်ဆေးခဲ့တဲ့နေရာမှာ အထောက်အထားမဲ့ တရားမဝင်နေထိုင်သူ ၁၀၃ ဦးကို မြန်မာဘက်ကမ်း ဂိတ်အမှတ် ၁၀ ကို ပို့ဆောင်ခဲ့ပါတယ်။ ဇွန် ၁၀ ရက်ကနေ ၁၂ ရက်အတွင်းမှာ လည်း ချင်းမိုင်မြို့ ဖမ်းဆီးမှုတွေမှာ မြန်မာနိုင်ငံသား ၃၀ ပါဝင်ခဲ့ပါတယ်။ ဒါပေမယ့် မြန်မာသံအမတ်ကြီးနဲ့ NCPO ဒုတိယဥက္ကဋ္ဌ၊ NCPO အလုပ်သမား ကြီးကြပ်ရေးဥက္ကဋ္ဌတွေရဲ့ ဆွေးနွေးညှိနှိုင်းချက်တွေအရ ဇွန် ၁၅ ရက်မှာ အားလုံးကို ပြန်လွှတ်ပေးခဲ့ပါတယ်။



**ဦးစိန်ဦး**
**နိုင်ငံခြားရေးဝန်ကြီးဌာန**
**ခေတ္တညွှန်ကြားရေးမှူးချုပ်**

**မေး။ ။ နိုင်ငံတော်အစိုးရအနေနဲ့ ထိုင်းနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေအတွက် ဘယ်လိုကူညီ ဆောင်ရွက်ပေးထားပါသလဲ။**

ဖြေ။ ။ထိုင်းနိုင်ငံရောက် အထောက်အထားမဲ့တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမားတွေကို တရားဝင်အလုပ်သမားဖြစ်ဖို့အတွက် မြန်မာနိုင်ငံကူးလက်မှတ်တွေကို ပြည်ထဲရေးဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာနနဲ့ အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းပြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့၊ မယ်ဆိုင်မြို့၊ မဲဆောက်မြို့နဲ့ ရနောင်းမြို့တွေမှာ အဖွဲ့လေးဖွဲ့ခဲ့ပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။ ။ ထိုင်းနိုင်ငံအတွင်းမှာ အထောက်အထားရှိ၊ အထောက်အထားမဲ့ အလုပ်သမားတွေအနေနဲ့ အခက်အခဲတစ်စုံတစ်ရာ ကြုံတွေ့နေမယ်ဆိုရင် ဘယ်နေရာတွေကို ဘယ်လိုဆက်သွယ်ရမလဲ။**

ဖြေ။ ။ ထိုင်းနိုင်ငံအတွင်းမှာရှိတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေအနေနဲ့ အခက်အခဲတစ်စုံတစ်ရာ ကြုံတွေ့နေရတယ်ဆိုရင် မြန်မာသံရုံးဖုန်းနံပါတ်တွေဖြစ်တဲ့(၆၆၂) ၂၃၃၂၂၃၇၊ ၂၃၄၄၆၉၈၊ ၂၃၄၄၇၈၉၊၂၃၇၇၇၆၄ တို့ကို ဆက်သွယ်နိုင်ပြီး မြန်မာအလုပ်သမားသံအရာရှိ ဖုန်းနံပါတ်တွေဖြစ်တဲ့ (၆၆၂)၀၈၆-၇၇၄၆၈၂၅၊ ၀၈၃-၉၈၁၂၁၇၅ စတဲ့ ဖုန်းနံပါတ်တွေကို ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါတယ်။

ဟုတ်ကဲ့ အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**(မြန်မာ့သတင်းစဉ် သတင်းအဖွဲ့)**

ပြည်တွင်းသတင်း

# မြန်မာ-တရုတ် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေပြုရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူချင်းဆက်ဆံမှုတိုးမြှင့်ရေး ဆွေးနွေး

**ပေကျင်း ဇွန် ၂၇**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် ဥက္ကဋ္ဌ မစ္စတာကျန်တဲကျန်းအား ယနေ့ ညနေ ၄ နာရီက ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး ဧည့်ခန်းမ၌တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံ နိုင်ငံရေး၊ စီးပွားရေးနှင့်ဥပဒေပြုရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံပြည်သူချင်းဆက်ဆံမှုတိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**





# မြန်မာ-တရုတ်နှစ်နိုင်ငံ လက်မှတ်ရေးထိုးပွဲကျင်းပ

**ပေကျင်း ဇွန် ၂၇**

မြန်မာ-တရုတ်နှစ်နိုင်ငံသဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး Hebei Room ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် နှစ်နိုင်ငံခေါင်းဆောင်များရှေ့မှောက်၌ မြန်မာ-တရုတ် ယဉ်ကျေးမှုစင်တာ ထူထောင်မှုဆိုင်ရာ နားလည်မှုသဘောတူညီချက်၊ ယဉ်ကျေးမှုအမွေအနှစ်များ အဆင့်မြှင့်တင်ထိန်းသိမ်းရေးနှင့် ပူးပေါင်းရှာဖွေဖော်ထုတ်ရေးဆိုင်ရာ သဘောတူညီချက်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရမှ အထွေထွေရောဂါကုဆေးရုံ စီမံချက်အတွက် ဖြစ်နိုင်စွမ်း လေ့လာမှုအစီရင်ခံစာနှင့် နည်းပညာတက္ကသိုလ်(ရတနာပုံ) Cyber City ဆက်သွယ်ရေး ကွန်ရက်အတွက် လိုအပ်သော ဆက်သွယ်ရေးကွန်ရက်ပစ္စည်းများ အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာတို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်တို့က သက်ဆိုင်ရာဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတသည် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး West Hall ၌ ကျင်းပသည့် တရုတ်နိုင်ငံသမ္မတ၏ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲသို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

ရှေ့ဖုံးမှ

## ကမ္ဘာတစ်ဝန်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့အတွက် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ် အစွန့်ရှည်တည်တံ့စေရန် မိမိတို့အတူတကွကြိုးပမ်းအားထုတ်သွားကြရမည်

**အဆွေတော်မစ္စတာ ရှီကျင့်ဖျင်**
**တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ**

**ပေကျင်း**

မြန်မာ၊ တရုတ်နှင့် အိန္ဒိယနိုင်ငံများအကြား ပူးတွဲကြေညာခဲ့သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ် နှစ်(၆၀) ပြည့်အခါသမယတွင် အဆွေတော်သမ္မတကြီးအား လှိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ပြုဆုမွန်ကောင်းပို့သအပ်ပါသည်။

ယခုကဲ့သို့ လွန်စွာအရေးပါသည့် အထိမ်းအမှတ်အခမ်းအနားမှတစ်ဆင့် မိမိတို့ သုံးနိုင်ငံကြား အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တစ်စထက်တစ်စ တိုးပွားလာမည်ဟု ကျွန်တော့်အနေဖြင့် အပြည့်အဝယုံကြည်ပါသည်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်မှာ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုကို အခြားတစ်နိုင်ငံက အပြန်အလှန် လေးစားလိုက်နာရေး၊ နိုင်ငံအချင်းချင်း အပြန်အလှန်မကျူးကျော်ရေး၊ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားနိုင်ငံတစ်နိုင်ငံမှ ဝင်ရောက်စွက်ဖက်ခြင်းမပြုရေး၊ သာတူညီမျှရှိခြင်း၊ နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးဖြစ်ထွန်းရေးနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးစသည့် နိုင်ငံတကာဆက်ဆံရေး၏ အခြေခံစံနှုန်းများ ထင်ဟပ်နေတဲ့အတွက် ဒေသတွင်းသာမက ကမ္ဘာတစ်ဝန်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့အတွက် အဆိုပါ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ် အစွန့်ရှည် တည်တံ့စေရန် မိမိတို့အနေဖြင့် အတူတကွ ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ပါသည်။

ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်သည် အာရှနိုင်ငံများနှင့် အခြားဖွံ့ဖြိုးဆဲနိုင်ငံများ၏ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းအားထုတ်မှုများနှင့် ကုလသမဂ္ဂပဋိညာဉ်ပါအခြေခံမူများနှင့် ရည်ရွယ်ချက်များ၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသမိုင်းကြောင်း ဦးတည်ချက်နှင့် လူသားအားလုံး၏ ဘုံအကျိုးစီးပွားကို ထင်ဟပ်လျက်ရှိပါသည်။ အဆိုပါ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်မှာ နှစ်ပေါင်း ၆၀ ကျော်ကာလအတွင်း နိုင်ငံတကာအလှည့်အပြောင်းများနှင့်ရင်ဆိုင်ခဲ့ရသော်လည်း နိုင်ငံအချင်းချင်းဆက်ဆံရေးတွင် အခြေခံစံနှုန်းများအဖြစ် နိုင်ငံတကာအသိုက်အဝန်းမှ ကျယ်ပြန့်စွာ လက်ခံကျင့်သုံးလျက်ရှိသကဲ့သို့ လူ့ဘောင်လောက ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရေးကြီးသည့်အခန်းကဏ္ဍမှ အဓိကပါဝင်အားဖြည့်ပေးလျက်ရှိပါသည်။

အင်အားကြီးနိုင်ငံအများအပြား အပြိုင်အဆိုင်ပေါ်ပေါက်လာသည့် ဗဟုမဏ္ဍိုင်ပြုကမ္ဘာကြီးတွင် စီးပွားရေးဆိုင်ရာ ကမ္ဘာတစ်ဝန်းဆက်စပ်ဖြစ်ပေါ်လာမှုကြောင့် နိုင်ငံများအနေဖြင့် အချင်းချင်း အပြန်အလှန်ဆက်နွယ် အမှီသဟဲပြု၍ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်ဦးနှစ်ဖက်အကျိုးရှိမည့် ပူးပေါင်းဆောင်ရွက်မှုများကို အလေးပေးလုပ်ဆောင်လျက်ရှိကြပါသည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းကောင်းနိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို အခြေခံသည့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် မိမိတို့နှစ်နိုင်ငံကြား ကာလရှည်ကြာစွာတည်ရှိခဲ့သည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးနှင့်ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသည် ကဏ္ဍသစ်တစ်ရပ်သို့ အဆင့်တိုးမြှင့်နိုင်မည်ဟု ခိုင်မြဲစွာ ယုံကြည်မိပါသည်။

အဆွေတော်ကျန်းမာရွှင်လန်းစွာဖြင့် အောင်မြင်မှုများရရှိပါစေကြောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆက်လက်သာယာဝပြောပြီး ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သိန်းစိန်**
**သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ကာလရှည်ကြာစွာရှိခဲ့သည့် ခင်မင်ရင်းနှီးသည့်ဆက်ဆံရေး လာမည့်နှစ်များတွင် ပိုမိုခိုင်မာလာပြီး ကဏ္ဍသစ်တစ်ရပ်ကို အဆင့်တိုးမြှင့်နိုင်မည်ဟု ယုံကြည်

**အဆွေတော် မစ္စတာ ပရာနာဗ် မူခါဂျီး**
**အိန္ဒိယသမ္မတနိုင်ငံသမ္မတ**

**နယူးဒေလီ**

မြန်မာ၊ အိန္ဒိယနှင့် တရုတ်နိုင်ငံများအကြား ပူးတွဲကြေညာခဲ့သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅) ရပ် နှစ်(၆၀)ပြည့် အခါသမယတွင် အဆွေတော်သမ္မတကြီးအား လှိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ပြုဆုမွန်ကောင်း ပို့သအပ်ပါသည်။

ယခုကဲ့သို့ လွန်စွာအရေးပါသည့် အထိမ်းအမှတ်အခမ်းအနားမှတစ်ဆင့် မိမိတို့ သုံးနိုင်ငံကြား အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တစ်စထက်တစ်စတိုးပွားလာမည်ဟု ကျွန်တော့်အနေဖြင့် အပြည့်အဝယုံကြည်ပါသည်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်မှာတစ်နိုင်ငံ၏အချုပ်အခြာအာဏာနှင့်နယ်မြေပိုင်ဆိုင်မှုကို အခြားတစ်နိုင်ငံက အပြန်အလှန် လေးစားလိုက်နာရေး၊ နိုင်ငံအချင်းချင်း အပြန်အလှန်မကျူးကျော်ရေး၊ နိုင်ငံတစ်နိုင်ငံ၏ပြည်တွင်းရေးကို အခြားနိုင်ငံတစ်နိုင်ငံမှ ဝင်ရောက်စွက်ဖက်ခြင်းမပြုရေး၊ သာတူညီမျှရှိခြင်း၊ နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးဖြစ်ထွန်းရေးနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးစသည့်နိုင်ငံတကာဆက်ဆံရေး၏အခြေခံစံနှုန်းများ ထင်ဟပ်နေသည့်အတွက် ဒေသတွင်းသာမက ကမ္ဘာတစ်ဝန်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့အတွက် အဆိုပါ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ် အစွန့်ရှည်တည်တံ့စေရန် မိမိတို့အနေဖြင့် အတူတကွကြိုးပမ်းအားထုတ်သွားရမည်ဖြစ်ပါသည်။

ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်သည် အာရှနိုင်ငံများနှင့် အခြားဖွံ့ဖြိုးဆဲနိုင်ငံများ၏ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းအားထုတ်မှုများနှင့် ကုလသမဂ္ဂပဋိညာဉ်ပါ အခြေခံမူများနှင့် ရည်ရွယ်ချက်များ၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး သမိုင်းကြောင်းဦးတည်ချက်နှင့် လူသားအားလုံး၏ ဘုံအကျိုးစီးပွားကို ထင်ဟပ်လျက်ရှိပါသည်။ အဆိုပါ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅) ရပ်မှာ နှစ်ပေါင်း ၆၀ ကျော်ကာလအတွင်း နိုင်ငံတကာအလှည့်အပြောင်းများနှင့် ရင်ဆိုင်ခဲ့ရသော်လည်း နိုင်ငံအချင်းချင်းဆက်ဆံရေးတွင် အခြေခံစံနှုန်းများအဖြစ် နိုင်ငံတကာအသိုက်အဝန်းမှ ကျယ်ပြန့်စွာ လက်ခံကျင့်သုံးလျက်ရှိသကဲ့သို့ လူ့ဘောင်လောက ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရေးကြီးသည့် အခန်းကဏ္ဍမှ အဓိက ပါဝင်အားဖြည့်ပေးလျက်ရှိပါသည်။

အင်အားကြီးနိုင်ငံအများအပြား အပြိုင်အဆိုင်ပေါ်ပေါက်လာသည့် ဗဟုမဏ္ဍိုင်ပြုကမ္ဘာကြီးတွင် စီးပွားရေးဆိုင်ရာ ကမ္ဘာတစ်ဝန်းဆက်စပ်ဖြစ်ပေါ်လာမှုကြောင့် နိုင်ငံများအနေဖြင့် အချင်းချင်းအပြန်အလှန်ဆက်နွယ် အမှီသဟဲပြု၍ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်ဦးနှစ်ဖက်အကျိုးရှိမည့် ပူးပေါင်းဆောင်ရွက်မှုများကို အလေးပေးလုပ်ဆောင်လျက်ရှိကြပါသည်။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းကောင်းနိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကိုအခြေခံသည့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ကာလရှည်ကြာစွာရှိခဲ့သည့် ခင်မင်ရင်းနှီးသည့်ဆက်ဆံရေးသည် လာမည့်နှစ်များတွင် ပိုမိုခိုင်မာလာပြီး ကဏ္ဍသစ်တစ်ရပ်ကို အဆင့်တိုးမြှင့်နိုင်မည်ဟု ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းစွာဖြင့် အောင်မြင်မှုများရရှိပါစေကြောင်းနှင့်အိန္ဒိယသမ္မတနိုင်ငံ ဆက်လက်သာယာဝပြောပြီး ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သိန်းစိန်**
**သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

ပြည်တွင်းသတင်း

# ၂၀၁၄ ခုနှစ်၊ ၁၃၇၅-ခုနှစ်၊ ပထမပြန်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ၂၀၁၄ ခုနှစ်အတွက် ကျင်းပပြီးစီးခဲ့သော ပထမပြန်စာမေးပွဲတွင် သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များ၊ လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုခဲ့ကြရာ ပထမကြီးတန်းတွင် ၁၂၇၁ ဦး၊ ပထမလတ်တန်းတွင် ၂၁၃၃ ဦး၊ ပထမငယ်တန်းတွင် ၃၄၂၅ ဦး အောင်မြင်ခဲ့သည်။

၂၀၁၄ ခုနှစ် ပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအနက် အတန်းအသီးသီး၌ ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင်(ပထမ) ရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ကြသည်-

**ပထမကြီးတန်း**

| | |
|---|---|
| (၁) ပထမ (ပထမကျော်ဘွဲ့ရ) | ခုံအမှတ်-စက/၁၀၉၊ အရှင်ကဝိနန္ဒာလင်္ကာရ၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| (၂) ဒုတိယ | ခုံအမှတ်-မဟမ/၄၈၊ အရှင်သောပါက ဓမ္မဝိနယရုံသီကျောင်း၊ မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေ၊ မန္တလေးတိုင်းဒေသကြီး။ |
| (၃) တတိယ | ခုံအမှတ်-စိန်/၁၉၊ အရှင်ဝိလာသာဇညာလင်္ကာရ၊ ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| (၁) သီလရှင် ပထမ | ခုံအမှတ် အမဇ/၂၄၀၊ မနန္ဒထေရီ၊ ဓမ္မဝိဟာရီသီလရှင်စာသင်တိုက်၊ အောင်မြေသာစံ၊ မန္တလေးတိုင်းဒေသကြီး။ |

**ပထမလတ်တန်း**

| | |
|---|---|
| (၁) ပထမ | ခုံအမှတ်-မဟမ/၂၃၄၊ ဉူးဝါယာမာလင်္ကာရ၊ စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မဟာအောင်မြေ၊ မန္တလေးတိုင်းဒေသကြီး။ |
| (၂) ဒုတိယ | ခုံအမှတ်-မဟမ/ ၁၀၊ ရှင်ပဝရ၊ ဓမ္မဂါရဝကျောင်း၊ မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေ၊ မန္တလေးတိုင်းဒေသကြီး။ |
| (၃) တတိယ | ခုံအမှတ်-စက/၁၂၅၊ ဦးပညာသာမိလင်္ကာရ၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| (၁) သီလရှင် ပထမ | ခုံအမှတ်-မြစ်/၅၆၊ မကမလညာဏီ၊ သမိဒ္ဓေါဒယသီလရှင်ကျောင်း၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။ |

**ပထမငယ်တန်း**

| | |
|---|---|
| (၁) ပထမ | ခုံအမှတ်-မုံ/၂၁၄၊ အရှင်ကုန္ဒကိတ္တိ၊ အုတ်ကန်တောရစာသင်တိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| (၂) ဒုတိယ | ခုံအမှတ်-တက/၃၀၇၊ ရှင်ခေမာစာရ၊ သိမ်တောင်ပရိယတ္တိစာသင်တိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။ |
| (၃) တတိယ | ခုံအမှတ်-ကွေး/ ၂၆၊ ဦးဆန္ဒာဓိက၊ ရတနာသိဒ္ဓိကျောင်း၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။ |
| (၁) သီလရှင် ပထမ | ခုံအမှတ်-စက/၇၅၂၊ မသုမနစာရီ၊ သကျဓိတာချောင်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |

၂၀၁၄ခုနှစ် ပထမပြန်စာမေးပွဲအောင်စာရင်းများကို တိုင်းဒေသကြီး၊ ပြည်နယ် သံဃနာယကအဖွဲ့များ၌လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်သာသနာရေးမှူးရုံးများ၌လည်းကောင်း၊ သက်ဆိုင်ရာစာဖြေဌာနရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများနှင့် မြို့နယ်သာသနာရေးမှူးရုံးများ၌ လည်းကောင်း ကြည့်ရှုနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမျိုးသားစာပေဆုချီးမြှင့်ရာတွင် ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် စာရေးသူများ၊ စာပေထုတ်ဝေ/ဖြန့်ချိသူများနှင့် စာဖတ်ပရိသတ်များသို့ မေတ္တာရပ်ခံချက်

နိုင်ငံတော်အစိုးရသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သော အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို ဖွဲ့စည်းကာ ပြက္ခဒိန်နှစ် တစ်နှစ်အတွင်း ထုတ်ဝေသောစာအုပ်များကို ဘာသာရပ် (၁၆)မျိုးခွဲခြား၍ နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိသည်။

နိုင်ငံတော်အဆင့်စာပေဆုဖြစ်သည့် အမျိုးသားစာပေဆုအတွက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို ပိုမိုမျှတမှုရှိစေရန် လက်ရှိနိုင်ငံ့ဝန်ထမ်းများ ပါဝင်ခြင်းမရှိဘဲ လွတ်လပ်သော စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့်သာ ပါဝင်ဖွဲ့စည်းထားသည်။ ရွေးချယ်ရာတွင်လည်း ဆုရသင့်ရထိုက်သည့် စာအုပ်များ ရရှိစေရေးအတွက် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့် ဟူ၍ အဆင့်သုံးဆင့် ပိုင်းခြားစိစစ်ရွေးချယ်လျက်ရှိသည်။

ယခုအခါ ထုတ်ပြန်ပြီးဖြစ်သည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ အဖိုးအခလွတ်ပေးပို့ရမည့် စာအုပ်စာရင်းတွင် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအတွက် မပါရှိတော့ပါ။ သို့ဖြစ်၍ ၂၀၁၄ ခုနှစ်အတွင်း မိမိတို့ရေးသားခဲ့သော ပထမအကြိမ်ထုတ်စာအုပ်များကို အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ စာအုပ်လေးအုပ်စီပေးပို့နိုင်ရေး ၂၀၁၄ ခုနှစ် မေလ ၃၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

သို့ရာတွင် စာအုပ်ရရှိရေးအစီအမံ ပိုမိုပြည့်စုံစေရန်နှင့် စာရေးဆရာများအခွင့်အရေးဆုံးရှုံးမှုမရှိစေရန်တို့အတွက် စာပေထုတ်ဝေ/ဖြန့်ချိသူများနှင့် စာဖတ်ပရိသတ်တစ်ဦးချင်းတို့က အမျိုးသားစာပေဆုတွင် ထည့်သွင်းစဉ်းစားသင့်သည့် စာအုပ်များကိုဖြစ်စေ၊ စာအုပ်စာရင်းကိုဖြစ်စေ အကြံပြုချက်များပေးပို့လိုပါက ပေးပို့နိုင်ပါရန် ထပ်မံဖြည့်စွက် ဖိတ်ခေါ်ထားသည်။

အမျိုးသားစာပေဆုအတွက် ထည့်သွင်းစဉ်းစားသင့်ကြောင်း အကြံပြုလိုသည့် အဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်သည် စာအုပ်အမည်၊ စာရေးသူ၊ ထုတ်ဝေသည့် စာအုပ်တိုက်၊ ထုတ်ဝေသည့်ခုနှစ်တို့ကို ဖော်ပြ၍ အောက်ဖော်ပြပါလိပ်စာအတိုင်း (၂၈-၂-၂၀၁၅)ရက် နောက်ဆုံးထားပေးပို့နိုင်သည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ၊ စာပေဗိမာန်၊ အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့ ဖုန်း ၀၁-၃၈၇၇၂၄ နှင့် ၀၁-၃၈၁၄၄၉၊ စာတိုက်မှ ပေးပို့သူများအနေဖြင့် မှတ်ပုံတင်ပြုလုပ်၍ ပေးပို့ရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

*အမျိုးသားလွှတ်တော်မှ*

ကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ဥပဒေကြမ်းကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **"အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"** ကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၀၁၄ ခုနှစ် ဇူလိုင် ၂ ရက်ထက်နောက်မကျဘဲ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားပြီးပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ် ဇွန် ၃၀ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ယနေ့မိုးလေဝသ

၂၈-၆-၂၀၁၄

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေအားကောင်းနေသည်။

**နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** အများအားဖြင့် မုတ်သုံလေအားကောင်းနေမည်။



ပြည်တွင်းသတင်းနှင့်ကြော်ငြာ

*စာမျက်နှာ ၆ မှ*

အမှန်တကယ်နစ်နာလို့ တိုင်တန်းသူတွေအတွက် လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်က ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီလိုအရေးယူဆောင်ရွက်ပေးနိုင်ဖို့အတွက် အထောက်အထား အချက်အလက် ပြည့်ပြည့်စုံစုံနဲ့ သတ်မှတ်ချက်အတိုင်း ပေးပို့တိုင်တန်းကြဖို့ မေတ္တာရပ်ခံလိုပါတယ်။

အမှန်တကယ်နစ်နာလို့ အဖြစ်မှန်မို့ တိုင်တန်းကြတာရှိသလို တချို့ကလည်းကြားပွဲစားလုပ်ပြီး အခကြေးငွေယူကာ တိုင်စာရေးပေးနေကြတာတွေလည်း လေ့လာသိရှိရပါတယ်။ တစ်နည်းအားဖြင့် နစ်နာတဲ့ မသိနားမလည်တဲ့ ပြည်သူကို လိမ်ညာစားသောက်နေကြတာပါ။ အဲဒီပုဂ္ဂိုလ်မျိုးတွေကိုလည်း သတိထားရှောင်ရှားကြဖို့ သတိပေးချင်ပါတယ်။

တကယ်တော့ အဂတိတရားနဲ့ လာဘ်ပေးလာဘ်ယူမှုဆိုတာတွေဟာ ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာစလုံးကောင်းကျိုးမပေးတဲ့ အကုသိုလ်အလုပ်တွေပါ။ ခုနစ်ရက်သားသမီးဖြစ်တဲ့ ပြည်သူတွေကို စိတ်ဆင်းရဲအောင် ဒုက္ခပေးနေကြသူတွေပါ။ မိမိတို့ အသိစိတ်ဓာတ်နဲ့ပြုပြင်စောင့်ထိန်းသွားကြတာဟာ အကောင်းဆုံးသော နည်းလမ်းပါ။ အရေးယူမှု၊ အပြစ်ပေးမှု လျော့နည်းသွားတာထက် အဂတိတရားကို အလိုအလျောက် ရှောင်ရှားကြခြင်းဖြင့် ကျဆင်းပပျောက်သွားစေလိုပါတယ်။ ကျွန်တော့်ကိုယ်ပိုင်ခံယူချက်နဲ့ ပြောရရင် မိသားစုစားဝတ်နေရေးကြောင့် မလောက်မငှလို့ လာဘ်ယူရပါတယ်၊ အဂတိလိုက်စားရပါတယ်ဆိုတာဟာ အကြောင်းပြချက်တစ်ခုလို့ပဲ ထင်ပါတယ်။ လူတစ်ဦးချင်းရဲ့စိတ်ဓာတ်၊ ကိုယ်ကျင့်သိက္ခာစောင့်ထိန်းမှုနှင့် အဓိကသက်ဆိုင်မယ်လို့ပဲ မြင်ပါတယ်။ အချို့ဆင်းရဲပေမယ့် အဂတိမလိုက်စားဘဲ သမ္မာအာဇီဝနဲ့ လုပ်ကိုင်နေထိုင်သူတွေရှိသလို အချို့ကျတော့ ဘယ်လောက်ပဲချမ်းသာနေ လာဘ်ပေးသမျှ လက်ခံနေကြတာ ဒုနဲ့ဒေးပါ။ မတော်လောဘစိတ် ရှိတဲ့သူ၊ ရှောင့်ရဲတင်းတိမ်မှုမရှိတဲ့သူ၊ အတ္တလွန်ကဲသူဟာ ဘယ်လောက်ပဲချမ်းသာပါစေ လာဘ်ပေးလာဘ်ယူမှုကိုတော့ ထမင်းစားရေသောက်သဖွယ် ကျင့်ကြံနေမှာမလွဲပါ။ အသိတရားနဲ့ပြင်သွားကြဖို့သာ အဓိကဖြစ်ပါတယ်။

ကော်မရှင်အနေနဲ့ အရေးမယူချင်လို့၊ မဆောင်ရွက်ချင်လို့ တမင်ရှောင်လွှဲပြီးရေးနေတဲ့သဘောမျိုး မယူဆစေလိုပါ။ ကော်မရှင်ဟာ စတင်တာဝန်ထမ်းဆောင်ကတည်းက အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုတွေ ကို ထိထိရောက်ရောက်အရေးယူတိုက်ဖျက်သွားမယ်လို့ သန္နိဋ္ဌာန်ချထားပြီးသားဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မရှင်အနေနဲ့ ဥပဒေရဲ့ရည်ရွယ်ချက်မှာပါတဲ့အတိုင်း လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်သွားမှာဖြစ်သလို လာဘ်ပေးလာဘ်ယူမှုကျူးလွန်သူတွေကို ထိရောက်စွာ အရေးယူသွားမှာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် ဇွန်လ ၁၀ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲမှာ နိုင်ငံတော်သမ္မတအိမ်တော်ရှိ ခန်းမဆောင်အတွင်းကျင်းပခဲ့တဲ့ ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက ပြည်ထောင်စုဝန်ကြီးများနဲ့ ဒုတိယဝန်ကြီးများအား လမ်းညွှန်မှာကြားတဲ့ အခမ်းအနားမှာ- "လာဘ်ပေးလာဘ်ယူမှု ပပျောက် ရေးကော်မရှင်အနေဖြင့်လည်း လာဘ်ပေးလာဘ်ယူမှုများကို စုံစမ်းစစ်ဆေးအရေးယူနိုင်ရေးအတွက် ဥပဒေနှင့်အညီ ပေးအပ်ထားသော တာဝန်များကို လွတ်လပ်စွာရပ်တည်ပြီး ပီပြင်စွာဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုပါကြောင်း"ဆိုပြီး မှာကြားခဲ့ပါတယ်။

နိုင်ငံတော်သမ္မတရဲ့ အဲဒီလမ်းညွှန်မှာကြားချက်ဟာ ကျွန်တော်တို့ကော်မရှင်ကချမှတ်ထားတဲ့ သန္နိဋ္ဌာန်ကို ပိုမိုခိုင်မာစွာ ရပ်တည်ဆောင်ရွက်သွားဖို့အတွက် လမ်းညွှန်တွန်းအားတစ်ရပ်ဖြစ်စေပါကြောင်း ရေးသားဖော်ပြအပ်ပါတယ်။

# ကဘော်ဒေသ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၂၇**

မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ဆပ်ကော်မတီ (Delivery Unit) ဥက္ကဋ္ဌ ဦးခင်မောင်အေးသည် ဇွန် ၂၂ ရက် ညနေပိုင်းတွင် ချင်းပြည်နယ် တီးတိန်မြို့နယ် ခိုင်ကမ်းကျေးရွာ ဘက်စုံမွေးမြူရေးခြံရှိ ငါးသားပေါက်ထုတ်လုပ်ရေးလုပ်ငန်း၊ ကြက်မွေးမြူရေးလုပ်ငန်းများနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ပင်မငါးမွေးမြူရေး၊ ငါးသားဖောက်လုပ်ငန်းများအား လှည့်လည်ကြည့်ရှု အားပေးကာ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည်များကိုလည်း ဆောင်ရွက်ပေးသည်။

ဇွန် ၂၃ ရက် နံနက်ပိုင်းက ကလေးမြို့ အောင်သစ္စာရပ်ကွက်၊ ဘုံတောရွာရှိ ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသော ငါးမွေးမြူသူများနှင့်တွေ့ဆုံကာ အရည်အသွေးမီ ငါးသားပေါက်ထုတ်လုပ်ရေး၊ ငါးထုတ်လုပ်မှုပမာဏ တိုးတက်စေရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ လုပ်ငန်းရှင်းနှီးငွေရရှိရေးနှင့်စီမံခန့်ခွဲမှုအတွက် အခြားလိုအပ်သည်များ မှာကြားသည်။ ထို့နောက် ကလေးမြို့တော်ခန်းမ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဖွံ့ဖြိုးမှု အထောက်အကူပြု ကော်မတီ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ ကလေးဒေသငါးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်၊ တစ်ဖက်နိုင်ငံသို့ ဈေးကွက်ချဲ့ထွင်နိုင်ရေး၊ တိုးမြှင့်ဆောင်ရွက်သွားရန်၊ သယံဇာတထိန်းသိမ်းရန်၊ မြို့နယ်အတွင်းရှိ ကျေးရွာများမှ တင်ပြလာသော ကျေးရွာချင်းဆက်လမ်း/တံတားများ၊ စာသင်ကျောင်းများ၊ ဆေးပေးခန်းများအတွက် ရန်ပုံငွေများထောက်ပံ့ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်/ကျေးလက်ဒေသ အထောက်အကူပြုကော်မတီများမှ ကြီးကြပ်၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ကလေးမြို့ရှိ ကုန်သည်ကြီးများအဖွဲ့နှင့်တွေ့ဆုံကာ ကလေးဒေသ ငါးမွေးမြူရေးကန်များ တိုးချဲ့နိုင်ရေးဆောင်ရွက်ရန်၊ ဈေးကွက်ရရှိရေးကြိုးပမ်းရန်နှင့် မြို့နယ် GDP တိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ခါမ်းပတ်မြို့နယ်ခွဲ ကျွန်းတောရေရှင်ကျေးရွာအုပ်စု မိုင်တိုင်အမှတ် (၅၂-၅၃) ကြားရှိ ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသောဦးဆလိုင်ဇဝုန်း၏ တစ်ပိုင်တစ်နိုင်ငါးသား ဖောက်မွေးမြူရေးလုပ်ငန်းအား ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ခါမ်းပတ်မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ရပ်ကွက်ကျေးရွာအထောက်အကူပြု ကော်မတီများ၊ အုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံပြီး ကျေးရွာလူထုကတင်ပြသည့် မူလတန်းကျောင်းများအတွက် စာသင်ခုံနှင့် ဘိလပ်မြေအိတ်များ ထောက်ပံ့ပေးခဲ့သည်။

ဒုတိယဝန်ကြီးသည် လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဇွန် ၂၄ ရက် နံနက်ပိုင်းက တမူးမြို့ရှိ ကုန်သည်ကြီးများ၊ နယ်စပ်ကုန်သွယ်ရေးအဖွဲ့များနှင့် တွေ့ဆုံကာ ဒေသထွက် သားငါးထုတ်ကုန်များကို တစ်ဖက်နိုင်ငံသို့တိုးချဲ့တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်နိုင်မည့်နည်းလမ်းများအား ဝိုင်းဝန်းဆွေးနွေးကြသည်။

ထို့နောက် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ တမူးခရိုင်အတွင်းရှိ မြို့နယ်/ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ အထောက်အကူပြုကော်မတီများ၊ စီမံခန့်ခွဲမှုကော်မတီများ၊ ရပ်မိရပ်ဖများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းဆွေးနွေးပြီး လူထုမှတင်ပြလာသော လမ်း/တံတားများ၊ မြေထိန်းနံရံ၊ စာသင်ကျောင်း၊ ဝန်ထမ်းအိမ်ရာနှင့် မီးလင်းရေးစသည့် လိုအပ်ချက်များအတွက် ထောက်ပံ့ငွေများပံ့ပိုးပေးခဲ့သည်။ ဆက်လက်၍ နယ်စပ်အနီးရှိ နမ့်ဖာလုံဈေးသို့သွားရောက်ပြီး ငါးကျပ်တင်ခြောက်များနှင့် ကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားနေမှု အခြေအနေများကို မေးမြန်း ဆွေးနွေးခဲ့သည်။

ခရီးစဉ်တွင် ကဘော်ဒေသအတွင်း သားငါးမွေးမြူရေးလုပ်ငန်းများအား ဈေးကွက်လိုအပ်ချက်အပေါ်မူတည်၍ စီမံချက်ချမှတ်ဆောင်ရွက်ပြီး အရည်အသွေးမီစီးပွားဖြစ်ထုတ်လုပ်၍ တစ်ဖက်နိုင်ငံသို့ ဈေးကွက်ရှာဖွေနိုင်ရေးအစုအဖွဲ့များဖြင့် စနစ်တကျစုဖွဲ့လုပ်ကိုင်ကြရန်နှင့် နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာနက လိုအပ်သည်များ ပံ့ပိုးကူညီသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့လက်ရွေးစင်အသင်းနှင့် ဆီရိုဖိုအိုဆာကာအသင်းတို့ ယနေ့ခြေစမ်းမည်

**ရန်ကုန် ဇွန် ၂၇**

အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် ဂျေလိဂ်ကလပ် ဆီရိုဖိုအိုဆာကာ အသင်းတို့၏ ခြေစမ်းပွဲကို ဇွန် ၂၈ ရက် ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါခြေစမ်းပွဲမှာ မြန်မာ-ဂျပန် သံတမန်ဆက်ဆံရေးနှစ် (၆၀) ပြည့်အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းလည်း ဖြစ်သည်။

ယင်းခြေစမ်းပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက MFF ရုံး၌ ပြုလုပ်ခဲ့သည်။

မြန်မာအသင်းနည်းပြချုပ်အေဗရာမိုဗစ်က " မိမိတို့အသင်းမှာဆူဇူကီးဖလားပြိုင်ပွဲအတွက် အဓိကပြင်ဆင်နေခြင်းဖြစ်ကြောင်း၊ ကစားသမားများအနေဖြင့်လည်း အသင်းကောင်းတစ်သင်းကို ဘယ်လိုကစားရမလဲဆိုတာ သိရှိစေပါကြောင်း" ဖြင့်ပြောကြားခဲ့သည်။

ကွင်းဝင်ကြေးအဖြစ် အထူးတန်းငွေကျပ်၁၀၀၀၊ ရိုးရိုးတန်းငွေကျပ် ၅၀၀ သတ်မှတ်ထားပြီး လာရောက်ကြည့်ရှုအားပေးသော ပရိသတ်များကို ဟန်းဆက်နှင့် မြန်မာအသင်းဂျာစီများ ပထမပိုင်းအပြီးတွင် ကံစမ်းမဲဖောက်ပေးသွားမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ- စိုးညွန့်**




မြန်မာအသင်းနည်းပြချုပ် အေဗရာမိုဗစ် သတင်းစာရှင်းလင်းပွဲ၌ ရှင်းလင်းပြောကြားစဉ်။


**ဖခင်အမည်မှန်**

၂၀၁၀-၂၀၁၁ ပညာသင်နှစ် အထက(၆) မင်္ဂလာတောင်ညွန့်မြို့နယ်တွင် သတ္တမတန်း၌ ပညာသင်ကြားခဲ့သူ မောင်သက်နိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးမန်းနီး ၁၂/မဂတ(ပြု)၀၀၀၁၇၉ ဖြစ်ပါသည်။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ သမိန်ထောကုန်းတန်းကျေးရွာ၊ အထက သမိန်ထောမှ မောင်အောင်သူရ၏ဖခင် ဦးကျော်ဇေ ၁၄/ဖပန(နိုင်)၁၀၅၈၀၇ နှင့် ဦးသိန်းဦးတို့မှာ တစ်ဦးတည်းဖြစ်ပါသည်။

**မိဘအမည်မှန်**

အထက(၃)တာမွေ Grade 10(C)တွင် ပညာသင်ကြားနေသော မောင်ပြည့်မင်းခန့်၏ မိဘအမည်မှန်မှာ ဦးသိမ်းမော်ဦး ၁၂/တမန (နိုင်)၀၈၁၂၇၂နှင့် ဒေါ်အိအိစိုး ၁၂/တမန(နိုင်) ၀၈၀၆၀၉တို့ဖြစ်ပါသည်။

**ဒေါ်စန္ဒာဝင်း ၁၂/ဥကမ(နိုင်)၂၃၅၂၃၂ နှင့် အများသိစေရန်**

ကျွန်ုပ်၏မိတ်ဆွေ ဦးကြည်သိန်း ၁၄/ပသန(နိုင်)၀၇၆၈၇၈နှင့် ဒေါ်စန္ဒာဝင်းတို့သည် အကြင်လင်မယားအဖြစ်ပေါင်းသင်းခဲ့ပြီး သားသမီးသုံးဦး ထွန်းကားခဲ့ပါသည်။ ဒေါ်စန္ဒာဝင်းသည် ၁၀-၆-၂၀၁၄ရက်တွင် ကျွန်ုပ်မိတ်ဆွေ၏ခွင့်ပြုချက်မရဘဲ မိမိသဘောဆန္ဒဖြင့် နေအိမ်မှ ဆင်းသွားခဲ့ပါသည်။ ထိုသို့ဆင်းရာတွင် ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊(၃)ရပ်ကွက်၊ အေးရိပ်မွန်၁လမ်း၊ တိုက်အမှတ် ၁၂၊ အခန်းအမှတ်၁၀၈၊ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများအားလည်းကောင်း၊ ၉ဃ/၃၇၃၅ (၂၂)ဘီးမော်တော်ယာဉ်၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများအားလည်းကောင်း ယူဆောင်သွားခဲ့ပါသည်။ ဒေါ်စန္ဒာဝင်းအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရဘဲ ယူဆောင်သွားသော အထက်ဖော်ပြပါစာရွက်စာတမ်းမူရင်းများကို ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ မပျက်မကွက်လာရောက်အပ်နှံပါရန် သိစေအပ်ပါသည်။ အကယ်၍ အထက်ဖော်ပြပါ စာရွက်စာတမ်းမူရင်းများနှင့် ပိုင်ရေးဆိုင်ခွင့်များကို ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်လွှတ်လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးမောင်မောင်သူရ(မြောင်းမြ)**
**LL.B, A.G.T.I(EP), D.B.L, D.M.L WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(၈၁၀၈)**
**ဘဏ်ရှေ့နေနှင့်ဥပဒေအကြံပေး**

**ဦးဇေယျာထွန်း(စဉ်-၂၅၇၈၅)**
**LL.B, WIPO(Switzerland)**

**ဦးစိုးလွင်ဦး(စဉ်-၃၇၉၈၁)**
**LL.B, WIPO(Switzerland)**

**အထက်တန်းရှေ့နေများ**

**အမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၃၁၁၆၇၀၈၆၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေဂုံပလာဇာအိမ်ရာ၊တိုက် A၊ အခန်း၃၀၁ကို မူလအမည်ပေါက်ပိုင်ရှင် ဗိုလ်မှူးကြီးမြင့်ဟိန်းထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်မြင့်သူဇာ ၁၂/ဗဟန(နိုင်)၀၇၀၈၆၁က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

**ကန့်ကွက်နိုင်ပါကြောင်း**

အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၉၉/က)၊ မြေကွက်အမှတ် (၂၂/က)၏ အစိတ်အပိုင်း မြေကွက်တည်နေရာ အမှတ်(၂/က)၊ ဝါဦး ၃ လမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ် မတင်ရီ အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် မတင်ရီထံမှ ရန်ကုန်တိုင်းဒေသကြီး တရားရုံး တရားမကြီးမှုအမှတ် ၁၀၀၁/၂၀၀၉၊ တရားမဇာရီမှုအမှတ် ၆၀/၂၀၁၁၊ တရားရုံးအရာရှိခန့်စာတို့ တင်ပြ၍ ဒေါ်အေးမြတ်သူ (ဘီလစ်) ၁၄/အဂပ(နိုင်)၁၄၁၅၆၇က ၃(က)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဂိုဒေါင်ပါ**
**စက်မှုဇုန်မြေကွက်ကျယ်**
**အမြန်ဝယ်/ငှားလိုသည်**

ရန်ကုန်တိုင်း ဒေသကြီးရှိ စက်မှုဇုန်မြေကွက် အနည်းဆုံး ဂိုဒေါင်(၃)ဧကနှင့်အထက်၊ မြေဧက(၈)ဧကနှင့်အထက် ဝယ်လို/ငှားလိုသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

**ဖုန်း-၀၉-၂၅၀၈၉၁၇၂၃၊ ၀၉-၂၅၄၂၁၉၀၅၃**

**ယာဉ်မှတ်ပုံတင်စာအုပ်**
**မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ဆ/၉၉၂၈ G.M.C CG 508 Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ထွန်း ၉/မနမ(နိုင်) ၁၂၄၁၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (စစ်ကိုင်း)**

**အလိမ္မာစာမှာရှိ**

**၂၅-၆-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းနှင့် မြို့တော်သတင်းစာပါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်းအပေါ် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် ၂၈ဒီ၊ မြေကွက်အမှတ် ၈၂/၁၀ ဦးတင်ထွန်း အမည်ပေါက်မြေကွက်နှင့်ပတ်သက်၍ ဒေါ်စမ်းစမ်း ၁၂/စခန(နိုင်)၀၁၁၇၈၅မှ မိမိတစ်ဦးတည်း အမည်ပေါက် ဂရန်သစ်လျှောက်ထားခြင်းအား ကန့်ကွက်ပါကြောင်း**

ဒေါ်မြင့်မြင့်သန်း ၁၂/စခန(နိုင်)၀၀၆၂၀၀ (ကွယ်လွန်)၏ သားသမီးများဖြစ်ကြသူများမှ အောက်ပါအတိုင်း ကန့်ကွက်ပါသည်။ ၂၀၁၃ခုနှစ် ဇွန် ၁၀ရက်တွင် နှစ်ခန်းတွဲငါးထပ်တိုက်ဆောက်လုပ်ပြီး တိုက်ခန်းခွဲဝေယူရန် မိသားစုသဘောတူညီမှု ကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ကြပါသည်။ ထို့နောက် ဒေါ်မြင့်မြင့်သန်းမှာ ၁၇-၉-၂၀၁၃ရက်တွင် ကွယ်လွန်ခဲ့ပြီး ယခုအခါ ဒေါ်စမ်းစမ်းမှ ဒေါ်မြင့်မြင့်သန်း၏ သားသမီးငါးဦးအပါအဝင် ကျန်ညီအစ်ကိုမောင်နှမများအား ညှိနှိုင်းတိုင်ပင်ခြင်းမရှိဘဲ မိမိသဘောဆန္ဒအလျောက် မိမိတစ်ဦးတည်းအမည်ပေါက် ဂရန်သစ်လျှောက်ထားခြင်းကို ဒေါ်မြင့်မြင့်သန်း၏ သားသမီးများမှ ကန့်ကွက်ပါကြောင်း အတိအလင်း ကြေညာအပ်ပါသည်။

**၁။ ကျော်စွာဦး ၁၂/စခန(နိုင်)၀၁၉၈၂၂**
**၂။ ရဲလှိုင်ဘွား ၁၂/စခန(နိုင်)၀၁၉၇၉၁**
**၃။ မောင်နေလင်းအောင် ၁၂/စခန(နိုင်)၀၅၂၄၃၀**
**၄။ မောင်ဝဏ္ဏကျော် ၁၂/စခန(နိုင်)၀၅၂၈၄၄**
**၅။ မဂျူလိုင်ကျော် ၁၂/စခန(နိုင်)၀၆၆၅၂၀**

**ကျေးဇူးဆပ်ပါမည်**

(၂၄.၆.၂၀၁၄)ည (၇)နာရီခန့်က သိမ်ဖြူလမ်းမှ ၈၇လမ်းသို့ Taxi ကား ငှားသွားစဉ် ငှားကားပေါ်၌ နိုင်ငံသားမှတ်ပုံတင်၊ အရေးကြီးဖိုင်များနှင့် စာရွက် စာတမ်းများပါရှိသော အနက်ရောင်အိတ် တစ်လုံးကား ပေါ်ပါသွားပါသဖြင့် ပိုင်ရှင်ထံ အမြန်ဆုံး ဆက်သွယ်အကြောင်းကြားပေးပါရန်။

ကျေးဇူးဆပ်ပါမည်
ဆက်သွယ်ရန် - 09 504 5454
09 514 7777

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ကျေးရွာ၌ မူးယစ်သောက်စားရမ်းကားသူများအား ဖမ်းဆီးရာတွင် အကြမ်းဖက်ခုခံ၍ သေနတ်ဖြင့် ခြောက်လှန့်ပစ်ဖောက် ဖမ်းဆီးခဲ့ရ

**အောင်လံ ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် ကျောက်ပန်းတောင်းအုပ်စု ရွှေပန်းတောရဲစခန်း အပိုင်စခန်းကြီးကျေးရွာတွင် ဇွန် ၁၉ ရက် နံနက် ၉ နာရီက ယင်းရွာနေ သန်းလင်းဇော်၊ အောင်ပိုင်၊ အောင်ကျော်နိုင်တို့သုံးဦးသည် ယင်းကျေးရွာရှိ မင်္ဂလာဆောင်အိမ်တွင် မူးယစ်သောက်စား၍ ဓား၊ တုတ်၊ လေးခွများဖြင့် ရမ်းကားနေပြီး တစ်ရွာတည်းနေ ဝင်းဇော်ဦးနှင့် ဇော်မျိုးဝင်းတို့အား အောင်ပိုင်က တုတ်ဖြင့်ရိုက်ပြီး အောင်ကျော်နိုင်က လေးခွဖြင့် ပစ်သဖြင့် ဒဏ်ရာများရရှိခဲ့သည့်အပြင် သန်းလင်းဇော်ပါ သုံးဦးမှာ ဆက်လက်ရမ်းကားနေသဖြင့် တိုင်ကြားခဲ့သည်။

ရဲအုပ်ထွန်းကြွယ်က ဒဏ်ရာရရှိသူများအား အောင်လံဆေးရုံသို့ ဆေးစာဖြင့် ပို့အပ်ရန် ဒုတိယတပ်ကြပ်ကျော်မောင်မောင်သွင်နှင့် အဖွဲ့အား စေလွှတ်ခဲ့ရာ သန်းလင်းဇော်တို့သုံးဦးက ရဲတပ်ဖွဲ့ဝင်များအား အန္တရာယ်ပြုနိုင်သည့်အခြေအနေရှိသဖြင့် မင်္ဂလာဆောင်အိမ်တွင်လုံခြုံစွာ နေထိုင်ရန်နှင့် စခန်းမှူး ရဲအုပ်ထွန်းကြွယ်က ဇွန် ၂၀ ရက်တွင် ၎င်းသန်းလင်းဇော်တို့သုံးဦးအား သွားရောက် ထိန်းသိမ်းနိုင်ရန်အတွက် အောင်လံမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ဒုတိယမြို့နယ်မှူး ဒုတိယရဲမှူးဌေးမောင်နှင့် အင်အား ၁၁ ဦး၊ သမ္ဘုရဲကင်းစခန်းမှူး ရဲအုပ်ထိန်လင်းအောင်နှင့် အင်အားလေးဦး အသင့်စုစည်းစေလွှတ်ရန် စီစဉ်ခဲ့သည်။

ယင်းသို့ စီစဉ်နေစဉ် ဒဏ်ရာရရှိသူ ဝင်းဇော်ဦး၊ ဇော်မျိုးဝင်းတို့က ရဲစခန်းသို့ရောက်ရှိလာပြီး အမှုဖွင့်လှစ်လိုခြင်း မရှိကြောင်းတင်ပြ၍ သန်းလင်းဇော်တို့ သုံးဦးမှာလည်း နေအိမ်သို့ အသီးသီးပြန်သွားကာ အခြေအနေတည်ငြိမ်အေးချမ်းနေပြီဖြစ်ကြောင်း ရဲအုပ်ထွန်းကြွယ်က သတင်းပို့သဖြင့် သန်းလင်းဇော်တို့သုံးဦးအား ထိန်းသိမ်းခြင်းမပြုဘဲ အခြေအနေကို စောင့်ကြည့်ခဲ့သည်။

ဇွန် ၂၀ ရက် နံနက် ၁၀ နာရီခွဲတွင် သန်းလင်းဇော်တို့သုံးဦးသည် တစ်ရွာတည်းနေ ကိုဝင်းခိုင်၏နေအိမ်သို့ ဇွန် ၁၉ ရက် ည ၉ နာရီခွဲက သွားရောက်ရမ်းကားခဲ့ကြောင်းနှင့် ဇွန် ၂၀ ရက် နံနက် ၁၀ နာရီတွင် မင်္ဂလာဆောင်အိမ်၌ သီချင်းဆိုခွင့်မပြုခြင်းနှင့်ပတ်သက်၍ မကျေမနပ်ဖြစ်ကာ ဓားကိုင်၍ ဆက်လက်ရမ်းကားနေကြောင်း သတင်းရရှိထပ်မံတိုင်ကြားသဖြင့် ဒုရဲမှူးဌေးမောင်၊ ရဲအုပ်ထိန်လင်းအောင်၊ ရဲအုပ်ထွန်းကြွယ်တို့ ပူးပေါင်းအဖွဲ့အား သွားရောက်ထိန်းသိမ်းရန် ထပ်မံစေလွှတ်ခဲ့သည်။

ရဲကင်းစခန်းမှူး ရဲအုပ်ထွန်းကြွယ်နှင့်အဖွဲ့ ဦးစွာရောက်ရှိစဉ် သန်းလင်းဇော်တို့ သုံးဦးက လေးခွများဖြင့် ဝိုင်းဝန်းပစ်ခတ်သောကြောင့် ကျောက်ပန်းတောင်းရဲစခန်းမှ တပ်သားကျော်ဇံ၏ဝမ်းဗိုက်ယာဘက်ခြမ်းတွင် နှစ်ချက်၊ ယာဘက်ပေါင်တွင်တစ်ချက် လေးခွထိမှန်ဒဏ်ရာရရှိခဲ့၍ ရဲတပ်သားကျော်ဇံက ၎င်းကိုင်ဆောင်ထားသော ဒသမ ၃၀၃ ရိုင်ဖယ်သေနတ်ဖြင့် ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အောင်ပိုင်၏ ဝဲဘက် ကျောပြင်တွင် သေနတ်ထိမှန်ပေါက်ပြဲဒဏ်ရာ တစ်ချက်ရရှိခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များကလည်း လေးခွဖြင့် ပြန်လည်ပစ်ခတ်ခဲ့ခြင်းကြောင့် သန်းလင်းဇော်၏ ယာဘက်မျက်ခုံးထိပ် ပေါက်ပြဲဒဏ်ရာရရှိခဲ့သဖြင့် အောင်ပိုင်နှင့် သန်းလင်းဇော်တို့ကို ခေါ်ဆောင်ခဲ့ပြီး ဇွန် ၂၀ ရက်တွင် အောင်လံဆေးရုံသို့ တင်ပို့ကုသပေးခဲ့သည်။

သန်းလင်းဇော်သည် ၂၀၁၀ ခုနှစ်က ရွှေပန်းတောရဲစခန်း(ပ) ၄၀/၂၀၁၀ ပြစ်မှုပုဒ်မ ၃၇၆/၅၁၁ အမှုဖြင့် ထောင်ဒဏ်ငါးနှစ် ကျခံခဲ့ဖူး၍ ၂၀၁၃ ခုနှစ် ရွှေပန်းတောရဲစခန်း (ပ)၃၅/၂၀၁၃ ပြစ်မှုပုဒ်မ ၄၅၂/ ၃၅၄/၅၀၆ အမှုဖြင့် ပြစ်ဒဏ်ခြောက်လကျခံခဲ့ရ၍ လွန်ခဲ့သော ၁၀ ရက်ခန့်က ထောင်မှ လွတ်လာသူဖြစ်သည်။ အမှုဖြစ်ပွားရခြင်းမှာ ၎င်းထောင်ကျရသည့်ပြစ်မှုများနှင့် ပတ်သက်၍ တစ်ရွာတည်းနေ ကိုဝင်းခိုင်ဆိုသူကထွက်ဆိုသဖြင့် ထောင်ကျရခြင်းဖြစ်သည်ဟုဆိုကာ မကျေနပ်ချက်နှင့် မင်္ဂလာဆောင်မှ သီချင်းဆိုခွင့်မပြု၍ မကျေနပ်သည့်ကိစ္စမှ စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ရဲကင်းစခန်း အသီးသီးက ထိန်းသိမ်းနေစဉ်အတွင်း ၎င်းတို့သုံးဦးသည် ဇွန် ၁၉ ရက် ညနေ ၉ နာရီခွဲခန့်တွင် ကိုဝင်းခိုင်၏ နေအိမ်သို့ ဝင်ရောက်ရမ်းကားခြင်းနှင့်ပတ်သက်၍ ကိုဝင်းခိုင်က မကျေနပ်သဖြင့် ရွှေပန်းတောရဲစခန်းသို့ တိုင်ကြားခဲ့ခြင်းကြောင့် ဇွန် ၂၀ ရက်တွင် ရွှေပန်းတောရဲစခန်းမှ (ပ)၂၄/ ၂၀၁၄ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၂/၄၅၁/ ၃၃၆/၄၂၇/၂၉၄/ ၅၀၆ အရ အမှုဖွင့်ထားကြောင်း သိရသည်။ **(၁၁၉)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၇-၆-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၇၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၈၀၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၇ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၉၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၁၄၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၈၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၅၀၀-၄၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၁၀၀၀ |
| ၅။ | ပုစွန် (ကျော) | တစ်ပိဿာ | ၆၀၀၀-၈၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသားလောက် | တစ်ပိဿာ | ၇၅၀၀-၁၃၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၅၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၈၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၉၀၀၀-၁၅၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၈၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၇၅-၉၈၀ |
| ဥရောပ | တစ်ယူရို | ၁၃၃၅-၁၃၄၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၅-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၁.၂-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၉၅-၁၆.၄ |
| တရုတ် | တစ်ယွမ် | ၁၆၀-၁၆၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၂-၃၂၀ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| မိုးဆန်(ဧည်သာအသစ်) | တစ်အိတ် | ၁၇၃၀၀ |
| ပေါ်ကြွဲ (အသစ်) | တစ်အိတ် | ၂၁၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၅၅၀၀-၂၉၅၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၃၂၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၅၁၅ |
| ဆိပ်ဖြူကြက်သွန်ဖြူ | တစ်ပိဿာ | ၃၂၅-၅၆၀ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၀၅၀-၁၆၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၁၀၀-၁၂၅၀ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၄၂၀-၆၀၀ |
| ရေတ်ရှည် (ညောင်ရမ်း) | တစ်ပိဿာ | ၂၄၀၀ |
| ရေတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၄၅၀၀ |
| သကြား | တစ်ပိဿာ | ၉၀၀-၉၃၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-ဓာတ်ပုံ/ဖော်ပြသည်။

# အမြန်လမ်းတွင် လင်ခရူဇာယာဉ် ဝိုင်ယာရှော့ခ်ဖြစ် မီးလောင်

**ရေတာရှည် ဇွန် ၂၇**

နေပြည်တော်မှ ရန်ကုန်ဘက်သို့ အမြန်လမ်းအတိုင်း မောင်းနှင်လာသော လင်ခရူဇာယာဉ်တစ်စီးသည် ဇွန် ၂၇ ရက် ညနေ ၃ နာရီခန့်က ရေတာရှည်မြို့နယ်ကို ဖြတ်သန်းမောင်းနှင်စဉ် ဆီတိုင်ကီဘက်မှ ဝိုင်ယာရှော့ခ်ဖြစ်ကာ ယာဉ်တစ်စီးလုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။ ယာဉ်မောင်း မျိုးမင်းနိုင် (၄၂ နှစ်) အမှတ်(၁၂)ရပ်ကွက် ရွှေပြည်သာမြို့နယ် ရန်ကုန်မြို့နေသူမောင်းနှင်ပြီး အမျိုးသားနှစ်ဦး လိုက်ပါလာသည့် လင်ခရူဇာ ယာဉ်(အဖြူရောင်) ၄င/----သည် အမြန်လမ်းမိုင်တိုင်အမှတ် ၁၆၁/၁ အနီးတွင် ယာဉ်၏နောက်ပိုင်း ဆီတိုင်ကီအနီးမှနေ၍ မီးခိုးများ ထွက်လာသည်ကို တွေ့ရသဖြင့် ယာဉ်ကို လမ်းယာဘက်ဘေးကို ချရပ်ခဲ့သည်။ ထို့နောက်တွင် မီးတောက်အား ပိုများလာပြီးနောက် ယာဉ်တစ်စီးလုံး မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

"နေပြည်တော်မှ ထွက်ကတည်းက အောက်တိန်းဆီကို အပြည့်ထည့်လာတာ ဆီလျှံပြီးတော့ ဝိုင်ယာတွေ ပေါ်ကျတာကနေ မီးလောင်တာလို့ ထင်တယ်၊ မောင်းနေရင်း နောက်ဘက်ကနေ မီးခိုးတွေထွက်လာတာတွေ့လို့ လမ်းဘေးချရပ်လိုက်တာ၊ ခဏနေတော့ မီးထလောင်တော့တာပဲ" ဟု ယာဉ်မောင်း ကိုမျိုးမင်းနိုင်က ရှင်းပြသည်။ ယာဉ်မီးလောင်သည့်နေရာကို ရေတာရှည်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်တစ်စီးရောက်ရှိလာပြီး ငြိမ်းသတ်ပေးခဲ့ရာ ညနေ ၃ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သာဂရ အမြန်လမ်းရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**




## အမည်ပြောင်းခြင်း

အထက(၆) နေပြည်တော် တက္ကသိုလ်ဝင်တန်း(က)မှ ဦးသန်းစိုး၏သား မောင်ဘုန်းအောင်ကျော်အား မောင်ဘုန်းမြတ်မင်းဟု ခေါ်ပါရန်။

**မောင်ဘုန်းမြတ်မင်း**



## တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ အင်းလျားလမ်း၊ အမှတ် ၅၈/ဘီ တွင်တည်ရှိသော အပြည်ပြည်ဆိုင်ရာဘာသာစကားနှင့် စီးပွားရေးဗဟိုဌာန (အိုင်အယ်လ်ဘီစီ) ကုမ္ပဏီလီမိတက်( INTERNATIONAL LANGUAGE & BUSINESS CENTRE (ILBC)COMPANY LIMITED)ကုမ္ပဏီမှတ်ပုံတင်အမှတ် ၃၁၉၄/၂၀၁၃-၂၀၁၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

ILBC

အထက်တွင်ဖော်ပြထားသော တံဆိပ်အမည်အမှတ်အသားမှာ အပြည်ပြည်ဆိုင်ရာ ဘာသာစကားနှင့် စီးပွားရေးဗဟိုဌာန (အိုင်အယ်လ်ဘီစီ)ကုမ္ပဏီလီမိတက် (INTERNATIONAL LANGUAGE & BUSINESS CENTRE (ILBC)COMPANY LIMITED)၏ တံဆိပ်အမည်အမှတ်အသားဖြစ်ပြီး ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတော်၌ မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းကို ၃-၆-၂၀၁၄ ရက်တွင် မှတ်ပုံတင်စာချုပ်အမှတ် ၇၄၂၅/၂၀၁၄ ဖြင့် မှတ်ပုံတင်ပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါကုမ္ပဏီလုပ်ငန်းတံဆိပ်အမည်အမှတ်အသားဖြင့် ကုမ္ပဏီ၏သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်းတွင်ပါရှိသောလုပ်ငန်းများ၊ ပြည်တွင်း၊ ပြည်ပအခြေခံနှင့် အဆင့်မြင့်ပညာရေးဝန်ဆောင်မှုများဆောင်ရွက်ရန်နှင့် စာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားခြင်းကိုလုပ်ကိုင်ဆောင်ရွက်ရာတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းတံဆိပ်အမည်အမှတ်အသားဖြင့်ပင် ရုံးသုံးစာရွက်များ၊ စာအုပ်နှင့် စာရေးကိရိယာမျိုးစုံ၊ ကျောင်းဝတ်စုံနှင့် ကျောင်းကြို/ပို့ယာဉ်များ၊ ကြော်ငြာဆိုင်းဘုတ်၊ လက်ကမ်းစာစောင်၊ ရုပ်မြင်သံကြားကြော်ငြာ၊ ရုပ်ရှင်ဆလိုက်ကြော်ငြာ၊ သတင်းစာနှင့် ဂျာနယ်များ၊ ကြော်ငြာ၊ ဘလောက်ဒီဇိုင်း၊ တံဆိပ်တုံး၊ ငွေရပြေစာဖြတ်ပိုင်းများနှင့် အခြားလုပ်ငန်းနှင့်ဆက်နွှယ်ပတ်သက်သည့် စာရွက်စာတမ်းများစသည်တို့တွင် အထက်ဖော်ပြပါတံဆိပ်အမည်အသားကိုပုံနှိပ်၍ ရန်ကုန်မြို့ အပါအဝင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနှံ့အပြားတွင် ဖြန့်ချိသုံးစွဲသွားမည်ဖြစ်ပါသည်။

အဆိုပါတံဆိပ်အမှတ်အသားကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တုပပြုလုပ်ခြင်းဆင်တူယိုးမှားပြုလုပ်ခြင်းနှင့် မသမာသောနည်းဖြင့် လက်ဝယ်ထားရှိခြင်းတို့ကို မပြုလုပ်ရန်တားမြစ်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနိုင်ဦး LL.B (စဉ်-၂၁၃၉၉) | ဒေါ်လေးမြိုင် LL.B, D.B.L (စဉ်-၃၀၇၈၀)

အထက်တန်းရှေ့နေများ

အမှတ် ၂၆၄၊ ပထမထပ်၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၂၈၂၆၄၊ ၀၉-၄၀၁၅၆၃၉၈၃၊ ၀၉-၄၂၀၁၇၆၁၃၄

## (၃၈)ကြိမ်မြောက် အဘိဓမ္မာ(၇)ကျမ်း ရွတ်ဆိုပူဇော်ပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် (၁၈)ကြိမ်မြောက် ဝါဆိုဝတ်စုံလှူဒါန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ သမိဒ္ဓေါဒယသုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်သီလရှင် စာသင်တိုက်ကြီး၌ ၂၈-၆-၂၀၁၄ ရက် (စနေနေ့) နံနက် ၈း၀၀ နာရီမှစတင်၍ အဘိဓမ္မာ(၇)ကျမ်းရွတ်ဆိုပူဇော်ပြီး ၆-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၀၀ နာရီတွင် အဘိဓမ္မာ (၇)ကျမ်းအောင်ပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဝါဆိုဝတ်စုံလှူဒါန်းပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်ပါ၍ အလှူရှင် အလှူအမအပေါင်းတို့ကိုယ်တိုင် ကြွရောက်ကြည်ညိုကြပါရန် မေတ္တာရှေ့ထား၍ ဖိတ်ကြားအပ်ပါသည်။

**နာယကဆရာကြီးများ**
**ဒေါ်ဉာဏစာရီမြန်အောင်ကျောင်းတိုက်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
### ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဂါလန်၃၂၀၀ဆံ့ Ground Fuel Tank&Fuel Pump နှစ်လုံးဆောက်လုပ်ခြင်းလုပ်ငန်း (အမိုးအကာအပါအဝင်)နှင့် (၃၀'×၅၀'×၁၂') RC တစ်ထပ်နားနေဆောင်အပါအဝင် ဆောက်လုပ်ခြင်းအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၃၀-၆-၂၀၁၄ရက်မှ ၁၅-၇-၂၀၁၄ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်နှင့်စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တို့တွင် ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၆-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀ နာရီမှ ၁၁း၃၀ နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၃၂)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းကြပါရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါလိပ်စာတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**
**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန**
**ရုံးအမှတ် ၃၂၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၆၀၈၈၊ ၀၆၇-၄၀၆၃၂၂**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄၊ မြေကွက်အမှတ် ၅၆၄၊ မြေကွက် တည်နေရာအမှတ် ၅၆၄၊ (၃၄)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးညီတင် SDY-၀၀၈၄၆၅ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးညီတင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၉၄၃၉/၉၇ (၂၄-၁၂-၉၇)နှင့်ပိုင်ဆိုင်ကြောင်းစာချုပ် ၂၀၉၈/၉၈၊ ၅-၆-၉၈ ဦးဝင်းမွန်မှပိုင်ဆိုင်ပြီး ဦးဝင်းမွန် SBO-၁၅၂၅၆၂ တရားရုံးကိုယ်စား ဘိလစ်ဒေါ်သီတာမျိုးသန့် ၁၂/လမန(နိုင်) ၁၁၈၀၂၄က ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတရားမကြီးမှုအမှတ် ၆၁/၁၃(၅-၄-၁၃)နှင့် တရားမဓာရီမှုအမှတ် ၇၄/၁၃ (၂၃-၄-၁၃)ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# အငှားယာဉ်မောင်းငွေများကို ခရီးသည်နှစ်ဦးက လုယက်

**ထန်းတပင် ဇွန် ၂၇**

ထန်းတပင်မြို့နယ်အတွင်း ဇွန် ၂၅ ရက် ညနေ ၆ နာရီက ရန်ကုန်-ညောင်တုန်းကားလမ်း အစုကြီးကျေးရွာအနီးတွင် အငှားယာဉ်မောင်းထံမှ ငွေများကို ခရီးသည် အမျိုးသားနှစ်ဦးက လုယက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှိုင်သာယာမြို့နယ်နေ အငှားယာဉ်မောင်း ဦးမိုးအောင်ဇော် (၄၀ နှစ်)သည် ၎င်း၏အငှားယာဉ်ဖြင့် လှိုင်သာယာမြို့နယ် ဒဂုံဧရာ အဝေးပြေးဝင်းရှေ့၌ ခရီးသည်စောင့်ဆိုင်းနေစဉ် အမျိုးသားလူငယ်နှစ်ဦးက ထန်းတပင်မြို့နယ်သို့ ငွေကျပ် ၅၀၀၀ ဖြင့်ငှားရမ်းခဲ့၍ လိုက်ပို့ပေးခဲ့ကြောင်း၊ ထန်းတပင်မြို့နယ် ရန်ကုန်-ညောင်တုန်းလမ်း အစုကြီးကျေးရွာထိပ်အနီးအရောက် ယာဉ်နောက်ခန်းတွင် လိုက်ပါလာသူလူငယ်က အပေါ့သွားမည်ပြောသဖြင့် ယာဉ်ကိုခေတ္တရပ်ပေးခဲ့ပြီး ဆက်လက်မောင်းနှင်ခဲ့ကြောင်း၊ ခါတ်တိုင်နှစ်တိုင်ခန့်အရောက်တွင် ယာဉ်ရှေ့ခန်းရှိလူငယ်ကလည်း အပေါ့သွားလိုကြောင်းပြောသဖြင့် ယာဉ်ကိုရပ်ပေးခဲ့ပြီး ပြန်တက်လာစဉ် ယာဉ်နောက်ခန်းတွင် လိုက်ပါလာသည့်လူငယ်က ၎င်း၏လည်ပင်းကို သိုင်းဖက်၍ ချုပ်ထားကာ ယာဉ်ရှေ့ခန်းရှိလူငယ်က ၎င်း၏လက်အား ကိုင်ဆွဲခဲ့ကြောင်း၊ ၎င်းက ရုန်းကန်စဉ် ယာဉ်နောက်ခန်းရှိလူငယ်က အိတ်ကပ်အတွင်းရှိ ငွေကျပ် ၂၀၀၀၀ လုယူခဲ့၍ သံတုတ်ဖြင့် ရိုက်မည်ပြုရာ လူငယ်နှစ်ဦးမှာ ယာဉ်ပေါ်မှ ဆင်းပြေးသွားခဲ့သည်။

ထို့နောက် ဦးမိုးအောင်ဇော်က ဒဂုံဧရာအဝေးပြေးဂိတ်ရှိ သူငယ်ချင်းများအား သွားရောက်ခေါ်ဆောင်ပြီး တက်သစ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ အဆိုပါလူငယ်နှစ်ဦးအား လိုက်လံရှာဖွေခဲ့ရာ ယာဉ်ရှေ့ခန်းတွင်လိုက်ပါခဲ့သူ လူငယ်အားတွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် စစ်ဆေးရာ လှိုင်သာယာမြို့နယ် (၈) ရပ်ကွက်နေ ပိုင်မင်းလွင် (၁၈ နှစ်) ဖြစ်ကြောင်းသိရှိရပြီး ထွက်ပြေးသွားသူမှာ ၎င်းနှင့်ယောက်ဖတော်စပ်သူ ကောင်းခန့်ဇော် (၂၅ နှစ်)ဖြစ်ကြောင်း သိရသည်။

၎င်းတို့နှစ်ဦးအား ထန်းတပင်မြို့နယ် တက်သစ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူကာ ထွက်ပြေးတိမ်းရှောင်သွားသူ ကောင်းခန့်ဇော်အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(SP)**

## ဆေးပြားများ ဖမ်းဆီးရမိ

**တာချီလိတ် ဇွန် ၂၇**

ဇွန် ၂၆ ရက် ညနေ ၆ နာရီက တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အထူးမူခင်းနှိမ်နင်းရေးအဖွဲ့ဝင်များသည် သက်သေများနှင့်အတူ တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် အမှတ်(၁၈)ရှိ ဂန္ထဝင်မေ ကာရာအိုကေဆိုင်တွင် စောင့်ဆိုင်းနေစဉ် ထွန်းလှိုင်ဆိုသူမှာ ကာရာအိုကေအခန်းတွင်းသို့ ဝင်ရောက်လာစဉ် သက်သေများနှင့်အတူ ရှာဖွေရာ ၎င်းကိုင်ဆောင်လာသည့် ကြွပ်ကြွပ်အိတ်အတွင်းမှ အပြာရောင် ပလတ်စတစ်အိတ်ငယ်များဖြင့် ထည့်လျက် မူးယစ်ဆေးဝါးဟုယူဆရသော WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀၊ အလေးချိန် ၁၉၆ ဂရမ်ခန့်၊ ကာလတန်ဖိုးငွေကျပ် ၃၉၂၀၀၀၀ ရှာဖွေတွေ့ရှိသဖြင့် သိမ်းဆည်းရမိခဲ့သည်။

**မြင့်မိုရ်(တာချီလိတ်)**

## အုပ်ထိန်းသူမသိဘဲ ခေါ်ဆောင်သွားသူအား အမှုဖွင့်

**ကသာ ဇွန် ၂၇**

အသက် ၁၃ နှစ်အရွယ် ကျောင်းသူ တစ်ဦးကို ဇွန် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် အမျိုးသမီးတစ်ဦးက အုပ်ထိန်းသူ၏ ခွင့်ပြုချက်မရှိဘဲ ခေါ်ဆောင်သွားမှု ကသာမြို့တွင် ဖြစ်ပွားကြောင်း သိရသည်။

**ဒဏ်ရာများရရှိ**

ခေါ်ဆောင်သွားခြင်းခံရသူမိန်းကလေးငယ်၏ မိဘများက ဗန်းမောက်မြို့နယ်သို့ လုပ်ငန်းသွားရောက်လုပ်ကိုင်နေသဖြင့် အဘွားဖြစ်သူထံ အပ်နှံထားခဲ့ရာ ထိန်းသိမ်းတာဝန်ယူ စောင့်ရှောက်နေခဲ့ရကြောင်း၊ ဇွန် ၂၅ ရက်က မြေးဖြစ်သူမှ ကျောင်းသို့သွားရောက်ခဲ့ပြီး နောက်နေ့လယ် ထမင်းစားချိန်နေအိမ်သို့ပြန်လာခဲ့ကြောင်း၊ ထမင်းစားပြီး ကျောင်းသို့ပြန်သွားခဲ့ကြောင်း၊ ကျောင်းမှဆရာမက ဖုန်းဖြင့် ဆက်သွယ်ပြောပြချက်အရ မြေးဖြစ်သူအား အမျိုးသမီးတစ်ဦးက ဆိုင်ကယ်ဖြင့် တင်ခေါ်သွားကြောင်း သိရ၍ ကျောင်းသို့ လိုက်လာပြီး မြေးဖြစ်သူအား ပြန်လည်တွေ့ရှိမေးမြန်းခဲ့ရာ အဆိုပါ အမျိုးသမီးက “ဟာသ”ဆိုင်သို့ ပြသပေးရန်ခေါ်သဖြင့် လိုက်သွားခဲ့ကြောင်း၊ ဟာသဆိုင်သို့ ရောက်သော်လည်း ဆိုင်ကယ်ကို မရပ်သဖြင့် စိတ်ထဲက စိုးရိမ်ကြောက်လန့်ပြီး ခုန်ဆင်းခဲ့ရာမှ ပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

မြေးဖြစ်သူ မိန်းကလေးငယ်မှာ (၁၃နှစ်)သာရှိပြီး ၎င်း၏အုပ်ထိန်းသူ ခွင့်ပြုချက်မရှိဘဲ ခေါ်ဆောင်သွားသူအား အရေးယူပေးရန်တိုင်တန်းခဲ့ရာ ကသာမြို့မရဲစခန်းက အမှုဖွင့်ပြီး မသီတာအေး(ခ) မမေဇော်ဦး(၁၉နှစ်) ကသာမြို့နယ်နေသူအား အရေးယူထားပြီး စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ



# ဘုရားမှဖောင်းရစ်ဘီလူးပန်းဆွဲ မူးယစ်ဖျက်ဆီးသူများအားဖမ်းဆီး

**ရွှေဘို ဇွန် ၂၇**

ဇွန် ၂၄ ရက် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်က ရွှေဘိုမြို့ အမှတ်(၅) ရပ်ကွက်ကြီး ဆင်ရုံရပ်နေ ချာဗန်ချာ(ခ) မျိုးကိုကို၊ အမှတ်(၆)ရပ်ကွက်ကြီး ကြေးတိုင်စုရပ်နေ သန်းထွန်းအောင် (ခ)ကြောင်ကြီးနှင့် တစ်ရပ်ကွက်တည်းနေဦးမင်းလှိုင်တို့ သုံးဦးသည် ရွှေဘိုမြို့၏တောင်ဘက် နှစ်မိုင်ခန့်အကွာတွင်ရှိသော တဂဏန်းကျေးရွာ အနောက်ဘက် အောင်ချမ်းသာစေတီသို့ လာရောက်ခဲ့သည်။ ချာဗန်ချာနှင့် သန်းထွန်းအောင်တို့သည် အစောပိုင်းတွင် ပေါက်ပြားနှင့် တံမြက်စည်းယူပြီး စေတီပရိဝုဏ်ဘုရားဝင်းအတွင်း သန့်ရှင်းရေးလုပ်နေခဲ့ကြကြောင်း တရားလာထိုင်သူဦးမင်းလှိုင်၏ပြောပြချက်အရ သိရသည်။

ထို့နောက် ဦးမင်းလှိုင်က ထုသံရိုက်သံများကြားသဖြင့် မျက်စိဖွင့်ကြည့်ရာ ချာဗန်ချာနှင့် သန်းထွန်းအောင်တို့နှစ်ဦးသည် စေတီတော်ပေါ်သို့တက်ပြီး စေတီတော်၏ ဖောင်းရစ်ဘီလူးပန်းဆွဲမှ ဘီလူးခေါင်းကိုထုရိုက်နေကြောင်း တွေ့ရသဖြင့် ၎င်းကဘုရားဝေယျာဝစ္စလုပ်သူ ဦးလှိုင်ထံသို့ သွားရောက်ပြောကြားသည်။ ဦးလှိုင်က ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းမြိုင်ထံသို့ ဆက်လက်အကြောင်းကြားပြီး ရွှေဘိုရဲစခန်းသို့ တိုင်ကြားခဲ့သဖြင့် ရွှေဘိုရဲစခန်းက အချိန်မီရောက်ရှိလာပြီး ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးစဉ်တွင် ချာဗန်ချာနှင့် သန်းထွန်းအောင်တို့သည် အရက်သေစာ သောက်စားထားကြောင်း သိရသည်။

(၅၇၂)

Sule Shangri-La
YANGON
C B BANK
28.4.14 တွင် Traders Hotel, Yangon မှ Rebranding ပြုလုပ်ခဲ့သော
Sule Shangri-La, Yangon သည် CB Bank ၏ ဝန်ဆောင်မှုများကို
ရွေးချယ်သုံးစွဲခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်
Shangri-La Hotels and Resorts ၏ လုပ်ငန်းများ
ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

#223 Sule Pagoda Road, G.P.O. Box 888, Myanmar
(95 1) 242 828, (95 1) 242 800, http://www.shangri-la.com

ကြော်ငြာ




# THE WORLD'S NUMBER ONE LUXURY CAR BRAND HAS ARRIVED.

The arrival of BMW in Myanmar marks a significant change in the way you experience luxury. As the world's number one luxury car brand, our commitment to the highest standards mean you no longer have to compromise, starting with the BMW X5 xDrive35i. Its BMW TwinPower Turbo six-cylinder in-line engine provides smooth running and a torque at 400Nm while its 306hp takes only 6.5 seconds to sprint from 0 to 100 km/h.

(3 years Warranty, inclusive 3 years Maintenance Service and 1 year Comprehensive Motor Insurance)

The wait is now over. Contact : **09 8633 209** or email **info@pac-bmw.com** to experience Sheer Driving Pleasure.

## PRESTIGE AUTOMOBILES.
## MYANMAR'S EXCLUSIVE AUTHORISED BMW DEALER.

**BMW EfficientDynamics**
**Less emissions. More driving pleasure.**

Prestige Automobiles Company Ltd | PS Parking, Junction Square, Between Kyun Taw Road and Pyay Road, Kamayut Township, Yangon.

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

# မိုဘိုင်းဖုန်းပြောဆိုခများ အထိုက်အလျောက် လျော့ကျလာနိုင်ဖွယ်ရှိ

*(ယမန်နေ့မှအဆက်)*

**မိုဘိုင်းတယ်လီဖုန်းများနှင့်ပတ်သက်၍ မတ္တရာမြို့နယ်အတွင်း တည်ဆောက်ပြီးသော တာဝါတိုင်များတွင် လိုအပ်သောစက်များ မည်သည့်ကာလတွင် အပြီးတပ်ဆင်ပေးမည့်အစီအစဉ်ကို သိရှိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** မတ္တရာမြို့နယ်အတွင်း GSM BTS မိုဘိုင်းစခန်းလေးခု တိုးချဲ့တည်ဆောက်လျက်ရှိပြီး တာဝါတိုင်လုပ်ငန်းများ အားလုံးဆောင်ရွက်ပြီး ဖြစ်ပါသည်။ လိုအပ်သောအဝေးလိုင်းဆက်ကြောင်း ဆောင်ရွက်လျက်ရှိပြီး ဇူလိုင်လကုန်ခန့်တွင် ပြီးစီးနိုင်ရေး တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**အော်တိုတယ်လီဖုန်းများနှင့်ပတ်သက်၍ မတ္တရာမြို့နယ်အတွင်းနှင့် အဝေးပြောရာတွင် အသံကြည်လင်ပြတ်သားမှုမရှိခြင်း၊ ခေါ်ဆိုဆက်သွယ်ရခက်ခဲခြင်း စသည့်အခြေအနေများကိုပြုပြင်ဆောင်ရွက်ပေးပါရန် မေးမြန်းခြင်းနှင့် ပတ်သက်၍** ခေါ်ဆိုရခက်ခဲခြင်းနှင့် စပ်လျဉ်း၍လိုအပ်သော စက်မှုပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် အဝေးလိုင်းလိုအပ်ချက်များအား ရက်ပိုင်းအတွင်း ပြီးစီးအောင် စစ်ဆေးဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**ပြည်တွင်းမိုဘိုင်းဖုန်းပြောဆိုခများကို တစ်ယူနစ်လျှင် ၅၀ ကျပ်နှုန်းအစား လက်ရှိပြောဆိုခ ၅၀ ကျပ်နှုန်းထက် လျှော့ချ၍ သင့်တော်သောနှုန်းထားဖြင့် ဆောင်ရွက်ပေးရန်ကိစ္စနှင့်ပတ်သက်၍** မကြာမီကာလအတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသာမက ပြည်ပမှ Telenor နှင့် Oredoo စသည့်ပြည်ပအော်ပရေတာကြီးနှစ်ခုနှင့် ပြည်တွင်းမှ ရတနာပုံတယ်လီပို့ကုမ္ပဏီစသည့် အော်ပရေတာလေးခုတို့မှ ဆက်သွယ်ရေးကဏ္ဍကို ဈေးနှုန်းနှင့်ဝန်ဆောင်မှုယှဉ်ပြိုင်ဆောင်ရွက်သွားကြမည်ဖြစ်သဖြင့် သုံးစွဲသူပြည်သူအများ အလွယ်တကူ ရွေးချယ်ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်သကဲ့သို့ ခေါ်ဆိုခနှုန်းထားများလည်းအထိုက်အလျောက် လျော့ကျလာနိုင်ဖွယ်ရှိမည် ဖြစ်ပါသည်။

**အော်တိုတယ်လီဖုန်းများအား လက်ကိုင်ဖုန်းများကဲ့သို့ ငွေကတ်ထည့်သွင်းပေးဆောင်နိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းခြင်းနှင့်ပတ်သက်၍** ကြိုးဖုန်းများကို ဘီလ်ပေးဆောင်ရာတွင် အဆင်ပြေဆုံးဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နည်းပညာပိုင်းအရ ရန်ကုန်မြို့တွင်ပင် နေရာအနှံ့ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါ။ Postpaid စနစ်ကို ဘဏ်စနစ်နှင့်ချိတ်ဆက်၍ အဆင်ပြေအောင်ဆောင်ရွက်နိုင်မည့် နည်းလမ်းကိုလည်း စမ်းသပ်ကြံဆဆောင်ရွက်လျက်ရှိပါသည်။ ငွေကတ်စနစ်ဖြင့်ဆောင်ရွက်ခြင်းအားဖြင့် သုံးစွဲသူအနေဖြင့် သုံးစွဲရာတွင် အဆင်ပြေလွယ်ကူလာမည်ဖြစ်သကဲ့သို့ ဌာနအနေဖြင့်လည်း ကြွေးကျန်များမရှိသဖြင့် နှစ်ဦးနှစ်ဖက် အဆင်ပြေနိုင်မည်ဖြစ်ပါသည်။ ကြိုးဖုန်းကြိုတင်ငွေဖြည့်ကတ်စနစ်ကို ရန်ကုန်မြို့တွင် နယ်မြေလေးခုခန့်သာ ဆောင်ရွက်ပေးနိုင်သဖြင့် ဆက်လက်၍ ဆောင်ရွက်လျက်ရှိပြီး အခြားနည်းလမ်းများလည်း စဉ်းစားကြံဆ၍ ဆောင်ရွက်လျက်ရှိပါသည်။

**သပိတ်ကျင်းမြို့တွင် ပင်စာစားများအားSIM Card များ ချထားပေးရာတွင် သပိတ်ကျင်းဘဏ်တွင် Smart Card ဖြင့် ထုတ်ယူသူများသာ ရရှိ၍ Smart Card မရှိသူ ပင်စင်စားများ မရရှိပါ။ သပိတ်ကျင်းမြို့နယ်တွင်းရှိ ပင်စင်စား ၁၉ ဦးခန့် SIM Card များ မရရှိသေးပါကြောင်း တင်ပြခြင်းနှင့်ပတ်သက်၍** တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် သပိတ်ကျင်းမြို့ရှိ ပင်စင်စား ၁၉ ဦး အတွက် SIM Card များထုတ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက ဖြေကြားအပ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*



## သွားနှင့်ခံတွင်း အခမဲ့ဆေးဝါးကုသပေး

**မန္တလေး ဇွန် ၂၇**

မန္တလေးသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှ ပါမောက္ခ ဦးကိုကိုစိုး ဦးဆောင်၍ အလုပ်သင်ဆရာဝန်ငါးဦး၊ ဆရာလေးဦး၊ စတုတ္ထနှစ်ကျောင်းသား ၂၉ ဦးတို့သည် ဇွန် ၂၂ ရက် ည ၇ နာရီက ရောက်ရှိခဲ့ပြီး ကသာမြို့ ရပ်ကွက်(၅) မြရွှေညွန့်မိုးကုတ် ရိပ်သာကျောင်းတိုက် သုခယောဂီဆောင်တွင် ရောက်ရှိတည်းခိုနေပြီး ဇွန် ၂၃ ရက်က စကားကုန်းလမ်းခွကျေးရွာ၊ ဇွန် ၂၄ ရက်၌ ကျောက်ထုံးကြီး မိဿလင်ကျေးရွာ၊ ဇွန် ၂၅ ရက်တွင် မိုးတားကြီးကျေးရွာ၊ ဇွန် ၂၆ ရက်တွင် မိုးတားလေးကျေးရွာ၊ ဇွန် ၂၇ ရက်တွင် မင်းလယ်ကျေးရွာ၊ ဇွန် ၂၈ ရက်တွင် အောက်ဝဲကြီးကျေးရွာနှင့် ဇွန် ၂၉ ရက်တွင် ကသာမြို့ အမှတ်(၉)ရပ်ကွက်တို့တွင် သွားနှင့်ခံတွင်း စစ်တမ်းကောက်ယူခြင်း၊ ပညာပေးဟောပြောပွဲနှင့် အခမဲ့ဆေးဝါးကုသခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရန် ခြင်ဆေးဖျန်း

**မြန်အောင် ဇွန် ၂၇**

မြန်အောင်ပြည်သူ့ဆေးရုံ (ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့) မြန်အောင်မြို့ အမှတ် (၃)ရပ်ကွက် အုပ်ချုပ်ရေးမှူး ရပ်ကွက်အထောက်အကူပြုကော်မတီနှင့် ပါရမီလူမှုကူညီရေးအဖွဲ့တို့သည် ဇွန် ၂၃ ရက်မှ စတင်ကာ ရပ်ကွက်အတွင်းရှိ အိမ်များ၊ ရေမြောင်းများနှင့် ခြင်ခိုအောင်းနိုင်သောနေရာများတွင် ဆေးဖျန်းခြင်းလုပ်ငန်းများကို နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် လိုက်လံဆောင်ရွက်လျက်ရှိသည်။ မာလာသီယွန်တစ်ဆ ဒီဇယ် ၁၉ ဆ ရောစပ်ထားသော ဆေးရည်ကို ဆေးမှုတ်စက်အတွင်းသို့ စနစ်တကျထည့်ပြီး နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ရောဂါသယ်ဆောင်ထားသောခြင်ကို အမြန်ဆုံးသေစေရန် ဆေးဖျန်းခြင်းဖြစ်ကြောင်း၊ ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့က မာလာသီယွန်ဆေး၊ ခြင်ဆေးဖျန်းစက်နှင့် ဝန်ထမ်းများ ပါဝင်ကူညီပံ့ပိုးကြောင်း၊ ကျောင်းများ၊ လူအများနေသောနေရာများ၊ ရပ်ကွက်များအတွင်းသို့ ခြင်ဆေးဖျန်းလိုပါကလည်း ဖျန်းပေးမည်ဖြစ်ကြောင်း ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့ MI ဦးတင်အောင်က ပြောကြားသည်။

အမှတ်(၃) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိန်သန်းဦးက ရပ်ကွက်တစ်ခုလုံး ခြင်ဆေးဖျန်းပေးမည်ဖြစ်ပြီး အိမ်များအတွင်းဖျန်းချင်သူများကိုလည်း ဖျန်းပေးကြောင်း၊ လိုအပ်သော ဒီဇယ်နှင့် ခတ်ဆီကို ပါရမီလူမှုကူညီရေးအဖွဲ့မှ လှူဒါန်းကြောင်း ပြောသည်။

**နေဝင်းဇော်(မြန်အောင်)**

# ကျေးရွာချင်းဆက် မြေသားလမ်းကို ကျောက်ကြီးခင်း

**ပန်းတောင်း ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ရေကျော်အုပ်စု ရောင်ကြီးကျေးရွာနှင့် ပုသိမ်-မုံရွာကားလမ်းမကြီးသို့ ဆက်သွယ်ထားသော ကိုယ့်အားကိုယ်ကိုး မြေသားလမ်းကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဆောင်မှုဖြင့် ၉-၁၁-၂၀၁၃ ရက်တွင် မြေထိုးစက်ဖြင့် ဖောက်လုပ်ခဲ့သည်။



ယခုအခါ မိုးရာသီကျရောက်နေပြီဖြစ်သဖြင့် သွားလာရေးလွယ်ကူစေရန်အတွက် ချောင်းကျောက်ကြီးခင်းခြင်းလုပ်ငန်းကို မြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်း အမှတ်(၅) တပ်ခွဲမှ တပ်ခွဲမှူး-နေဒူးဦးဆောင်၍ ပတ်ဝန်းကျင်ရွာများဖြစ်သော သပြေကုန်းကျေးရွာ၊ ပေပင်ကျေးရွာနှင့် ရေကျော်ကျေးရွာတို့မှ ကြက်ခြေနီမောင်မယ်များ၊ စေတနာလုပ်အားရှင်များ စုပေါင်းကာ ချိုင့်ခွက်များဖို့ခြင်း၊ ကျောက်ကြီးများခင်းခြင်းတို့ကို လုပ်အားပေးခဲ့ကြသည်။

အဆိုပါလမ်းသည် အရှည် ၂ မိုင်၊ ၆ ဖာလုံ၊ အကျယ် ပေ ၂၀ ရှိပြီး ကျေးရွာပြည်သူများမှ ငွေကျပ် ၁၂၈ သိန်း ကုန်ကျခံသုံးစွဲခဲ့ပြီး ဖြစ်သည်။ ထို့အပြင် ဆက်သွယ်ရေးလမ်းပေါ်ရှိ မျောက်လုပ်ချောင်းတံတား တည်ဆောက်ရန် ပြည်သူ့လွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သိန်း ၅၀ ထောက်ပံ့ပေးထားကြောင်း သိရသည်။

**နေဒူး**


## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ချမ်းမြသာစည်မြို့နယ်တရားရုံးတော်**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃၈**

၁။ ဦးအောင်ခိုင် **နှင့်** ဒေါ်ခင်ကြည် (၄င်း၏အထွေထွေ
၂။ ဒေါ်သန္တာချို ကိုယ်စားလှယ်စာရသူ ဒေါ်တင်)
**တရားလိုများ** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၆လမ်း၊ ၃၃×၃၄လမ်းကြားနေ ဒေါ်ခင်ကြည် (၄င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်တင်) (ယခုနေရပ်လိပ်စာမသိ)နေ သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ စိုက်ပျိုးရေးကွက်သစ်၊ အကွက်အမှတ်(D)၊ ဦးပိုင်အမှတ်(၁၁၁)မြေကွက်နှင့်ပတ်သက်၍ တရားလို တရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၇ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်ဇင်နိုင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၅၇၁၉၆၊ New Anbo 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးထော်စင်းဆီ(ခ)စိုးနိုင် ၁၃/လရန(နိုင်)၀၁၈၆၃၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၁ယ/၂၈၄၂၄၊ Fekon-125 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၈/မကန(နိုင်)၁၇၇၅၂၃မှ (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း ကညန၊ တိုင်းဒေသကြီးရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းဒေသကြီးရုံး(မကွေး)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျှက်မော်အနောက်ရပ်ကွက်၊ အကွက်အမှတ် ၄၄၃၊ ဦးပိုင်အမှတ် ၁၃၊ ၈၆×၈၇လမ်းကြား၊ ရွှေတချောင်းနောက်ဘက်လမ်းကြားရှိ ဦးကြည်စိန်အမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဦးကြည်စိန်၊ မိခင်ဒေါ်တုတ်ကြီးတို့ အသီးသီးကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သောသမီး ဒေါ်ညို ၉/မနတ(နိုင်)၀၉၂၂၅၉က ဂရန်ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ဦးထိန်းဝင်း၏သား ရေဦးမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(D)မှ မောင်ရတနာထိန်အား မောင်ရန်ထက်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ရန်ထက်အောင်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၈၀၂၇၉၊ Kenbo CZT 125, MC ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်နိုင် ၅/တဆန(နိုင်)၀၈၃၅၀၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(အနီးစခန်း)၊ နဝမတန်းမှ မခိုင်ရွှေဝါ၏ဖခင်အမည်မှန်မှာ ဦးကျော်အေး(ခ)ဆန်ခမ်း ၁၃/ကမန(နိုင်)၀၂၇၀၉၉ ဖြစ်ပါကြောင်း။

**ဦးကျော်အေး(ခ)ဦးဆန်ခမ်း**

## အမည်ပြောင်း

မင်းဘူးမြို့၊ မြောက်ရပ်၊ အမက ဒုတိယတန်းမှ ဦးတိုးတိုး ၈/မဘန(နိုင်)၀၆၇၄၄၅၏သမီး မပြည့်မှူးနိုင်အား မမြတ်ရတနာတိုးဟု ပြောင်းလဲခေါ်ပါရန်။

**မမြတ်ရတနာတိုး**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(အနီးစခန်း)၊ နဝမတန်းမှ မောင်ဟိန်းဇော်အောင်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းထမ်းဟိန်း(ခ)ဦးထမ်းဟိန်း ၁၃/ကမန(နိုင်)၀၂၆၉၅၁ ဖြစ်ပါကြောင်း။ **ဦးစိုင်းထမ်းဟိန်း(ခ)ဦးထမ်းဟိန်း**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၄၆၃၄၊ Toyota Corolla Station Wagon (4×2)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်လွင်လွင်ဝင်း ၁၂/ရကန(နိုင်)၀၁၇၅၆၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကျောင်းတိုက်ကျေးရွာနေ ဦးအောင်တင်-ဒေါ်ချစ်လွန်းတို့၏သား မောင်သိန်းဇော် ၅/ကလထ(နိုင်)၁၀၉၁၈၆သည် မိဘဆွေမျိုးသားချင်းညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲအောင်အမျိုးမျိုးပြုလုပ်ခြင်း၊ ရိုင်းပျစွာပြောဆိုဆက်ဆံခြင်း၊ ရန်သူသဖွယ်ပြုမူခြင်းများ၊ လိမ်လည်ပြောဆိုခြင်းများကို အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်း သည်းခံပါရန်။)**

**ဦးအောင်တင် ၅/ကလထ(နိုင်)၀၁၆၆၁၁**
**ဒေါ်ချစ်လွန်း ၅/ကလထ(နိုင်)၀၁၆၆၁၂**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

## တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲခြင်း ဆိုင်ရာ ပြည်ခရိုင်တွင် ဆွေးနွေး

**ပြည် ဇွန် ၂၇**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မိန့်ကြားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်(၁)ကို အကောင်အထည်ဖော်ရန်နှင့် ဆောင်ရွက်ပြီးစီးချိန်တွင် ပြောင်းလဲတိုးတက်မှု အကျိုးရလဒ် (Result)ရရှိမှုနှင့်တကွ စမ်းသပ်တင်ပြရန် လုပ်ငန်းစဉ်(၁)(က)အဖြစ် တာဝန်သိမှုတာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲကို ဇွန်၂၃ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး(အနောက်) ပြည်ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် Future Myanmar Consult Training Service ၏ MD ဦးဇင်ဖြိုးပိုင်က ရှင်းလင်းဆွေးနွေးခဲ့သည်။ ယင်းဆွေးနွေးပွဲသို့ ပြည်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်နိုင်ဦးနှင့် ဝန်ထမ်းများ၊ ပြည်၊ ရွှေတောင်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ သဲကုန်း၊ ပေါင်းတည်မြို့နယ်များမှ ဝန်ထမ်းများ စုစုပေါင်း ၆၀ ခန့် တက်ရောက်ပါဝင်ဆွေးနွေးခဲ့သည်။ **(၁၀၅)**

## မိုဘိုင်းဖုန်းသုံးစွဲသူများအတွက် သတိပြုဖွယ်ရာ

မိုဘိုင်းဖုန်းသုံးစွဲသူဦးရေသည် ယခုအခါ လူတန်းစားအလွှာအသီးသီး၊ နယ်ပယ်အသီးသီး၊ နေရာအနှံ့ ဒေသအနှံ့ ကျယ်ပြန့်တိုးပွားလာနေသည်။ လူကြီးလူငယ် အရွယ်မရွေး မိုဘိုင်းဖုန်းသုံးစွဲနေကြသည်။

မိုဘိုင်းဖုန်းကိုသုံးစွဲကြရာတွင် ဈေးထဲမှာ၊ ရပ်ကွက်ထဲမှာ၊ ကားမှတ်တိုင်မှာ၊ အလုပ်ခွင်မှာ၊ လယ်ကွင်းထဲမှာ၊ မိုးထဲလေထဲမှာ၊ လိုင်းကားထဲမှာ စသည်ဖြင့် နေရာအနှံ့ အချိန်မရွေး သုံးစွဲနေကြသည်။ ယင်းကြောင့်လည်း သုံးစွဲသူတို့၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဆက်ဆံရေးများ အချိန်နှင့်တစ်ပြေးညီ သိရှိဆောင်ရွက်နိုင်သည့် အကျိုးရလဒ်ကို ရရှိထားသည်မှာ အမှန်ပင်ဖြစ်သည်။

မိုဘိုင်းဖုန်း သုံးစွဲနေမှုကြောင့် အကျိုးရလဒ်များရှိသကဲ့သို့ မိုဘိုင်းဖုန်းသုံးစွဲရာမှာ သတိမူရမည့် အကြောင်းအချက် များစွာရှိသည်။ ယခုရက်ပိုင်းထုတ် မြန်မာ့အလင်းသတင်းစာပါ မိုဘိုင်းဖုန်းသုံးစွဲသူများအတွက် သတိပြုဖွယ်ရာ သတင်းကောင်းနှစ်ပုဒ်ကို အကျဉ်းဖော်ပြလိုပါသည်။

ဇွန် ၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၅)တွင် အောင်ကျော်ထွန်း(ပုသိမ်ကြီး) ရေးသားသည့် "ရင်ဘတ်အတွင်းထည့်ထားသည့် မိုဘိုင်းဖုန်းကို လျှပ်စီး ဝင်ပြီးသေဆုံး"သတင်းတစ်ပုဒ်ဖြစ်သည်။

သတင်းအကျဉ်းမှာ မိုးရွာချိန်ဖြစ်သောကြောင့် မကြူကြူမော်၏ ရင်ဘတ်အတွင်း ထည့်ထားသည့် မိုဘိုင်းဖုန်းသည် လျှပ်စီးလက်သည့်အချိန်တွင် လျှပ်စီးဝင်ပြီး မကြူကြူမော်၏ ခန္ဓာကိုယ်၌ ဒဏ်ရာမတွေ့ဘဲ နေရာတွင် သေဆုံးသွားကြောင်း။

နောက်သတင်းတစ်ပုဒ်မှာ ဇွန် ၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၅)ပါ စိုးဝင်း(SP)၏ "ဖုန်းအားသွင်းထားရာမှ ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်မှုဖြစ်ပွား" သတင်းပင်ဖြစ်သည်။

သတင်းအကျဉ်းမှာ တောင်ဥက္ကလာပမြို့နယ်အတွင်း ဇွန် ၁၀ ရက် ညဦးပိုင်းက ဖုန်းအားသွင်းထားရာမှ ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သတင်းဖြစ်သည်။

ဖော်ပြပါသတင်းများသည် မိုဘိုင်းဖုန်းသုံးစွဲသူများ အားလုံးအတွက် အထူးသဖြင့် လူငယ်လူရွယ်များ ဆင်ခြင်အထူးသတိပြုရန် လိုအပ်ချက်များကိုဖော်ပြနေသည့် သတင်းကောင်းများပင်ဖြစ်သည်။

ယခုအခါ လူငယ်အများစုက လမ်းသွားရင်းကားပေါ်မှာ၊ ကားမှတ်တိုင်မှာ၊ နေအိမ်မှာ၊ အိပ်ရာမှာ၊ ဆိုင်ကယ်စီးရင်းစသည်ဖြင့် နေရာမရွေး၊ နေပူမိုးရွာမရှောင် မိုဘိုင်းဖုန်းပြောဆိုသုံးစွဲနေကြသည်။ နေရာမရွေး၊ နေ့ညမရွေး၊ မိုဘုန်းဖုန်းကို အားသွင်းနေကြသည်။ သတိလက်လွတ်ဖြစ်ချိန်တွင် မိမိအတွက် အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးဖြစ်စေနိုင်သည်ကို သတိပြုရန် အထူးလိုအပ်လှပါသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)၏ သတင်းအဆုံးတွင် ဆက်သွယ်ရေးပညာရှင်တစ်ဦးက ယင်းမှာ မိုးရွာနေစဉ်သော်လည်းကောင်း၊ မိုးထစ်ချုန်းနေစဉ်သော်လည်းကောင်း၊ လျှပ်စီးလက်နေစဉ်သော်လည်းကောင်း ဖြစ်ပေါ်ချိန်တွင် မိုဘိုင်းတယ်လီဖုန်းများ ပါဝါပိတ်ထားသင့်ကြောင်း၊ ကွင်းပြင်များ၊ လယ်ကွင်းများတွင် မိုဘိုင်းတယ်လီဖုန်းများ ယူဆောင်မသွားသင့်ကြောင်း အကြံပြုချက်ကို မိုဘိုင်းဖုန်းသုံးစွဲသူအားလုံးက ဆင်ခြင်သတိရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း ထပ်မံအသိပေးလိုက်ပါသည်။

**ကိုချစ်**

## သတင်းတိုများ

### မြိုင်ဒေသ စိမ်းလန်းစိုပြည်ရေး မိုးရာသီသစ်ပင်စိုက်

**မြိုင် ဇွန် ၂၇**

ကမ္ဘာ့သစ်ပင်များနေ့ ဂုဏ်ပြုသောအားဖြင့် မြိုင်ဒေသ စိမ်းလန်းစိုပြည်ရေး မိုးရာသီသစ်ပင်စိုက်ပွဲကို ဇွန် ၂၅ ရက် နံနက် ၇ နာရီက မြိုင်-ပခုက္ကူ ကားလမ်းမိုင်တိုင် အမှတ် ၂၁/၂ မိုင် စဘေအုပ်စု ထန်းငယ်တောရွာချောင်း အနီး၌ကျင်းပသည်။ အဆိုပါ သစ်ပင်စိုက်ပွဲတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဝင်းနိုင်ဦးက ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအကြောင်းနှင့် တောတောင်စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပေးအကြောင်းများ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သစ်ပင်စိုက်ပျိုးကြကြောင်း သိရသည်။ **(၁၃၅)**

### သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ

**ဆိပ်ဖြူ ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဦးစီးဌာနကဦးစီး၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပွဲတော်ကို ဇွန် ၂၄ ရက်က ဆိပ်ဖြူမြို့နယ် ကိုးတောင့်ကျေးရွာအုပ်စု အထက(ခွဲ)ကိုးတောင့်၌ ကျင်းပသည်။ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးမှူး ဦးဝင်းမြင့်နှင့် ကိုးတောင့်အထက(ခွဲ)ကျောင်းအုပ်ဆရာကြီး ဦးကံဌေးတို့က တမာပင်ကို စတင်စိုက်ပျိုးခဲ့ပြီး သစ်တောဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက အထိမ်းအမှတ်သစ်ပင်များကို စိုက်ပျိုးခဲ့ကြသည်။ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတွင် မန်ကျည်း၊ တမာ၊ ကုက္ကို၊ ယူကလစ်သစ်ပင်များ စိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။ **စိုးလင်းနိုင်(iprd)**

## ဆေးလိပ်ကင်းစင်နယ်မြေ သတိပေးနံရံကပ်ကြော်ငြာ ဆိုင်းဘုတ်ကပ်

**ထားဝယ် ဇွန် ၂၇**

တနင်္သာရီတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ဆေးလိပ်ကင်းစင်နယ်မြေ သတိပေးနံရံကပ်ကြော်ငြာဆိုင်းဘုတ်ကို ဇွန် ၂၄ ရက် မွန်းလွဲ ၁ နာရီခွဲက ထားဝယ်မြို့ ပညာရေး ကောလိပ်ကျောင်းတွင် တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သီသီစိုးနှင့် အဖွဲ့ဝင်များသည် ထားဝယ်ပညာရေး ကောလိပ် ကျောင်းအုပ်ကြီး ဒေါ်အေးအေးနှင့်အတူ ဆေးလိပ် ကင်းစင်နယ်မြေ သတိပေးနံရံကပ်ကြော်ငြာဆိုင်းဘုတ်ကို ချိတ်ဆွဲကြသည်။

**ပေးအပ်**

ဆက်လက်၍ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပညာရေးကောလိပ်ကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ကလေးသူငယ် အခွင့်အရေး အခွင့်အရေး ပြုကျင့်ခံရမှုများနှင့် ထိုကလေးငယ်တို့၏ အနာဂတ်ခေါင်းစဉ်ဖြင့် ထုတ်ဝေထားသော စာစောင်နှင့် ငှက်ဖျားရောဂါ ထိန်းချုပ်ကာကွယ်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးပြီး ထားဝယ်ပညာရေးကောလိပ် ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများထံသို့ ကလေးသူငယ် အခွမ်းပြုကျင့်ခံရမှုများနှင့် ထိုကလေးငယ်တို့၏ အနာဂတ်ခေါင်းစဉ်ဖြင့် ထုတ်ဝေထားသော စာစောင်၊ ဗီဒီယိုခွေများနှင့် ရပ်ရွာလုပ်ငန်းခွင် ငှက်ဖျားကင်းစင် လှုပ်သာယာဘဝ ပျော်ရွှင်ပိုစတာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**(တိုင်းဒေသကြီး ပြန်/ဆက်)**



### ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)

### ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲဖိတ်ကြားခြင်း

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)မှ ကြီးမှူး၍ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသား၊ မြို့နယ်သူ၊ မြို့နယ်သားများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**နေ့ရက်** - ၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၂ ရက်၊
၂၀၁၄ခုနှစ် ဇူလိုင် ၁၃ ရက် (တနင်္ဂနွေနေ့)

**အချိန်** - နံနက် ၉နာရီ (သင်္ကန်းကပ်လှူပူဇော်ခြင်းနှင့်တရားတော်နာရေစက်ချခြင်း)
နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ (ဧည့်ခံကျွေးမွေးခြင်း)

**နေရာ** - မြိတ်ကျားကျောင်း
အိမ်တော်ရာဘုရားဝင်း၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

အသင်းသူ၊ အသင်းသားများ လှူဖွယ်ပစ္စည်းများအား အသင်းရုံးခန်းသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ပြီး ကိုယ်တိုင်ကိုယ်ကျ ကပ်လှူပူဇော်နိုင်ပါကြောင်းလည်း အသိပေးနှိုးဆော်အပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

**အမှတ်(၇၀)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၀၉-၇၃၂၅၄၉၃၅**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ် ၁၀၆၀ကို မူလအမည်ပေါက် တပ်သားသန်းဦး ကိုယ်စား ဦးကျော်ညွှန့်မှ မြေပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် မြေချပါမစ် (အိမ်ရာဆောက်လုပ်ခွင့်၊ မှီခိုသူစာရင်း)ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**မြေယာရုံးခွဲ(၅)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၃**

ဦးဖြိုးဝေအောင် **နှင့်** ၁။ ဦးတင်အေး၊ ၂။ ဒေါ်ခင်သန်းဦး၊ ၃။ ဦးသူရညွှန့်၊ ၄။ ဦးစိုးတင့်၊ ၅။ ဒေါ်အေးစန္ဒာတင့်

**တရားလို** **တရားပြိုင်များ**

၁။ ဦးတင်အေး (ယခင်)အမှတ်(၆၆၃)၊ သစ္စာလမ်း၊ (၁၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ (ယခုနေရပ်လိပ်စာမသိ)

၂။ ဒေါ်ခင်သန်းဦး (ယခင်)အမှတ်(၆၆၃)၊ သစ္စာလမ်း၊ (၁၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ)

၃။ ဦးသူရညွှန့် (ယခင်)အမှတ်(၆၆၃)၊ သစ္စာလမ်း၊ (၁၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၁ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်တို့က ထုချေတင်ပြအဆိုပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(မိမိအောင်)**

**မြို့နယ်တရားသူကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

### စည်သူ (၈၆) သူငယ်ချင်းများသို့

ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၈၆) စည်သူတပ်ခွဲ၏ ၂-၇-၂၀၁၄ရက်တွင် ကျရောက်သော (၂၁)နှစ်မြောက် တွေ့ဆုံပွဲနှင့် ကျဆုံး/သေဆုံး သူငယ်ချင်းများအားရည်စူး၍ နေ့ဆွမ်းဆက်ကပ်ခြင်း၊ တရားနာရေစက်ချအမျှပေးဝေခြင်းတို့အား အောက်ပါအတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ မိသားစုနှင့်အတူ တက်ရောက်ပါရန်-

**အချိန်** - ၀၉:၀၀ နာရီ

**ရက်စွဲ** - ၆-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့)

**နေရာ** - မွန်ပရိယတ္တိစာသင်တိုက်၊ ဗိုလ်တထောင်ဘုရားဝင်း၊
ဗိုလ်တထောင်မြို့နယ်။

**ဆက်သွယ်ရန်** - သန်းဦး ဖုန်း-၀၉-၅၁၀၁၂၆၀၊ အောင်ကျော်မြင့် ဖုန်း-၀၉-၂၅၀၅၇၄၃၈၄၊
ယဉ်ထွေး ဖုန်း-၀၉-၈၆၃၁၅၁၁၊ တင်စိုး ဖုန်း-၀၉-၈၆၁၆၄၀၄၊
ကျော်မိုးအေး ဖုန်း-၀၉-၅၁၁၂၈၇၃၊ စောလင်း ဖုန်း-၀၉-၅၁၈၄၆၉၇၊
အောင်မြင့် ဖုန်း-၀၉-၅၁၆၂၈၇၂၊ နေဝင်း ဖုန်း-၀၉-၅၄၂၁၀၈၇

### အမည်ပြောင်း

ဦးကံမြင့် ၁၂/တမန(နိုင်)၀၂၉၈၇၅၏ သမီး သဃ်န်းကျွန်းမြို့နယ်၊ N-3 ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မမေသူအောင်အား မသက်မှုးအိန္ဒြေဟု ပြောင်းလဲခေါ်ပါရန်။ **မသက်မှုးအိန္ဒြေ**

### ဖခင်အမည်မှန်

ပြည်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(F)မှ မယွန်းဝတီ၏ ဖခင်အမည်မှန်မှာ ဦးလုံးပို ဖြစ်ပါသည်။ **ဦးလုံးပို**


### ရောင်းမည်

၁။ လက်ရှိလည်ပတ်လျက်ရှိသော Internet & Game ဆိုင် Computer (၁၈)စုံ+Server (၂)လုံး+ပစ္စည်းစုံ

၂။ ဂျပန် Denyo မီးစက် 13KVA

**ဆက်သွယ်ရန်**

**ဖုန်း-၀၉-၂၅၀၀၅၁၁၄၁၊**
**၀၉-၅၄၀၂၂၄၈၊**
**၀၉-၅၀၀၉၈၃၅**


### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ မြေကွက်အမှတ် ၁၀၂၀၊ မြေကွက်တည်နေရာအမှတ် ၁၀၂၀၊ (၄၆)ရပ်ကွက်၊ ဒဂုံမြောက်ပိုင်းမြို့နယ်၊ (ဦးထွန်းရီ ISN-၀၆၈၀၆၀) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးထွန်းရီကွယ်လွန်သဖြင့် ဒေါ်ဌေးရီ ၁၂/လမန(နိုင်)၀၇၀၁၆၈က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်းကျမ်းကျိန်တင်ပြ၍ အထွေထွေကိုယ်စားလှယ်ရရှိသူ ဒေါ်မေထွေး ၁၂/သကတ(နိုင်) ၁၅၁၈၅၄မှပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်း မရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၈၊ မြေကွက်အမှတ် ၁၅၄၊ မြေကွက်တည်နေရာအမှတ် ၁၅၄၊ ၁၃၈ ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် (ဦးမြင့်ရွှေ)အမည်ပေါက် ပါမစ်မြေအား (ဦးမြင့်ရွှေ) ၁၂/အစန(နိုင်) ၀၇၇၁၃၉ မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့်ဂရန်သစ်လျှောက်ထားရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

## မြေပိုင်ရှင်များလက်ဝယ်သို့ ယာယီလုပ်ပိုင်ခွင့်လက်မှတ်များ ဂွမြို့နယ် ကမ်းသာယာကမ်းခြေတွင်ပေးအပ်

**ဂွ ဇွန် ၂၇**

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ ဂွမြို့နယ်အတွင်းရှိ ကမ်းသာယာကမ်းခြေနှင့် ကျိန္တလီမြို့တို့တွင် တပ်မတော်မှ ပြန်လည်ပေးအပ်သည့် မြေယာများအား မူလပိုင်ရှင်တောင်သူများထံသို့ ယာယီလုပ်ပိုင်ခွင့်များ ပြန်လည်ပေးအပ်ခြင်းကို ဇွန် ၂၄ ရက် နံနက်က ကမ်းသာယာကမ်းခြေ ကင်းပုံကျေးရွာ အခြေခံပညာ မူလတန်းကျောင်းနှင့် မွန်းလွဲ ၁နာရီတွင် ကျိန္တလီမြို့ အခြေခံပညာ အထက်တန်းကျောင်းတို့တွင် ကျင်းပခဲ့သည်။

တပ်မတော်မှ မြေယာများအား မူလပိုင်ရှင် တောင်သူများလက်ဝယ်သို့ ယာယီလုပ်ပိုင်ခွင့်များ ပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ကမ်းသာယာ ကမ်းခြေရှိ ဆပ်သွား၊ ကင်းပုံ၊ ဇီးကုန်းကျေးရွာအုပ်စုများရှိ တောင်သူ ၁၆၀ ဦးတို့အတွက် မြေယာ ၃၀၈ ဒသမ ၈၂ ဧက နှင့် ရှောက်ကုန်း၊ စေတီကွင်း၊ သဲကုန်း၊ ပုန်းညက်ကျေးရွာများရှိ တောင်သူ ၂၀၂ ဦးတို့အတွက် မြေယာ ၄၈၀ ဧကတို့အား ပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများထံမှ သိရှိရသည်။

အဆိုပါအခမ်းအနားသို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးသာလူချေ၊ ဂွမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာ၊ ပြည်နယ်၊ ခရိုင်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဝင်များနှင့် မူလမြေယာပိုင်ရှင်တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြသည်။

ဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တို့က အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ပြည်နယ်မြေစာရင်းဦးစီးမှူး ဦးကျော်ငြိမ်းကစွန့်လွှတ်မြေယာများနှင့် ပတ်သက်၍ရှင်းလင်းတင်ပြဆွေးနွေးသည်။ ဆက်လက်ပြီးတပ်မတော်မှစွန့်လွှတ်သည့်မြေယာ ၇၈၈ ဒသမ ၈၂ ဧကကို မူလပိုင်ရှင်တောင်သူ ၃၆၂ ဦးထံသို့ ယာယီလုပ်ပိုင်ခွင့်များကို တောင်သူတစ်ဦးချင်းစီသို့ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးသာလူချေနှင့် တာဝန်ရှိသူများကအသီးသီးလက်ရောက်ပေးအပ်ခဲ့ကြပြီး တောင်သူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြကြောင်း သိရသည်။

**(ပြည်နယ်ပြန်/ဆက်)**

## တောင်သာချောင်းဖြတ်ကွန်ကရစ်တံတား ရာနှုန်းပြည့် ပြီးစီးပြီဖြစ်၍ဒေသခံများ ဝမ်းမြောက်

**ကလေး ဇွန် ၂၇**

ကလေးမြို့အနောက်တောင်ဘက် အများပြည်သူသုံးလမ်းမကြီးပေါ်တွင် တောင်သာချောင်းကိုဖြတ်လျက် တည်ဆောက်ထားသည့် တောင်သာ အာရ်စီကွန်ကရစ်တံတားကြီးမှာ ရာနှုန်းပြည့်တည်ဆောက်ပြီးစီးသွားပြီ ဖြစ်၍ ဒေသခံများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာတော့မည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါတံတားကို ယခုနှစ် ဧပြီ ၁ရက်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားအရှည် ၆၂ ပေ၊ အကျယ် ၂၄ ပေနှင့် အမြင့် ၁၂ ပေခန့်ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေမှ ငွေကျပ်သိန်းပေါင်း ၉၄၇ သိန်း အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ကလေးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုကော်မတီမှ တာဝန်ယူ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကာ ယင်းတောင်သာတံတားအား အမာခံဆောက်လုပ်ပေးခြင်းကြောင့် ကလေးမြို့အနောက်တောင်ဘက်ရှိ ကျေးလက်နေပြည်သူများနှင့် မြို့ပေါ်နေပြည်သူများအတွက် ရေကြီးရေလျှံသည့် မိုးရာသီအချိန်များတွင်လည်း စိတ်အေးချမ်းသာစွာ သွားလာနိုင်ကြမည်ဖြစ်သည့်အတွက် ပြည်သူများ အလွန်ဝမ်းမြောက်ကြကြောင်း သိရသည်။

အဆိုပါတံတားဆောက်လုပ်မှုအား ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ဦးတင်လှိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခမ်လျန်းခိုင်၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းနှင့်အဖွဲ့ဝင်များက ဇွန် ၂၄ ရက်နေ့တွင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြပြီး ဇွန် ၃၀ ရက်တွင် ရာနှုန်းပြည့် ပြီးစီးမည်ဖြစ်သည်။

**ဂျိုးနက်**





**တောင်ငူမြို့နယ်အတွင်း ရေလွှမ်းမိုးခြင်းမှ ကင်းဝေးစေရန်နှင့် ရေဝပ်ခြင်းမှ ကာကွယ်ရန်အတွက် မြို့ပေါ်ရပ်ကွက်များအတွင်းရှိ လမ်းများနှင့် လူနေခြံဝန်းများအကြား ရေမြောင်းများကို စက်ယန္တရားများဖြင့် တူးဖော်နေခြင်းကို ဇွန် ၂၃ ရက်က စတင်ပြုလုပ်ခဲ့ရာ ယခုအခါ ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။**

ကျော်လှ(တောင်ငူ)

## လူကုန်ကူးမှုတားဆီးရေး မြင်းခြံ၌ပညာပေး

**မြင်းခြံ ဇွန် ၂၇**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မန္တလေးနှင့် မြင်းခြံခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့တို့ပူးပေါင်း၍ မြင်းခြံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

မြင်းခြံခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥက္ကဋ္ဌ ဦးမြင့်သင်းအောင်မှ လူကုန်ကူးမှုဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းမှ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ ပါဝင်ဆောင်ရွက်ရသည့်လုပ်ငန်းများကိုဟောပြောခဲ့ပြီး၊ လူကုန်ကူးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၁၁)မှ ရဲအုပ် ထင်အောင်ရဲမြင့်က အမျိုးသမီးငယ်များ လူကုန်ကူးမှုဖြစ်စေသော အကြောင်းများ၊ တားဆီးကာကွယ်ရေးနည်းလမ်းများ၊ အမျိုးသား၊ အမျိုးသမီး၊ လူကြီး၊ လူငယ်မရွေး လူကုန်ကူးမှုခံရနိုင်သည့်အခြေအနေများကို ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် တက်ရောက်လာသူများမှ သိရှိလိုသည်များ မေးမြန်းခြင်းကိုလည်း ပြန်လည်ဖြေကြားခဲ့သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနအဖွဲ့၊ ကော်မတီရုံးများတွင် အသုံးပြုရန်အတွက် မော်တော်ယာဉ်တစ်စီး၊ Computer နှင့် ဆက်စပ်ပစ္စည်းများ၊ Printer၊ Colour Printer၊ Fax၊ Laptopနှင့် အခြားရုံးသုံးစက်ကိရိယာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များအား ညွှန်ကြားရေးမှူး(စီမံ)အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၅၁)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၅-၆-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၄-၇-၂၀၁၄ ရက် (သောကြာနေ့) ၁၃:၀၀ နာရီ
**ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၃၀၀၈၉၊ ၀၆၇-၄၃၀၂၇၀

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန**

## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ 1000 KVA ဂျင်နရေတာတစ်လုံးဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်ခြင်းနှင့်ပတ်သက်၍

## ထပ်မံအသိပေးကြေညာခြင်း

### ၂၃-၆-၂၀၁၄ရက်

၁။ တင်ဒါပိတ်မည့်ရက်ကို ၂၇-၆-၂၀၁၄ရက် မွန်းတည့် ၁၂ နာရီအစား ၄-၇-၂၀၁၄ ရက် မွန်းတည့် ၁၂နာရီအထိ တိုးချဲ့ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများဖွင့်ဖောက်ခြင်းကို ၈-၇-၂၀၁၄ ရက် ၁၄:၀၀ နာရီတွင် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ ကုန်သည်/စက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် ကျင်းပပြုလုပ်ပါမည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ဆေးသိပ္ပံပညာဦးစီးဌာန**
**ဆရာဝန်ဆေးကုသခွင့်လိုင်စင်(ဆမ)ထုတ်ပေးရေးမွမ်းမံသင်တန်းနှင့် သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်မှတ်ပုံတင်(သခ)ထုတ်ပေးရေးမွမ်းမံသင်တန်းများအတွက်**

## လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်တွင် ဆရာဝန်ဆေးကုသခွင့်လိုင်စင်(ဆမ)ထုတ်ပေးရေးမွမ်းမံသင်တန်းနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ရန်ကုန်တွင် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်(သခ) ထုတ်ပေးရေးမွမ်းမံသင်တန်းကို ၂၀၁၄ခုနှစ် ဇူလိုင်လနောက်ဆုံးပတ်တွင် ဖွင့်လှစ်မည်ဖြစ်၍ ၂၀၁၄ခုနှစ်အထိမတိုင်မီ ဘွဲ့လက်မှတ်ရရှိထားပြီး ဆရာဝန်ဆေးကုသခွင့်လိုင်စင်(ဆမ)/ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်(သခ)မရရှိသေးသူများနှင့် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး လုပ်သက်(၁)နှစ်မပြည့်ဘဲ အလုပ်မှ ထုတ်ပစ်ခြင်းခံရသူများ (သို့မဟုတ်) တစ်နှစ်နှင့်အထက် တာဝန်ထမ်းဆောင်ခဲ့သော်လည်း အလုပ်မှထုတ်ပစ်ခြင်းခံရပြီး နောက်သုံးနှစ်ကာလကျော်လွန်နေသည့် ဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **လျှောက်လွှာပိတ်ရက်** - ၂၃-၇-၂၀၁၄ ရက်

၃။ **လျှောက်ထားရမည့်နေရာ** - ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်နှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ရန်ကုန်

၄။ အသေးစိတ်အချက်အလက်များကို ဆေးသိပ္ပံပညာဦးစီးဌာန(ရုံးချုပ်) နေပြည်တော်၊ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်နှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်များတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

**စုံစမ်းမေးမြန်းရန် ဖုန်း-** ၀၆၇-၄၁၁၂၃၇ (ဆေးသိပ္ပံပညာဦးစီးဌာန)
၀၁-၉၆၉၉၈၅၂ (ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)
၀၁-၅၇၁၂၇၃ (သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်)

**ဆေးသိပ္ပံပညာဦးစီးဌာန**

**သတ္တုတွင်းဝန်ကြီးဌာန**
**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Flexble Full HD Video | ၂ စုံ |
| (ခ) | Computer & Printer | ၄ မျိုး |
| (ဂ) | Air Con 1.5 HP | ၂ လုံး |

၂။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၁၄-၇-၂၀၁၄ ရက် ညနေ ၁၆:၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံများအား ၃၀-၇-၂၀၁၄ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာန ဖုန်း-၀၆၇-၄၁၄၀၈၃သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အလက(၃)၊ ပဉ္စမတန်း(A)မှ မဝုန်ဆန်းလွန်နှင့် တတိယတန်း(A)မှ မောင်ဒိုင်လာမ်မွောင်တို့၏ဖခင်အမည်မှန်မှာ ဦးထန်လျန်းဇပေါင်(ခ)ဦးမောင်မောင်လေး ၅/ကလထ(နိုင်)၀၂၉၈၄၆ ဖြစ်ပါကြောင်း။

**ဦးထန်လျန်းဇပေါင်(ခ)ဦးမောင်မောင်လေး**
**၅/ကလထ(နိုင်)၀၂၉၈၄၆**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၇၃၁၀၊ Myanmar BS L/T MBS-011, P/U (4 × 2) R.H.D ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်လွင် ၁၂/အစန(နိုင်)၁၃၄၆၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊အင်းစိန်**

ကျန်းမာရေးဆောင်းပါးနှင့်သတင်း

# မိုးဦးကျဖြစ်ပွားတတ်သော ရောဂါများ

ရွှေထွန်းဖံ(ရွှေလျော်ကား)

မြန်မာနိုင်ငံမှာ တစ်နှစ်အတွင်း နွေ၊ မိုး၊ ဆောင်းရယ်လို့ ဥတုသုံးပါး ရှိပါတယ်။ အပူ၊ အအေးမတူညီဘဲ ထိုရာသီဥတုသုံးပါးသည် တစ်ဥတုမှ တစ်ဥတုသို့ ကူးပြောင်းတဲ့အချိန်အခါမှာ အပူနှင့်အအေး၊ ပူလိုက်၊ အေးလိုက် အားပြိုင်ကြတဲ့အတွက် ရောဂါဝေဒနာများ ကျရောက်တတ်ပါသည်။ ဥပမာ အသား၊ ငါးတို့ကို အပူထဲမှာ ထားသည်ဖြစ်စေ၊ အအေးခန်းထဲမှာ ထားသည်ဖြစ်စေ မပုပ်မသိုးရှိတတ်ပါတယ်။ အပူထဲမှာ ထားလိုက်၊ အအေးခန်းထဲမှာ ထားလိုက်ရှိတဲ့အခါ အသားငါးတို့ ပုပ်သိုးတတ်သလို လူတွေဟာလည်း ပူလိုက်အေး လိုက်ဖြစ်တဲ့အတွက် ရောဂါဝေဒနာ များကျရောက်တတ်ပါတယ်။

နွေလကုန်လို့ မိုးဦးကျအချိန်အခါမှာ "မေထုန်ခွင် နွေစွန်လမှာမို့ မိုးမာန်က တအုံအုံ၊ မည်းလို့တဲ့မှုန်"လို့ တိုင်တားမြို့သူကြီး ရေးသားခဲ့သလို နယုန်ဝါဆိုလတွေမှာ၊ ကောင်းကင်တစ်ခွင်လုံး မိုးသားတိမ်မဲတို့ အုံ့မှိုင်းနေကြလေပြီ။ မိုးချုန်းသံများနှင့်အတူ မိုးဖွဲဖွဲများကလည်း ရွာသွန်းလာတတ်ပါတယ်။ နေအပူချိန်ဟာ တဖြည်းဖြည်းလျော့ပါးလာပြီး မိုးမင်းကလည်း တကျော့နှစ်ကျော့ ကျော့ကာသီလို့ အားနဲ့မာန်နဲ့ လာနေပြီဖြစ်ပါတယ်။ တိုင်းရင်းဆေးပညာအလိုအရ မိုးရာသီကို ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ မိုးဥတုလို့ သတ်မှတ်ထားပါတယ်။ သို့သော်လည်း အခုအခါမှာ နွေအပူက မကုန်သေး၊ မိုးကလည်း မပီပြင်၊ အပူအအေး အားပြိုင်တဲ့ကာလဖြစ်လို့ ရောဂါဝေဒနာများ ကျရောက် တတ်ပါတယ်။ အစားအသောက် အနေအထိုင်များကို သတိထားပြီး နေထိုင်စားသောက်သင့်ပါတယ်။

နေပူထဲမှ အအေးရှိရာသို့ အမြန်ပြေးဝင်နားခိုတဲ့အခါ ထိုသူဟာ အပူအအေး ဥတုပြောင်းလဲမှုကြောင့် ဥတုနှင့်အတူ လိုက်မပြောင်းနိုင်တဲ့ ကိုယ်တွင်းဓာတ်တွေဟာ ဖောက်ပြန်ကြပြီး ရောဂါဝေဒနာတွေ ကျရောက်တတ်ပါတယ်။ သဘာဝအတိုင်းဖြစ်ပေါ်လာတဲ့ ရာသီဥတုတွေကို ဆန့်ကျင်စွာမနေကြဘဲ ရာသီဥတုနှင့် လိုက်လျောညီစွာ နေထိုင်စားသောက်သွားမည်ဆိုပါက ဖောက်ပြန်သောဥတုကြောင့် ကျရောက်လာမည့် ရောဂါတွေကိုလည်း ကာကွယ်တားဆီးပြီးဖြစ်ပါလိမ့်မယ်။

**ရာသီဥတုအကူးအပြောင်းတွေမှာ ဖြစ်တတ်တဲ့ရောဂါများကို ကာကွယ်လိုလျှင် ဝမ်းနှုတ်ခါ၊ သုံးခါခန့် နုတ်သင့်တယ်. . . .**

ဝါဆို၊ ဝါခေါင်နှစ်လသည် ဝဿနဥတုမည်၏။ ဤဥတုသည် စိုစွတ်၏။ ပူတုံအေးတုံရှိ၏။ အိုက်စပ်၏၊ ကောင်းကင်တွင် မိုးတိမ်တို့ မပြတ်ရှိတတ်၏။ အနောက်လေ ပူတတ်၏။ နတ်သမီးကွမ်းသွေး စသော ပိုး၊ မှတ်၊ ခြင်၊ ယင်၊ ဖား၊ မြွေ၊ ငှက်တို့ သားပေါက်ဖွားကြ၏။ ထိမ်၊ မအူ၊ လက်ထုပ်၊ ဆပ်သွား၊ မုလေး၊ ပုန်းညက်၊ စံပယ်တို့ ပန်းပွင့်ကြကုန်၏။ မြစ်ရေတို့ပြည့်လျှံ၍ ရေအိုင်၊ ရေကန်စသည်တို့တွင် ကြာဖြူ၊ ကြာနီ၊ ကြာညိုတို့ ပွင့်ကြကုန်၏။ အမြစ်၊ အသီး၊ အပွင့်၊ အရွက်၊ ဆေးမျိုးတို့သည် ပေါက်သစ်စဖြစ်၍ ဓာတ်နုသောကြောင့် အစွမ်းသတ္တိနည်းကုန်၏လို့ ဆိုပါတယ်။

ဒီရာသီမှာ အပြင်လေအားကြီးပြီး သည်းခြေငုပ်၊ လေပျက်၊ ဝမ်းမီးနုံ့လို့ အစာမကြေရောဂါဖြစ်တတ်ပါတယ်။ အဆီအစေးမရှိ အေးသောသခွားသီး၊ ပိန်နဲသီး အစရှိတဲ့ ကြေကျက်ခဲတဲ့ အစားအစာများကို ရှောင်ကျဉ်ပြီး ကြေလွယ်၊ ကျက်လွယ်၊ ဝင်လွယ်၊ ထွက်လွယ်တဲ့ အစားအစာများကိုသာ စားသောက်သင့်ပါတယ်။

အခုအချိန်မှာ မိုးဦးကျနှင့်အတူ တွဲလျက်ပါလာတတ်တဲ့ အမှည့်လွန်သော သစ်သီးများ၊ ယင်နားစာများ၊ ဝမ်းနုံးစာများ၊ မသန့်ရှင်းသော အစားအစာများ၊ မလတ်ဆတ်သော အစားအစာများကို ရှောင်ကြဉ်ပြီး လေအေး လေစိမ်းအတိုက်မခံဘဲ နွေးနွေးထွေးထွေး ဝတ်စားဆင်ယင်ပြီး နေထိုင်သင့်ပါတယ်။

မိုးဦးကျမှာ ဖြစ်တတ်တဲ့ရောဂါတွေကတော့ လေချုပ်၊ လေထိုး၊ လေအောင့်ဖြစ်ခဲ့ရင် တိုင်းရင်းဆေးနံပါတ် ၃၃၊ ၂ တို့ကို ရှောက်ရည်၊ ရေနွေးတို့နှင့် သောက်ပေးနိုင်ပါတယ်။

ဝမ်းဖောာ၊ ဝမ်းရောင်၊ ဝမ်းပျက်၊ ဝမ်းလျှောခြင်းတို့ကို တိုင်းရင်းဆေးနံပါတ် ၃၅ ကို တစ်ခွက်စာလေးဖုံကို နံနက်၊ နေ့ခင်း၊ ည ရေနွေးနဲ့ တိုက်ပေးနိုင်ပါတယ်။

တုပ်ကွေးဖျား၊ အအေးမိဖျားတို့ကို တိုင်းရင်းဆေးနံပါတ် ၆၊ ၂၅ တစ်မျိုးမျိုးနဲ့ ကွမ်းရွက်၊ ထန်းလျက်ပြုတ်ရည်၊ ချင်း တစ်မျိုးမျိုးနဲ့ တိုက်သင့်ပါတယ်။

မျက်စိနာရောဂါအတွက် တိုင်းရင်းဆေးနံပါတ် ၁၂ နှင့် ဝမ်းနုတ်ပေးပြီး ဆေးနံပါတ် ၅၃ နှင့် မျက်စိကို ကွင်းပေး၊ မဲဇလီမြစ်ကို ပျစ်ပျစ်သွေးကွင်းပေး၊ မန်ကျည်းဖျော်ရည် ချိုချိုကျဲကျဲ သောက်ပေးပါ။

အပူလွန် အဖုအကျိတ်များကို တိုင်းရင်းဆေးနံပါတ် ၄၃ နှင့်ရေအေးစပ်လို့ ခြောက်တိုင်းလူးပေးပါ။ မန်ကျည်းဖျော်ရည်ချိုချိုကျဲကျဲ နံနက်နေ့ခင်း၊ည သောက်ပေးပါ။

ဆီးလွန်ရောဂါရှိသူများတိုင်းရင်းဆေးနံပါတ် ၂၉၊ ၃၅ ကို လက်ဖက်စားဇွန်း တစ်ဇွန်းခန့် ရေနွေးဖြင့် သောက်ပေးပါ။ ကြောင်လျှာသီး၊ ကြောင်လျှာရွက်၊ ဥသျှစ်သီး၊ ဥသျှစ်ရွက် ပူခါးအရသာရှိတဲ့ အသီးအရွက်တို့ကို စားသုံးနိုင်ပါတယ်။

ရာသီဥတုအကူးအပြောင်းတွေမှာ ဖြစ်တတ်တဲ့ရောဂါများကို ကာကွယ်လိုလျှင် ဝမ်းနှုတ်ခါ၊ သုံးခါခန့်နုတ်သင့်တယ်လို့ တိုင်းရင်းသမားတော် ဆရာဦးစိုးလှိုင်သင်ကြားဖူးပါတယ်။ ဆရာကြီးသင်ကြားသလို ပြုလုပ်ကြည့်တဲ့အခါ မှန်ကန်ကြောင်း သိရပါတယ်။

မိုးဦးကျဖြစ်တတ်သော ရောဂါဝေဒနာများမှ ကင်းဝေးနိုင်ကြပါစေ။

## ဆားလင်းကြီးမြို့နယ်အတွင်း၌ ရွှေ့လျားဆေးခန်းဖွင့်လှစ်၍ ဆေးကုသပေး

**ဆားလင်းကြီး ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ဇွန် ၂၂ ရက်က ဆားလင်းကြီးမြို့နယ် လက်ပန်တောင်းကျေးရွာအုပ်စု တောကျောင်းရွာ၌ ကျေးရွာသူရွာသားများအား ရွှေ့လျားဆေးခန်းဖွင့်လှစ်၍ အထွေထွေရောဂါများအား အခမဲ့ကွင်းဆင်းဆေးကုသပေးခဲ့ကြောင်း သိရသည်။

ဆေးကုသသူ ၄၂ ဦးအနက် လေဖြတ်ရောဂါဖြစ်နေသူ ဒေါ်ပို (၅၅ နှစ်)အား မုံရွာမြို့ တိုင်းရင်းဆေးရုံသို့လည်းကောင်း၊ ဆီးကျိတ်ရောဂါဖြင့် အိပ်ရာတွင်လဲနေသည့် ဦးသိန်းအောင် (၈၁ နှစ်)အား ဆားလင်းကြီးမြို့ ပြည်သူ့ဆေးရုံသို့ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူနိုင်ရန်လည်းကောင်း ပို့ဆောင်ပေးခဲ့ပြီး၊ တီဘီရောဂါဖြစ်နေသူ ဦးကျော်နိုင် (၄၄ နှစ်)အား တီဘီရောဂါပျောက်ကင်းအောင် တီဘီရောဂါပျောက်ဆေးများ တိုက်ကျွေးပေးပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ငွေကျပ် ၁၀၀၀၀ ထောက်ပံ့ပေးခဲ့သည်။ ထို့နောက် တုံကျေးရွာအုပ်စု တုံရွာသို့ ဆက်လက်သွားရောက်၍ ဒေသခံကျေးရွာသူ ကျေးရွာသားများအား ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ကျေးရွာသူကျေးရွာသား ၄၃ဦးအား အခမဲ့ဆေးကုသခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

## ဖျာပုံမြို့နယ်တွင် ပုလဲသွယ်စပ်မျိုး မျိုးစေ့ချပွဲတော်နှင့် မျိုးစေ့ပေးအပ်ပွဲကျင်းပ

**ဖျာပုံ ဇွန် ၂၇**

ဖျာပုံခရိုင် ဖျာပုံမြို့နယ် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုး မျိုးစေ့ချပွဲတော်နှင့် မျိုးစေ့ပေးအပ်ပွဲကို ဇွန် ၂၂ ရက်က ဖျာပုံမြို့နယ် ကံ့ကူတာရှမ်းကွင်း စိုက်ပျိုးရေးပညာပေးစခန်း လယ်ယာစိုက်ကွင်း၌ ကျင်းပသည်။

ထို့နောက် မျိုးစေ့ပေးအပ်ပွဲကျင်းပရာ ဖျာပုံမြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးမောင်မောင်သွင်က မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅ အုပ်စုမှ လေ့လာရေး တောင်သူများအား အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုး မျိုးစေ့များကို ကျေးရွာအုပ်စုအလိုက် တောင်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။

**မော်ကျွန်း-မြင့်အောင်**



## မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၂၇**

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း (Myanmar Library Association) က အပြည်ပြည်ဆိုင်ရာ စာကြည့်တိုက်အသင်းများနှင့် အဖွဲ့အစည်းများ (International Federation of Library Associations and Institutions-IFLA) ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် Building Strong Library Association Program ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၃၀ ရက်မှ ဇူလိုင် ၂ ရက် အထိ မွန်ပြည်နယ် မော်လမြိုင်မြို့ The Strand Mawlamyaing Hotel ၌ ကျင်းပမည်ဖြစ်ကြောင်းနှင့် အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ IFLA မှ Core Trainer Dr.Michael Robinson၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းမှ အလုပ်အမှုဆောင်များနှင့် စာကြည့်တိုက်မှူးများ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**(ခင်ချိုဝင်း)**


**ယဉ်ကျေးမှုဝန်ကြီးဌာန**
**အနုပညာဦးစီးဌာန**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဌာနပိုင်ပစ္စည်းများဝယ်ယူခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်လိုပါသည်-

(က) ကဇာတ်ရုံသုံးနှင့် ထုတ်လုပ်ဖျော်ဖြေရေး၊ လေ့ကျင့်သင်ကြားရေးသုံးပစ္စည်းများ — တစ်စု
(ခ) စက်နှင့်စက်ကိရိယာတန်ဆာပလာပစ္စည်းများ — တစ်စု
(ဂ) ရုံးသုံးစက်ကိရိယာများ — တစ်စု
(ဃ) ရုံးသုံးပရိဘောဂပစ္စည်းများ — တစ်စု

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ၁-၇-၂၀၁၄ ရက်မှစတင်၍ နေ့စဉ်ရုံးချိန်အတွင်း အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)၊ ရွှေစာရံဘုရားလမ်း၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ ဌာနပိုင်ပစ္စည်းများဝယ်ယူခြင်းအတွက် အိတ်ဖွင့်တင်ဒါများကို ၈-၇-၂၀၁၄ ရက် ၁၃း၀၀ နာရီမှ ၁၄း၀၀နာရီအတွင်း အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)၊ တင်ဒါစိစစ်ရေးအဖွဲ့၏ ရှေ့မှောက်တွင် လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာကလအတွင်း တင်သွင်းခြင်းမရှိသောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)**
**ဖုန်း-၀၈၅-၄၀၁၈၃၊ ၀၉-၃၃၁၂၃၃၅၊ ၀၉-၃၃၁၂၃၃၅၃**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ ပစ္စည်းများအား သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃၀-၆-၂၀၁၄ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၃-၇-၂၀၁၄ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

**မြိတ်မြို့နယ်အသင်း (ရန်ကုန်)**
**ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားလွှာ**

(၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို အောက်ပါ အစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များ၊ မြိတ်နယ်သူ/သားများနှင့် အသင်းမိတ်ဆွေများ စုံစုံညီညီ ကြွရောက်လှူဒါန်းကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

**နေ့ရက်** - ၁၃၇၆ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်၊ ၅-၇-၂၀၁၄ ရက် (စနေနေ့)
**အချိန်** - နံနက် ၉ နာရီ
**နေရာ** - မြိတ်ကျားကျောင်း၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ် (မဟာဓမ္မရံသီအိမ်တော်ရာစေတီတော်အနီး)
**ဆက်သွယ်လှူဒါန်းရန်** - ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို မြိတ်အသင်းတိုက်၊ အမှတ် ၆၈၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၂၂၄၃၄၀သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အမှုဆောင်အဖွဲ့**

**အမည်ပြောင်း**

ဦးထိန်ဝင်း၏သမီး မြောက်ဥက္ကလာပ၊ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့်သူ မဖြိုးရတနာဝင်းအား မမိုးဟေမာန်ဟု ပြောင်းလဲခေါ်ပါရန်။

**မမိုးဟေမာန်**

**တစ်ဦးတည်းဖြစ်ကြောင်း**

မူဆယ်မြို့၊ မြောက်ရပ်ကွက်နေ ဦးရန်ချုံရှန် ၁၃/ကခန(နိုင်)၀၂၇၃၅၈၏သမီး၊ မန္တလေးမြို့ VEC-ပညာရိပ်သာ(ကိုယ်ပိုင်အထက်တန်းကျောင်း) တက္ကသိုလ်ဝင်တန်း(သိပ္ပံတွဲ)မှမနီးနီးဝင်း ၁၃/မဆန(နိုင်)၀၆၄၁၈၄နှင့် မစုမြတ်နိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မနီးနီးဝင်း(ခ)မစုမြတ်နိုး ၁၃/မဆန(နိုင်)၀၆၄၁၈၄**

**အမည်ပြောင်း**

ဘားအံမြို့ ရွှေတောရွာနေ ဦးဟန်ထွန်း၏သား စောအဲခူး ၃/ဘအန(နိုင်) ၂၂၁၂၅၈ အား စောဂျွန်အယ်ခူဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

**ဖခင်အမည်မှန်**

ရမည်းသင်းမြို့၊ မြို့မ အထကကျောင်း၊ စတုတ္ထတန်း(A)မှ မောင်ဘုန်းပြည့်ဇော်၏ဖခင် ဦးအောင်ကိုကိုမြင့်အမည်မှာ ဦးဖုန်းလှိုင် ၉/ရမသ(နိုင်)၀၈၉၈၆၂ဖြစ်ပါကြောင်း။

**ဦးဖုန်းလှိုင် ၉/ရမသ(နိုင်)၀၈၉၈၆၂**

**အများသိစေရန်ကြေညာခြင်း**

မူဆယ်မြို့၊ ဟိုမွန်ရပ်၊ လွယ်တိန်ခမ်းတောင်နေ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးတင်ထွန်း ၁၃/မဆတ(နိုင်)၀၀၄၁၉၈၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အကြောင်းကြားသိစေလိုက်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးတင်ထွန်း၏ဇနီး ဒေါ်ဆိုင်းခေါန် ၁၃/မဆတ(နိုင်)၀၄၆၁၆၁သည် ပထမအကြိမ် ၇-၅-၂၀၁၄ ရက်တွင်လည်းကောင်း၊ ၁၃-၆-၂၀၁၄ ရက်တွင်လည်းကောင်း၊ နေအိမ်မှခင်ပွန်းဖြစ်သူအား အသိမပေးဘဲ သားသမီးများအား ပစ်ခွာ၍ ငွေဆန္ဒအရ ထွက်ခွာသွားပါသဖြင့် တရားမဝင်လက်ခံထားသူများအား ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်းနှင့် ငွေနှင့်ပတ်သက်သည့်ကိစ္စအရပ်ရပ်အား တာဝန်ယူမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသောင်းဟန် (စဉ်-၃၇၉၈)**
**BA (Eco), H.G.P; D.A; R.L**
**တရားလွှတ်တော်ရှေ့နေ**

**ဦးဂျန်မာယာကု**
**စဉ်-၆၉၉၁**
**LL.B. ဥပဒေဘွဲ့**
**တရားလွှတ်တော်ရှေ့နေ**

# တယ်လီနောသံစဉ်ပြိုင်ပွဲ ကျပ်သိန်း ၁၀၀ အထိ ဆုချီးမြှင့်မည်

**ရန်ကုန် ဇွန် ၂၇**

ဆက်သွယ်ရေး ကုမ္ပဏီတစ်ခုဖြစ်သည့် တယ်လီနောမှ မြန်မာတေးသွား ငွေကြယ်ပွင့် ပြိုင်ပွဲကျင်းပကာ မိုဘိုင်းတေးသွားများ ဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။ ဂီတဝါသနာရှင်များအားလုံးကို ဖိတ်ခေါ်ထားပြီး ကိုယ်တိုင်ဖန်တီးရမည့် မယ်လိုဒီတေးသွားတစ်ခုအား ရေးစပ်ပေးရမည်ဖြစ်ကြောင်း၊ အနိုင်ရရှိသည့် အဆိုပါ တေးသွားများကို တယ်လီနော၏ ရုပ်သံပိုင်းဆိုင်ရာ အသုံးပြုမှုများတွင် သုံးစွဲမည်ဖြစ်ပြီး ကောလ်စင်တာတွင် နားဆင်ရသည့် အလိုလျောက်ဖြေကြားမည့် တယ်လီနောအစီအစဉ်တွင် ထိုတေးသွားကိုပင် အသုံးပြုသွားမည် ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်ရောက်လိုသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်တေးသွားများအား တယ်လီနောမြန်မာ၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် တင်ထားခြင်း၊ အသံသွင်းထားသည့် ဖိုင်အား စီဒီဖြင့် ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ မကွေးနှင့် မော်လမြိုင်တို့ရှိ တယ်လီနော၏ အသံသွင်းရန်သတ်မှတ်ထားသည့် စတူဒီယိုများတွင် အသံသွင်းခြင်းတို့ကို ပြုလုပ်ကာ ပြိုင်ပွဲယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲကို ဇွန် ၂၅ ရက်မှ ဇူလိုင် ၂၅ ရက်အထိ သတ်မှတ်ထားပြီး ဩဂုတ် ၂၂ ရက်တွင် ဆုများကိုကြေညာပေးသွားမည်ဖြစ်ကာ ပထမဆုအဖြစ် ငွေကျပ် သိန်း ၁၀၀၊ ဒုတိယဆုနှင့် တတိယဆုများအဖြစ် ငွေကျပ် သိန်း ၂၀ စီနှင့် အထူးဆုများလည်း ပါဝင်ကြောင်း၊ ဒိုင်များအဖြစ် ခင်မြတ်မွန်၊ ဒီရာမိုရ်နှင့် လင်းလင်းတို့က ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သွန်းဝသန်**



## နွားချေးတင်ဆောင်သည့်ကားအဖြစ် ဟန်ဆောင်ထားသည့် သစ်ခိုးယူကား ပြင်ဦးလွင်မြို့အနီး ဖမ်းဆီးရမိ

**ပြင်ဦးလွင် ဇွန် ၂၇**

ဇွန် ၁၅ ရက် မွန်းလွဲ ၂ နာရီက မန္တလေး- ပြင်ဦးလွင်လမ်းကြောင်းအတိုင်း မောင်းနှင်လာသော ဖော်တွန်အမျိုးအစား ခြောက်ဘီးယာဉ် ယာဉ်အမှတ် ၄၈/---- သည် အနီးစခန်းအရောက် ဖောင်းတောမြို့ရှောင်လမ်းအတိုင်း မောင်းနှင်သွားသဖြင့် သစ်တောဝန်ထမ်းများက လိုက်လံစစ်ဆေးရာ ယာဉ်မောင်းဆန်းမင်းကျော်၊ ငွေ့ကြီးကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်နေသူ မောင်းနှင်ပြီး ယာဉ်ပေါ်တွင် တရားမဝင် တမလန်းသစ်ခါးရွေ ၃၃ တုံး၊ ၂ ဒသမ ၈၆၂၂ တန်ကို နွားချေးဖွဲကြမ်းအိတ်များ ဖုံးအုပ်လျက်အနေအထားဖြင့် ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ တရားမဝင်သစ်များကို ရှာဖွေရာ ညနေ ၅ နာရီခွဲတွင် ကျွဲနွားထောက်ကျေးရွာ မြောက်ဘက်ကြက်ခြံဟောင်းအနီး၌ တရားမဝင်တမလန်းခါးရွေ ၁၈တုံး ၂ဒသမ ၀၉၅ တန်ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသစ် စုစုပေါင်း ၅၁ တုံး၊ ၄ ဒသမ ၉၅၇၂ တန်နှင့် ယာဉ်ကို မြို့နယ်သစ်တောဦးစီးဌာန ဒိုးကွင်သစ်တော ပျိုးဥယျာဉ်သို့ သယ်ဆောင်သိမ်းဆည်းထားပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်းသိရသည်။

**(၄၃၂)**

## အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် စာစီစာကုံးပြိုင်ပွဲများ မြင်းခြံ၌ ကျင်းပ

**မြင်းခြံ ဇွန် ၂၇**

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးဖြေဆိုခြင်းကို အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁) တွင် ဇွန် ၂၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

မြို့နယ်အဆင့်စာစီစာကုံးဖြေဆိုမှုတွင် အခြေခံပညာအထက်တန်းအဆင့်အတွက် မြန်မာအမျိုးသမီးများနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းရေးတာဝန် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အလယ်တန်းအဆင့်အတွက် ယဉ်ကျေးလိမ္မာမြန်မာအမျိုးသမီးတို့ အစဉ်အလာခေါင်းစဉ်ဖြင့် လည်းကောင်း ကျောင်းသူ ၃၀ ဦး ဖြေဆိုကြသည်။

အဆိုပါ စာစီစာကုံးဖြေဆိုမှုကို မြင်းခြံခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်နီနီဝင်းနှင့်အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမြင့်ဦးနှင့် ဆရာ၊ ဆရာမများမှ အားပေးကြပြီး ဆုရရှိသူများအား အမျိုးသမီးများနေ့ အခမ်းအနားတွင် ဆုချီးမြှင့်ပေးမည်ဖြစ်သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## တံတားကမ်းပါးမြေသား ပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကျပ် ၂၁သန်းကျော် သုံးစွဲဆောင်ရွက်



**ကလေး ဇွန် ၂၇**

ကလေးမြို့ ပင်လုံရပ်ကွက်ရှိ ဗိုလ်ချုပ်လမ်းမနှင့် ချမ်းမြေ့အောင်စည်ရပ်ကွက်ရှိ ပင်လုံလမ်းမတော်ကို ပေါင်းကူးဆက်သွယ်ပေးထားသော ဥပုသ်ချောင်းကို ဖြတ်လျက်တည်ဆောက်ထားသည့် ဆိပ်ကမ်းသာ သံကူကွန်ကရစ်တံတားသည် မြို့တွင်း ဥပုသ်ချောင်းကို ဖြတ်ကူးသော မြို့လယ်တံတားဖြစ်ပြီး အမှတ် ၃ အ. ထ. က ကျောင်းသားကျောင်းသူများနှင့် အများပြည်သူ အသုံးပြုသောတံတားဖြစ်သည်။

ယခင်နှစ် မိုးရာသီအချိန် ချောင်းရေကြီးခြင်းကြောင့် လမ်းမတော်ဖက်တံတားကမ်းပါးတစ်လျှောက် ပြိုကျပျက်စီးခြင်းကြောင့် ယခင်သစ်သားတံတားသည် ထက်ဝက်ကျော်ကျိုးပြတ်သွားသည့်အပြင် လူနေအိမ်များပါ ဖျက်ဆီးခံရပြီး မြေနေရာများပျောက်ရှိုးလျှက် ရေဘေးအန္တရာယ်တွေ့ကြုံနေရသည့် ပြည်သူများသည် အလွန်စိတ်ဆင်းရဲလျှက်ရှိကြသည်။ သို့သော်လည်းယခုအချိန်တွင် ဆိပ်ကမ်းသာ သံကူကွန်ကရစ်တံတားကြီးအား ဆောက်လုပ်ပြီးစီးပြီဖြစ်သည့်အပြင် ပြည်သူများရေဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် တံတားကြီးရေရှည်တည် တန့်ခိုင်မြဲစေရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး၏ စီစဉ်ပေးမှုဖြင့် ပျက်စီးသွားသော ကမ်းပါးအား ကျောက်ဖြည့်သံဆန်ခါကာခြင်းလုပ်ငန်း၊ မျောကျောက်ဖြည့်ကမ်းထိန်းလုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိရာ ရာနှုန်းပြည့်ပြီးစီးသွားပြီးဖြစ်သည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုသီးသန့် ခွင့်ပြုရန်ပုံငွေမှ ကျပ်သန်းပေါင်း ၂၁ ဒသမ ၇၅ သန်း အကုန်ကျခံကာ မျောကျောက်ဖြည့်ကမ်းထိန်း ကျောက်စီတမံ အရှည် ၂၇၅ ပေ ဆောက်လုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဂျူးနိုင်း**

---

### ပုလောမြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ (၁၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားကို နာယက၊ အမှုဆောင်များကကြီးမှူး၍ (၁၃၇၆ခုနှစ်၊ ဝါဆိုလဆန်း ၁၀ရက်) ၂၀၁၄ခုနှစ်၊ ဇူလိုင် ၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ပုလောမြို့နယ် အသင်းတိုက်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်လှူဒါန်းပူဇော်ကြပါရန်နှင့် လှူဖွယ်ပစ္စည်း လှူဒါန်းလိုသူများ နီးစပ်ရာ နာယက၊ အမှုဆောင်များနှင့် အသင်းအုပ်ချုပ်ရေးမှူး ဖုန်း-၂၂၀၃၂၄၊ ၂၂၉၇၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အမှုဆောင်အဖွဲ့**

### ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် ၂၉၊ လူနေရပ်ကွက်အမှတ် ၂၊ ခရေလမ်း၊ မြေကွက်အမှတ် ၄၉၇၊ စုစုပေါင်းဧရိယာ ဝဒသမ၁၆၈ ဧကရှိမြေကွက်အား အမည်ပေါက်ဆိုင်ရှင် ဦးသူရ(ခ)ဦးသိန်းလွင် ၁၂/ကမရ(နိုင်)၀၂၃၈၄၉ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို မြေကွက်ပိုင်ဆိုင်သည့်စာရွက်စာတမ်း အထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ၁၄ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်မာလွင် LL.B,D.B.L(စဉ်-၇၆၅၂)**

**တရားလွှတ်တော်ရှေ့နေ**

**ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၇**

### မွေးသက္ကရာဇ်မှန်နှင့် ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ရုံးစည်ကြီးကျေးရွာအုပ်စု၊ ရုံးစည်ကြီး အထက်တန်းကျောင်း ဆင့်မတန်း(A)တွင် ပညာသင်ကြားနေသောမောင်စောနေထွန်းလင်း၏မွေးသက္ကရာဇ်မှန်မှာ ၁၀-၈-၂၀၀၂ဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးစောမိုးမြင့်လွင်ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ခင်စိုးစိုးမြင့် မနလ (MA-321946)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဒေါ်ခင်စိုးစိုးမြင့်**

**ဖုန်း-၀၉-၄၃၀၄၂၀၉၁**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျှက်မော်အနောက်ရပ်ကွက်၊ အကွက်အမှတ် (၄၄၃)၊ ဦးပိုင်အမှတ် (၁၄)၊ ၈၆× ၈၇ လမ်းကြား၊ ရွှေတချောင်းနောက်ဘက်လမ်းကြားရှိ ဦးလှမောင်၊ ဒေါ်စောမြိုင်အမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဖြစ်သူ ဦးလှမောင်၊ မိခင်ဒေါ်စောမြိုင်တို့မှ (သား)ဖြစ်သူ ဦးကြည်စိန်ကို မွေးဖွားခဲ့ပြီး (သား) ဖြစ်သူ ဦးကြည်စိန်မှာ ဇနီးဒေါ်တုတ်ကြီးနှင့် အိမ်ထောင်ကျ၍ (သမီး) ဒေါ်ညိုကို မွေးဖွားခဲ့ပါသည်။ အဘိုး၊ အဘွား၊ ဖခင်၊ မိခင်တို့ ကွယ်လွန်သွားပါသဖြင့် (မြေး/သမီး)ဖြစ်သူ ဒေါ်ညို ၉/မနတ(နိုင်)၀၉၂၂၅၉က ဂရန်ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ပျောက်ဆုံးကြောင်း

Brother Land Trading Co., Ltd.၏မူရင်းစာရွက်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၀၀၄၁၄၇**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁နှင့် ၅)**

**တန့်ဆည်မြို့နယ်တရားမရုံး၌**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၃**

| | | | |
|---|---|---|---|
| ဒေါ်ပြုံးစိန် | နှင့် | ၁။ | ဒေါ်သိန်းအေး |
| | | ၂။ | မောင်ထွန်း |
| **တရားလို** | | | **တရားပြိုင်များ** |

တန့်ဆည်မြို့၊ မေတ္တာမြိုင်ရပ်နေ ဒေါ်သိန်းအေး(ဘ)ဦးသန်းအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တန့်ဆည်မြို့၊ မေတ္တာမြိုင်ရပ်နေ ဒေါ်ပြုံးစိန်က ချေးငွေ ၃၆၀၀၀၀ိ/ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇူလိုင် ၈ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၈ရက်)မွန်းမတည့်မီအချိန်တွင်အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် တင်ပြလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးနိုင်)**

**မြို့နယ်တရားသူကြီး**

**တန့်ဆည်မြို့နယ်တရားရုံး**

### ဒေါ်သန္တာဝင်း(ခ)မစိုးနှင့် အများသိစေရန် ကြေညာခြင်း

ကျွန်တော် ကိုကျော်သူ ၉/မရတ(နိုင်) ၁၀၉၉၂၉ နှင့် ဒေါ်သန္တာဝင်း(ခ)မစိုး ၉/မရတ (နိုင်)၁၁၁၅၁၃တို့သည် ၂၀-၁-၂၀၁၄ရက်က အမရပူရမြို့နယ် တရားရုံးတွင် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ နောက်နောင်တွင် ကျွန်ုပ်အားသိက္ခာကျဆင်းစေသော အပြောအဆို၊ အပြုအမူများ ထပ်မံပြုလုပ်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ကိုကျော်သူ**

**၉/မရတ(နိုင်)၁၀၉၉၂၉**

# ကျောင်းအခြေပြုမူကြို ၄၀၀၀ ဖွင့်လှစ်ရန် ပညာရေးမျှော်မှန်း

**ရန်ကုန် ဇွန် ၂၇**

ကလေးငယ်များ ကျောင်းနေပျော်စေရေးနှင့် အခြေခံပညာအဆင့် သင်ယူခြင်းများအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်သည့် ကျောင်းအခြေပြုမူကြိုများကို ယခုပညာသင်နှစ်အတွင်း ၇၀၀ ကျော် ဖွင့်လှစ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အခြေခံပညာကျောင်းများနှင့် တွဲဖက်ကာ ကျောင်းအခြေပြု မူကြိုများကို ဖွင့်လှစ်ပေးနိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနမှ နှစ်ရှည်နှစ်တိုစီမံကိန်းများ ချမှတ်ကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဖွင့်လှစ်ရမည့် မူကြိုကျောင်းများ၏ အနေအထားနှင့် ကျောင်းသားလက်ခံပေးနိုင်မှု၊ ထားရှိရမည့် ဆရာအရေအတွက်တို့အား သုတေသနပြုစုလျက်ရှိကြောင်း မူကြိုပညာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင် ရန်ကုန်ပညာရေးတက္ကသိုလ်ဒုတိယပါမောက္ခချုပ်ဒေါက်တာ ဒေါ်ခင်မျိုးမြင့်ကြူက ပြောကြားသည်။

ထို့အပြင် အဆိုပါ စီမံချက်များ ရေးဆွဲပြီးစီးပါက ကျောင်းအခြေပြုမူကြိုကျောင်းပေါင်း ၄၀၀၀ ခန့်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး အခြေခံပညာကျောင်းများတွင် မူကြိုကိုပါ ထည့်သွင်း ဖွင့်လှစ်ပေးနိုင်ပါက ကလေးငယ်များအတွက် အတန်းပညာရေးစတင်ချိန်တွင် များစွာ အဆင်ပြေစေနိုင်ကြောင်း သိရသည်။

"အခုတော့ လေ့လာမှုတွေဆောင်ရွက်နေပါတယ်။ လက်ရှိမှာ အခြေခံပညာ မူလတန်းကျောင်းပေါင်း သုံးသောင်းကျော်အနက် မူလတန်းကျောင်း ၃၀၀၀၀နီးကျင်မှာ ကျောင်းအခြေပြု မူကြိုကျောင်းတွေ ဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။ ထပ်မံပြီး ယခုနှစ်အတွင်း ကျောင်းပေါင်း ၇၀၀ခန့် ဖွင့်လှစ်ပေးမှာဖြစ်ပြီး မူကြိုဆရာ၊ ဆရာမတွေကိုလည်း ခန့်အပ်သွားဖို့ အစီအစဉ်တွေ ဝန်ကြီးဌာနကို တင်ပြထားပါတယ်"ဟု ၎င်းက ပြောကြားသည်။

ထို့အပြင် လက်ရှိစီမံကိန်းရေးဆွဲနေသည့် ကျောင်းအခြေပြုမူကြိုဖွင့်လှစ်ရာတွင် ကျောင်းသားနှင့် စာသင်ခန်း၊ ဆရာဦးရေအချိုးကိုပါ ထည့်သွင်းစဉ်းစားထားပြီး မူကြိုခန်းတစ်ခန်းလျှင် ကျောင်းသား ၃၀ ခန့် သတ်မှတ်ထားပြီး ဆရာဦးရေ နှစ်ဦးခန့် ခန့်အပ်ထားပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရှိရသည်။



**အဆင့်မြင့်စံပြမူကြိုတစ်ခုသို့ တက်ရောက်သင်ကြားနေကြသည့် ကလေးငယ်များအား မြင်တွေ့ရစဉ်။**
ဓာတ်ပုံ - သွန်းဝဿန်

ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ကဲ့သို့သော မြို့ကြီးများတွင် အစိုးရနှင့် ပုဂ္ဂလိက မူကြိုကျောင်းများ ပြည့်ဝစွာ ဖွင့်လှစ်ထားရှိနိုင်သော်လည်း အခြားသော ပြည်နယ်တိုင်းဒေသကြီး အသီးသီးတွင် အဆင့်မြင့်မူကြိုကျောင်းအရေအတွက်မှာ နည်းပါးလျက်ရှိကြောင်း၊ ဒေသစုံတွင် အခြေခံပညာ မူလတန်းကျောင်းများနှင့် တွဲဖက်သည့် မူကြိုများကို ဖွင့်လှစ်နိုင်ပါက ကလေးသူငယ်များအတွက် ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းများပိုမို တိုးပွားလာနိုင်ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာနမှ စံပြမူကြိုများကိုလည်း ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးတစ်ခုစီတွင် ဖွင့်လှစ်ထားရှိရန် စံပြမူကြို ၁၈ ကျောင်းကို ရည်ရွယ်ထားရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။

**မေဦးမိုး**

# ကလေးခရိုင်တွင် စာသင်ကျောင်း ၄၆ ကျောင်းခန့် အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့

**ကလေး ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်း ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှ စတင်ကာ ဒေသတွင်းရှိ ကျောင်းသားဦးရေနှင့် ကျောင်းမလုံလောက်မှု၊ ကျောင်းသားများ နှစ်စဉ်နှစ်ဆခန့် တိုးတက်များပြားလာမှုတို့ကြောင့် လိုအပ်နေသည့် ကျောင်းများအား အဆင့်မြှင့်တင်ပေးခဲ့ရာ စုစုပေါင်း ၄၆ ကျောင်းခန့် ဆောင်ရွက်ပေးနိုင်ပြီဖြစ်သဖြင့် ကျောင်းသားကျောင်းသူများ ပြည့်ဝစွာ ပညာသင်ကြားနိုင်ပြီဖြစ်ကြောင်းသိရသည်။

ကျောင်းများ လိုအပ်ချက်ရှိနေသည့်အတွက် ပြီးခဲ့သည့် နှစ်အတွင်းကပင် စတင်ကာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းတို့က ကျောင်းများ တည်ဆောက်ခွင့်၊ အဆင့်မြှင့်တင်ခွင့်ရရှိရေးတို့ကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ အဆင့်ဆင့် တင်ပြချက်များအရ နိုင်ငံတော်မှ ယခုကဲ့သို့ ကျောင်းများကို အဆင့်တိုးမြှင့်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

"ပြီးခဲ့တဲ့နှစ်က ကလေးမြို့ပေါ်မှာ အထက်တန်းကျောင်း သုံးကျောင်းသာရှိခဲ့ပါတယ်။ အထက ၃ ကျောင်းမှာဆိုရင် တက္ကသိုလ်ဝင်တန်းကို ဆယ်ခန်းခွဲပြီး သင်ပေးနေတာကိုတွေ့ရတယ်။ တာဟန်း အထကမှာဆိုရင်လည်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ငါးထောင်ကျော်ရှိနေပါတယ်။ ကျောင်းသားကျောင်းသူနဲ့ သင်ကြားပေးနေရတဲ့ဆရာ မလုံလောက်မှုတွေ၊ မမျှတမှုတွေကြောင့် မနိုင်မနင်းဖြစ်ရပြီး ကလေးတွေ ပညာသင်ယူတဲ့အခါ အခက်အခဲတွေရှိခဲ့ရပါတယ်။ နောက်ပြီး ကလေးမြို့မှာ ရပ်ကွက်ကြီး ၁၉ ခုရှိပါတယ်။ ကလေးမြို့နယ်တစ်ခုလုံးမှာ လူဦးရေက တစ်နှစ်ကို လက်ရှိရဲ့ နှစ်ဆနီးပါး တိုးလာနေတော့ ဘယ်လိုမှ မလုံလောက်လို့ စီစဉ်ပေးရခြင်းဖြစ်ပါတယ်"ဟု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။

လက်ရှိတွင် ကျောင်းများအဆင့်တိုးမြှင့်ပေးနိုင်ခဲ့ပြီး ဆရာ၊ ဆရာမများ ဖြည့်တင်းနိုင်ရန် ကြိုးစားလျက်ရှိကြောင်း ဒေသခံ ပညာရေးဝန်ထမ်းတစ်ဦးက ပြောပြသည်။

ယခုနှစ်ကျောင်းဖွင့်ရာသီအမီ ကလေးဒေသအတွင်းရှိ အထက ၄ နှင့် အထက ၅တို့ကို ဖွင့်လှစ်နိုင်ရေးအတွက်ကြိုးပမ်းခဲ့ရာ ဇွန် ၂၂ ရက်က ကလေးမြို့ အထက ၅ အခြေခံပညာကျောင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ ထို့အပြင် ကလေးမြို့နယ် ကြို့သုံးပင်၊ စက္ကန့်ကျောင်းများကို ဇွန် ၂၄ ရက်ကလည်းကောင်း၊ မွန်းလိုင်၊ အောင်ရွာ အလယ်တန်းကျောင်းခွဲကို ဇွန် ၂၅ ရက်ကလည်းကောင်း အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သဖြင့် ဒေသခံများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**မျိုးသိန်း(ကလေး)**

# မိုင်းကိုင်မြို့နယ်အတွင်း ကျောင်းသုံးကိရိယာများ လှူဒါန်း

**မိုင်းကိုင် ဇွန် ၂၇**

ရှမ်းပြည်နယ် လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်အတွင်း ပံ့ပိုးကူညီမှု လိုအပ်ချက်ရှိ စာသင်ကျောင်းများသို့ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ဇွန်၂၅ ရက်တွင် အမက(၃)၊ အမက(ခုံမတ်မုံ) စသည့် စာသင်ကျောင်းများ၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးညီညီလွင်စိုးနှင့် ကော်မတီအဖွဲ့ဝင်များ ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်ထွေးနှင့် အဖွဲ့ဝင်များ ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ခဲ့ကြပါသည်။

လှူဒါန်းပွဲအခမ်းအနားတွင် အမက(ခုံမတ်မုံ)မှ ကျောင်းသား ကျောင်းသူ ၄၇ ဦး၊ အမက(၃)မှ ကျောင်းသား ကျောင်းသူ ၁၃၇ ဦးတို့အတွက် ကျောင်းဝတ်စုံများ၊ စာရေးကိရိယာပစ္စည်းများ၊ စာရေးခုံများ စုစုပေါင်းတန်ဖိုး ၃၇၀၀၀၀ ကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် စေတနာရှင် အလှူရှင်များက အသီးသီးလှူဒါန်းကာ မြို့နယ်ပညာရေးကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းများကို ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၂၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၂၀၊ ကော်လံ ၄ တွင် ပါရှိသည့် စာကျက်ဝိုင်းများ အခွန်စည်းကြပ်ကောက်ခံရန်ဆွေးနွေး သတင်းတွင် ဆရာ၊ ဆရာမများအစား စာသင်စာကျက်ဝိုင်း(ဘော်ဒါဆောင်) လုပ်ငန်းပိုင်ရှင်များဟုလည်းကောင်း၊ ကျောင်းသူကျောင်းသား တစ်ဦးလျှင် ဝင်ငွေခွန် တစ်ထောင်ကျပ်ပေးဆောင်ရန် အစား စာသင်စာကျက်ဝိုင်း(ဘော်ဒါဆောင်)လုပ်ငန်းရှင်များမှ ကျောင်းသူ၊ ကျောင်းသား တစ်ဦးလျှင် တစ်ထောင်ကျပ်နှုန်းဖြင့် စည်ပင်သာယာရေးအခွန် (တည်းခိုခန်းလုပ်ငန်းလိုင်စင်ခ)နှစ်စဉ်ကြေးပေးဆောင်ရန်ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

**(ရေတာ်ကောင်းမြို့နယ်ခွဲ ပြန်/ဆက်)**


## ဒေါ်ဒေစီကျော်ဝင်း (ခ) ဒေါ်ခင်သန်းရီ ၁၂/ဗဟန(နိုင်)၀၁၂၃၄၅နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၅၉)ရပ်ကွက်၊ ပဲခူးမြစ်လမ်း၊ အမှတ် ၁၂၂/၁၂၃တွင် နေထိုင်သူ ဒေါ်နန်းအေးဆိုင် ၁၃/လရန(နိုင်)၁၁၂၆၉၄၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းအေးဆိုင်သည် ဒေါ်ဒေစီကျော်ဝင်း (ခ) ဒေါ်ခင်သန်းရီ တရားဝင်ပိုင်ဆိုင်သည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ L/17(၆၀)ရပ်ကွက်၊ ရတနာလမ်း၊ မြေကွက်အမှတ် ၁၁၇၄ဟုခေါ်တွင်သော ဧရိယာ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ မြေကွက်ကို ဒေါ်ဒေစီကျော်ဝင်း (ခ) ဒေါ်ခင်သန်းရီမှ ရောင်းချခဲ့၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းအေးဆိုင်မှ အဆိုပါမြေကွက်ကို ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်ဒေစီကျော်ဝင်း(ခ)ဒေါ်ခင်သန်းရီမှ အဆိုပါမြေကွက်ကို ဒေါ်နန်းအေးဆိုင်သို့ ၎င်းမြေကွက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းကို လက်ရောက်ပေးအပ်ခြင်းမရှိ၍ ၂၁-၇-၂၀၁၃ရက်တွင် နှစ်ဦးသဘောတူကတိစာချုပ်ချုပ်ဆိုပြီး အဆိုပါမြေကွက်နှင့် ပတ်သက်၍ ဒေါ်နန်းအေးဆိုင်နှင့် ဒေါ်ဒေစီကျော်ဝင်း(ခ)ဒေါ်ခင်သန်းရီတို့သည် ၂၁-၇-၂၀၁၃ ရက်တွင် နှစ်ဦးနှစ်ဖက် ညှိနှိုင်းချက်အရ အရောင်းအဝယ်ပြုလုပ်ထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ L/17(၆၀)ရပ်ကွက်၊ ရတနာလမ်း၊ မြေကွက်အမှတ် ၁၁၇၄ဟု ခေါ်တွင်သည့် မြေကွက်မှာ ဦးခင်စိုးအမည်ပေါက်ဖြစ်၍ ခြောက်လပြည့်သည့်အချိန်ထား၍ အဆိုပါမြေကွက်၏ပိုင်ဆိုင်မှုကို ဒေါ်ဒေစီကျော်ဝင်း (ခ) ဒေါ်ခင်သန်းရီမှ ဦးခင်စိုးအမည်ဖြင့် ပါမစ်ကျအောင် ပြုလုပ်ပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်ဟု ဖော်ပြခဲ့ပါသည်။

ထို့အပြင်သတ်မှတ်ထားသည့် အချိန်ကာလခြောက်လအတွင်း ပိုင်ဆိုင်မှုပြုလုပ်ပေးခြင်းမရှိခဲ့ပါက မြေကွက်အမှတ်(၁၁၇၄)နှင့် ပတ်သက်၍ ချုပ်ဆိုခဲ့သည့် အရောင်းအဝယ်စာချုပ်အား နှစ်ဦးသဘောတူဖျက်သိမ်း၍ ဒေါ်ဒေစီကျော်ဝင်း(ခ)ဒေါ်ခင်သန်းရီမှ ၎င်းတရားဝင်ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့ နယ်၊ L/17(၆၀)ရပ်ကွက်၊ ရတနာလမ်း၊ မြေကွက်အမှတ်(၁၄၇၆)ဟုခေါ်တွင်သည့် ဧရိယာပေ(၆၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေကွက်အမှတ် ၁၁၇၄မြေကွက်ကို ရောင်းချထားသည့် တန်ဖိုးအတိုင်း ရောင်းချရန် စာချုပ်ချုပ်ဆို ရောင်းပေးမည်ဖြစ်ကြောင်း ဒေါ်ဒေစီကျော်ဝင်း(ခ)ဒေါ်ခင်သန်းရီမှ ဝန်ခံကတိပြုပါသည်ဟု ဖော်ပြခဲ့ပါသည်။ သို့ရာတွင် ခြောက်လပြည့်သည့် ၂၁-၁-၂၀၁၄ရက်တွင် မြေကွက်အမှတ် ၁၄၇၆အား လက်ရောက်ပေးအပ်ခဲ့ခြင်းမရှိခဲ့ပါ။ ထိုသို့ ပေးအပ်ခဲ့ခြင်းမရှိသည့်အပြင် ၂၀၁၄ခုနှစ်၊ ဇွန်လတွင် အဆိုပါမြေကွက် ၁၄၇၆အား လိုက်လံရောင်းချနေကြောင်း စုံစမ်းသိရှိရပါသည်။

သို့ဖြစ်ပါ၍ ၂၁-၇-၂၀၁၃ရက်တွင် ချုပ်ဆိုခဲ့သည့် နှစ်ဦးသဘောတူကတိစာချုပ်အရ ဒေါ်ဒေစီကျော်ဝင်း (ခ) ဒေါ်ခင်သန်းရီသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းအေးဆိုင်ထံသို့ တရားဝင်ရောင်းချခဲ့သည် မြေကွက်အမှတ် ၁၁၇၄၊ ဧရိယာ ပေ(၄၀×၆၀)မြေကွက် အစား မြေကွက်အမှတ် ၁၄၇၆၊ ဧရိယာ ပေ(၆၀×၄၀)မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေကွက်အမှတ်(၁၁၇၄)အား ရောင်းချထားသည့် တန်ဖိုးအတိုင်း ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းအေးဆိုင်ထံသို့ လက်ရောက်ပေးအပ်ရန် တောင်းဆိုလိုက်ပါသည်။

အကယ်၍ သတ်မှတ်သည့်ရက်အတွင်းလက်ရောက်ပေးအပ်ရန်ပျက်ကွက်ခဲ့ပါက တည်ဆဲဥပဒေအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း၊ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ဒေါ်ဒေစီကျော်ဝင်း (ခ) ဒေါ်ခင်သန်းရီနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိန်းဟန် LL.B,DML,DAPsy,DIL,DBL**

**စာပေဗိမာန်(အငြိမ်းစား)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၄၁)**

**ရုံး - ရှေ့နေများနားနေခန်း၊ မြို့နယ်တရားရုံးဝင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၂၅၄၃၇၉၅၆၆**

**အိမ် - အမှတ် ၇၇၆၊ (၂)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၃၀၈၇၃**

# ရောင်းမည်

Chatrium Hotel အနီးရှိ

ဖိုးစိန်ကွန်ဒိုအခန်းများ

(1) 1570 Sqft, (2) 3300 Sqft

**ဖုန်း-၀၉-၅၀၇၄၁၄၅၊ ၀၉-၅၅၀၆၅၄၈**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏ ဂရန်ပေးရေးစီမံချက်အတွင်းရှိ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/စီ ၁)၊ မြေကွက်အမှတ်(၁/၁၅၆-ခ)၊ မြေကွက်တည်နေရာ အမှတ်(၁/၁၅၆-ခ)၊ ကာယ ၆လမ်း၊ ကာယရပ်ကွက်၊ သဃ်္ဃန်းကျွန်းကြီးကျေးရွာရှိ မြေကွက်အား မြေဂရန်ချထားပေးရေးအထောက်အကူပြုအဖွဲ့၏ ကာယရပ်ကွက် ခြံမြေကွက်များစာရင်းရှိ ငယ်စာရင်းအမည်ပေါက် ဦးလှမြင့်ထံမှ ၃၀-၁၂-၂၀၀၉ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦးထန်းရှမ်းမုန် ၄/ဖလန (နိုင်)၀၂၉၈၀၈က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၊ သဃ်္ဃန်းကျွန်းကြီးကျေးရွာအုပ်စု၊ ကျေးရွာအုပ်ချုပ်ရေးမှူးထောက်ခံချက်တို့ကိုတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာဝန်ထမ်းရပ်ကွက်အမှတ် (င/၄-၁) နေထိုင်သူ ဦးအောင်ကျော်ဦး ၉/မကန(နိုင်)၀၇၀၁၁၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးအောင်ကျော်ဦးသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ကျီစုအနောက်ကျေးရွာ၊ ကွင်းအမှတ်(၄၄၈/ခ)၊ ဓမင်းဆိပ်အရှေ့ ဦးပိုင်အမှတ် (၁၁/၂)ဟု ခေါ်တွင်သည့် ဧရိယာအကျယ်အဝန်း ၁၁ ဒသမ ၁၉ဧကအနက် ၃ ဒသမ ၃ဧကရှိ မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက် ဦးဒိုးလုံး(ခ)ဦးအောင်ကြည်(ကွယ်လွန်)၏ ဇနီး ဒေါ်တင်အောင်၊ တူ ဦးမြင့်စိုး၊ သား ဦးသိန်းဇော်ဝင်းတို့မှတရားရုံးကျမ်းကျိန်လွှာ၊ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲပြီး ပိုင်ဆိုင်ကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းဖိုးငွေစရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိုဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိန်းဟန်**
**LL.B, DML, DAPsy, DIL, DBL**
**စာပေဗိမာန်(အငြိမ်းစား)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၄၁)**

**ရုံး။** ရှေ့နေများနားနေခန်း၊ မြို့နယ်တရားရုံးဝင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၂၅၄၃၇၉၅၆၆

**အိမ်။** အမှတ် (၇၇၆)၊ (၂)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၃၀၈၇၃

## လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

# မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ဦးမျိုးတင့်-ဒေါ်ခင်နွယ်နီတို့၏တစ်ဦးတည်းသောသား

**ကိုမျိုးသီဟ**

နှင့်

ဦးဇေယျ-(ဒေါ်ရီရီမြင့်)တို့၏တစ်ဦးတည်းသောသမီး

**မဇင်သူဇေယျ**

တို့၏ ၂၂-၆-၂၀၁၄ရက် ရန်ကုန်မြို့ Sedona Hotel(Grand Ballroom)၌ ကျင်းပခဲ့သော မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော တိပိဋကဓမ္မရက္ခိတအဖွဲ့နှင့် မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်တို့၏ ဥက္ကဋ္ဌကြီးအဂ္ဂမဟာသီရိသုဓမ္မဇောတဓရ ဦးစိန်တင့်နှင့်ဇနီးဒေါ်တင်တင်ဝင်းအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ဒေါက်တာအောင်ကျော်ဝင်းနှင့် ဇနီးဒေါက်တာသက်သက်ခိုင်(ရွှေနန်းတော်စိန်ရွှေရတနာဆိုင်)အားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များချီးမြှင့်ကြပါသော ရပ်ဝေးရပ်နီးမှ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ အခမ်းအနားမှူး ဦးခိုင်မြဲသာ၊ မင်္ဂလာအခါတော်တေးသီချင်းသီဆိုပေးပါသော ဒေါ်နွဲ့ယဉ်ဝင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော ရောင်စဉ်လှိုင်းတေးဂီတအဖွဲ့၊ မင်္ဂလာ ပန်းကြဲပေးပါသော မရွှေရည်ပြည့်ဖြိုး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော မမင်းမို့မို့မောင်မောင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ပေးပါသော မသက်ရတနာ ကျော်ဝင်း၊ သတို့သားအရံ မောင်ပြည့်စုံလွင်၊ မောင်ဇော်ထိန်လင်း၊ သတို့သမီးအရံ မသက်ထူးဇော်၊ မရတနာစုလှိုင်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံစီစဉ်ပေးပါသော မသက်သက်စု(Marvelous Fabric Fashion)၊ မိတ်ကပ်ဆံပင်အလှဆင်ပေးပါသော ဒီဇင်ဘာနှင်းနှင့်အဖွဲ့၊ လက်ဝတ်ရတနာဆင်မြန်းပေးပါသော ရွှေနန်းတော်စိန်ရွှေရတနာဆိုင်၊ ဓာတ်ပုံဗီဒီယို 7 pictureနှင့်အဖွဲ့၊ Sedona Hotelမှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ ၂၄-၆-၂၀၁၄ရက်တွင် မင်္ဂလာညစာစားပွဲတည်ခင်းဧည့်ခံပေးပါသော G-6 မှ ကိုအောင်အောင်သီဟ၊ ကိုဟန်ထွန်းဦးတို့အားလည်းကောင်း၊ မင်္ဂလာပွဲအခမ်းအနားတစ်ခုလုံး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အစမှအဆုံးစီစဉ်ပေးပါသော Marvelous Wedding Planner အဖွဲ့အားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများ၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင်လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**

**ကိုမျိုးသီဟ-မဇင်သူဇေယျ**

## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်

# ဝန်ထမ်းအလိုရှိသည်

| | | | |
|---|---|---|---|
| ၁။ ဒုတိယရုံးအဖွဲ့မှူး | ကျား | (၁) | ဦး |
| ၂။ စာရင်းကိုင် | ကျား/မ | (၁) | ဦး |
| ၃။ ငွေကိုင် | ကျား/မ | (၁) | ဦး |
| ၄။ ဒု-လျှပ်စစ်မှူး | ကျား | (၁) | ဦး |

အမှတ်စဉ်(၁)အတွက် တက္ကသိုလ်ဝင်တန်းအောင် လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

အမှတ်စဉ်(၂)အတွက် B.Com, CPA, Bcom. DA, LCCI LEVEL II တစ်ခုခုရရှိ ပြီး အသက်(၅၀)ထက် မကျော်စေရပါ။

အမှတ်စဉ်(၃)အတွက် ဘွဲ့တစ်ခုခုရရှိပြီး ငွေကိုင်လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရပါမည်။

အမှတ်စဉ်(၄)အတွက် AGTI (EP) အောင်မြင်ပြီး အသက်(၃၀)မှ (၄၀) အတွင်းရှိ၍ လုပ်သက်အတွေ့အကြုံ ငါးနှစ်ရှိရမည်။ အတွေ့အကြုံရှိသူအား ဦးစားပေးမည်။

(ပညာအရည်အချင်းနှင့် အတွေ့အကြုံများအရအသက်ကိုလျှော့ပေါ့စဉ်းစားပေးမည်။)

အထက်ပါသတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသူများသည်-

ကိုယ်ရေးရာဇဝင်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း တစ်လအတွင်း ရဲစခန်းထောက်ခံချက်၊ တစ်လအတွင်းရိုက်ကူးထားသော ရောင်စုံဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းထောက်ခံချက်များနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း ဂေါပကအဖွဲ့၊ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ဟုလိပ်မူ၍ လျှောက်ထားနိုင်ပါသည်။

**ဂေါပကအဖွဲ့**

**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**

**ဖုန်း-၂၉၂၁၆၉၊ ၂၀၁၇၆၄**

## ဖခင်အမည်မှန်

ရွှေပြည်သာမြို့နယ်၊ အမှတ် (၁၉) ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ် (၄၈/၁၁၂၂)တွင် နေထိုင်သူ မနော်နှင်းအိခိုင် (နဝမတန်း)အောင်သူ၏ ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပညာသင်ကြား နေသောသူ၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုးမျိုး ဖြစ်ပါသည်။

## Air Con

အဟောင်း၊ အပျက်၊

အလောင်များ

ဈေးကောင်းပေးဝယ်သည်။

**ဖုန်း-၀၉-၅၀၂၆၄၅၇**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် ၆C/၅၃၇၃၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၆-၂၀၁၄ရက်ထုတ် စာမျက်နှာ ၁၉ မြန်မာ့အလင်းသတင်းစာပါ ဖားကန့်မြို့နယ်၊ လုံခင်း အထက နဝမတန်း(A)အစား အထက(၁)၊ မိုးကောင်းမြို့၊ တက္ကသိုလ်ဝင်တန်း(A)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မှော်ဘီမြို့နယ်၊ မြောင်းတကာကျေးရွာ၊ အမှတ်(၁)ရပ်ကွက်၊ ပြည်လမ်းမျက်နှာစာတန်း ငါးဧကကျပ်သိန်း (၈၀၀၀)၊ဆေးရုံ၊ ကျောင်း၊ အထည်ချုပ်အထူးသင့်လျော်သည်။ ဝါးနက်ချောင်းလမ်းမတန်း၊ ဥယျာဉ် မြေ ၉ဧက၊ ၁၈ ဧက၊ ၂၀ဧက စမ်းချောင်းပေါက် (၁ဧက-၂၆)

**ဖုန်း-၀၉-၄၉၅၈၈၄၆၄၊ ၀၁-၆၂၀၅၂၃**

## SEVEN စံ

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုဝယ်လိုပါသလား။ SEVEN စံနဲ့ ဆက်သွယ်လိုက်ပါ။ အိမ်အရောက်ငွေပေးချေသည်။ ပွဲခလုံးဝမယူပါ။

**ဖုန်း-၀၁-၂၀၅၇၄၈၊ ၀၉-၃၃၃၃၃၅၁၄၊ ၀၉-၇၃၁၁၉၀၉၉**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃စီ²)၊ မြေကွက်အမှတ် (V-၄၄၅A)၊ဧရိယာ၀ ဒသမ ၀၄၀ဧကရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၂၉၁) ဟုခေါ်တွင်သည့် မြေကွက်အကျိုးခံစားခွင့် အရပ်ရပ်များ အားလုံးတို့ကို မြေဂရန်အမည်ပေါက် ပိုင်ရှင်ဖြစ်သူ ဦးဖုန်းမြင့် ၉/မရမ(နိုင်)၀၇၀၆၁၇ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)**

**LL.B, DBL, DML, DIL, DLP, WIPO (Switzerland)**

**ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)**

**B.Sc, Hon (IC), HGP, R.L, D.B.L**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ် (၂၇)၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း-၂၉၄၈၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄**

## ပျောက်ဆုံးကြောင်း

ကျွန်မဒေါ်မြင့်မြင့်သန်း MA-၂၃၅၂၃၂သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဒေါ်မြင့်မြင့်သန်း ဖုန်း-၀၉-၄၃၀၄၂၀၉၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၅၈၁၂၊ Toyota Corolla SL 4 ×2 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှနွယ် ၁၂/အစန(နိုင်)၁၂၄၁၈၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၆က/၁၀၁၈၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## မရမ်းကုန်းမြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ စော်ဘွားလမ်းနှင့် ဗိုလ်ဉာဏလမ်းအတွင်းရှိမြေတိုင်းရပ်ကွက် (၄၃)၊ ဦးပိုင်အမှတ် (၅/က)၊ (၅/ခ)၊ (၅/ဂ)နှင့် မြေကွက်အမှတ် ၉၊ ဧရိယာ ၁၀ဒသမ၁၃၆ဧကရှိ ဘိုးဘွားပိုင်မြေကွက်များနှင့် စပ်လျဉ်း၍

# အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်း၊ ယုဇနဥယျာဉ်အိမ်ရာ (၃)လမ်း၊ တိုက် (A/၅)၊ အခန်း(၀၀၁)နေ ဦးစောနိုင် ၁၂/မရက(နိုင်)၀၆၂၈၈၄ နှင့် ဦးထွန်းမြင့်သိန်း ၁၂/မဂတ(နိုင်)၀၀၄၂၃၃၊ ဦးမြင့်သောင်း ၁၂/လမတ(နိုင်)၀၀၆၈၆၇၊ ဒေါ်ခင်ယုဇန ၁၂/ဒဂန (နိုင်)၀၂၁၂၅၉တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ စော်ဘွားလမ်းနှင့် ဗိုလ်ဉာဏလမ်းအတွင်းရှိ မြေတိုင်းရပ်ကွက် (၄၃)၊ ဦးပိုင်အမှတ် (၅/က)၊ (၅/ခ)၊ (၅/ဂ)နှင့် ဦးပိုင်အမှတ်(၉)ယခုအခေါ် ၉/ဃ² စုစုပေါင်းဧရိယာ ၁၀ ဒသမ၁၃၆ဧကရှိ မြေများသည် မြို့မြေစာရင်း တွင် (Kဆင်ရောင်နှင့် Kထွန်းဖြူ) အမည်ပေါက်ပြီး ၎င်းတို့ကွယ်လွန်၍ သားသမီးများဖြစ်ကြသော ဦးသိန်းဖေ၊ ဦးကျင်စိန်၊ ဦးထွန်းမြင့်သိန်း၊ ဦးစောနိုင်၊ ဒေါ်သန်းသန်းအေး၊ ဦးကျင်အောင်၊ ဦးကျင်ပေါ်တို့မှ တရားဝင်အမွေဆက်ခံစာချုပ်များချုပ်ဆိုပြီး ပိုင်ဆိုင်လာသော မြေကွက်များ ဖြစ်ကြပါသည်။

အမွေဆက်ခံသူ ဦးသိန်းဖေ ပါ ခုနစ်ဦးတို့က မြေကွက်များအနက် အစိတ်အပိုင်းများခွဲ၍ မြေတချို့အား ရောင်းချထားပြီးသော မြေကွက်များမှအပ ကျန်ရှိသည့်မြေကွက်များ၏ တစ်စိတ်တစ်ဒေသကိုမျှ မြေရှင်များ၏ သဘောတူခွင့်ပြုချက်မရယူဘဲ (ရယူခြင်းမပြုဘဲ)၊ ရောင်းချခြင်း၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်ခြင်းနှင့် အဆောက်အအုံဆောက်လုပ်ခြင်း၊ အကြီးစားအိမ်ပြင်ဆင်ခြင်း၊ ခြံစည်းရိုးအခိုင်အမာ ကာရံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်ကြောင်း ကြေညာပါသည်။

ဤတားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေရှိသည့်အတိုင်း အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဦးစောနိုင်၊ ဦးထွန်းမြင့်သိန်း၊ ဦးမြင့်သောင်း၊ ဒေါ်ခင်ယုဇနတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းလှိုင် LL.B**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၄၈)**

**အမှတ် (၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂)၊ လူနေရပ်ကွက်အမှတ် (၁)၊ စက်မှု(၈)လမ်းနှင့် ဒေါနလမ်းထောင့်၊ မြေကွက်အမှတ် ၁၂၉(က+ခ)၊ စုစုပေါင်း ဧရိယာ ၂ဒသမ၀၀၉ဧကရှိ ဦးသိန်းလှအမည်ပေါက် စက်မှုဇုန် နှစ် ၆၀ဂရန်ထွက်ရှိထားသည့်မြေကွက်အား ၂၂-၄-၂၀၀၈ရက်စွဲပါ စာချုပ်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိ ပိုင်ဆိုင်သူ ဦးကျော်ဝင်း ၁၃/တကန(နိုင်)၀၆၂၆၂၁နှင့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၃၃၅/၂၀၀၈ရရှိသူ ဦးသန်းဝင်း ၁၂/လမန(နိုင်)၁၂၉၉၇၂တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို မြေကွက်ပိုင်ဆိုင်သည့် စာရွက်စာတမ်းမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ၁၄ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်မာလှိုင် LL.B, D.B.L**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၂)**

**ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ စက်မှုလယ်ယာ(၂)လမ်း၊ မြေကွက်အမှတ် ၃၆၊ မြေကွက်အကျယ်အဝန်းပေ(၂၀× ၆၀)ရှိ ဒေါ်သန်းသန်း အမည်ပေါက် နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ် တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး ကို အဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူထားသော လက်ရှိမြေကွက်နှင့် နေအိမ် ပိုင်ရှင်ဖြစ်သူ ဦးကြည်စိုး ၁၀/မလမ(နိုင်)၀၁၄၇၃၈ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့်နေအိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခိုင်သဇင်စိုး LL.B,D.B.L,D.I.L**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၄၄)**

**အမှတ်(၄၁၄)၊ ပုလဲ(၂)လမ်း၊ (၌)ရပ်ကွက်၊**

**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၁၀၀၇၃၃**

## အများသိစေရန်သတိပေးကြေညာချက်

ရွှေပြည်သာမြို့နယ်၊ (ဈ/၃၃-၁၀)ရပ်ကွက်၊ ဇေယျာဝတီလမ်း၊ အမှတ်(၈၆၄)နေ ဦးအောင်ခင် ၁၁/စတန(နိုင်)၀၁၇၆၉၂၏ လွှဲအပ်ညွှန်ကြားချက်အရသတိပေးကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ဇဝနရပ်ကွက်၊ သီရိဇေယျာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ဇဝန၊ မြေကွက်အမှတ် ၂၉၀ဟုခေါ်သည့် (အလျား ၂၅ပေ×အနံပေ ၅၀)၊ အိမ်အမှတ်(၂၁)ဟုခေါ်တွင်သည့် မြေကွက်ပေါ်တွင် (ယခုကန်ထရိုက်တာတိုက်) အဆောက်အအုံဆောက်လုပ်နေသည့် မြေကွက်သည် မူလအမည်ပေါက်ပိုင်ရှင် ဦးဘိုးစိန်နှင့် ဒေါ်မေသာဖြူ တို့မှ ပိုင်ဆိုင်ခဲ့ကြပါသည်။ ယခုအခါ မိဘနှစ်ပါးစလုံး ကွယ်လွန်သွားခဲ့ပြီဖြစ်၍ သားရင်း ဦးအောင်ခင်အပါအဝင် ကျန်ရစ်သူသားသမီးရင်းချာ နှစ်ဦးတို့မှ အမွေဆက်ခံပိုင်ဆိုင်လျက်ရှိပါသည်။ အမွေဆိုင်သားသမီးရင်းချာတို့၏ အမွေပုံပစ္စည်း မနစ်နာ/မဆုံးရှုံးစေရန်အတွက် ထိုမြေကွက်အား အမွေဆိုင်သားသမီးနှစ်ဦးတို့၏သိရှိသဘောတူခွင့်ပြုချက်မရရှိဘဲမြေ ကွက်ပေါ်တွင် အဆောက်အအုံ ဆက်လက်ဆောက်လုပ်ခြင်း၊ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ပေါင်နှံခြင်း၊ အငှားချထားခြင်းများ လုံးဝမပြုလုပ်ရန် ကန့်ကွက်တားမြစ်ကြောင်းနှင့် အကယ်၍ ပြုလုပ်လာခဲ့ပါက ပြုလုပ်သူများအပေါ် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**ဦးအောင်ခင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ချယ်ရီအောင် (အထက်တန်းရှေ့နေ) (စဉ်-၃၇၆၇၃)**

**ရုံးခန်း(၁)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံးအနီး၊**

**ဖုန်း-၀၉-၇၃၀၄၀၆၃၆၊ ၀၉-၃၂၁၃၇၂၆၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၆၀)ရပ်ကွက်၊ မြေကွက်အမှတ်(၁၄၉၀)ဟု ခေါ်တွင်သော(အလျားပေ၄၀×အနံပေ၆၀)ရှိ ဦးအေးသန်းအမည်ပေါက် ပါမစ်မြေကွက်အား အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူ ဦးခင်မောင်တင့်ထံမှ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် အကျိုးခံစားခွင့်တို့ကို အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားစာရွက်စာတမ်းမူရင်း ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်ရက်ပြည့်မြောက်လျှင် အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်တင်ဇာလင်း LL.B**

**အထက်တန်းရှေ့နေ(စဉ်-၂၇၀၆၅)**

**ဒေါ်ခင်သီတာလှဲ့လှဲ့ထွန်း LL.B**

**အထက်တန်းရှေ့နေ(စဉ်-၃၂၂၆၂)**

**ရုံး-တိုက် (၉/၁၁)၊ အခန်းအမှတ် (005-B)၊**

**၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း-၀၉-၄၅၀၀၄၇၄၈၉၊ ၀၉-၇၃၁၇၆၆၀၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၁၊ မြေကွက်အမှတ် ၃၁၃၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိသော ဦးစိုးလှိုင်အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်ဝယ်ယူ လက်ရှိပိုင်ဆိုင်ထားသူ ဒေါက်တာကျော်သီဟ ၃/ဘအန(နိုင်)၂၂၁၃၅၈နှင့် ဦးထက်လင်း ၁၂/ဒဂမ(နိုင်)၀၁၆၂၅၂ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့ ၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်တင်စုဝေ(စဉ်-၃၂၆၉၃)** | **ဦးဝင်းထိုက်(စဉ်-၃၆၇၃၇)** |
| **LL.B,D.B.L,D.M.L** | **LL.B,D.B.L** |

**Myanmar United Land အိမ်၊ ခြံ၊ မြေ အကျိုးဆောင်နှင့်ဥပဒေအကြံပေးကုမ္ပဏီ**

**အထက်တန်းရှေ့နေများ**

**အမှတ် ၆၆/၆၈(မြေညီထပ်)၊ စံရိပ်ငြိမ်(၆)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း-၀၉-၃၁၂၉၈၇၂၄၊ ၀၉-၄၃၀၈၂၀၀၃၊ ၀၉-၄၂၅၂၈၈၉၂၁**

# ကြော်ငြာ

**ဝမ်းနည်းကြေကွဲခြင်း**

**ရဟန်းဒါယကာကြီး**

## ဦးအောင်ညာဏ်(ခ)ဥဿာဆရာအို

**အထက်တန်းပြဆရာ(ငြိမ်း)၊ အမှတ်(၅)ယခင်ဦးသာဒင်ကျောင်း**

**ကန်တော့ခံသက်ကြီးစာပေပညာရှင်**

**အသက်(၉၆)နှစ်**

အထက်တန်းပြဆရာ(ငြိမ်း)၊ အမှတ်(၅) ယခင် ဦးသာဒင်ကျောင်း ကန်တော့ခံသက်ကြီးစာပေပညာရှင် ဦးအောင်ညာဏ်(ခ)ဥဿာဆရာအို အသက်(၉၆)နှစ်သည် ၂၅-၆-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ည ၁၁း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့်ဇနီး ဒေါ်ခင်မေစိုး မိသားစု**

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်နွဲ့ (ရွှေဥမင်ယောဂီ)

**အသက်(၈၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ရွှေကျင်မြို့နယ်နေ(ဦးသန်း-ဒေါ်သန်းရွှေ)တို့၏သမီး၊ ဦးမောင်မြင့်(တပ်မတော်-လေ၊ငြိမ်း)၏ဇနီး၊ ဦးကျော်ကွင်း(တပ်မတော်-လေ၊ငြိမ်း)-ဒေါ်အေးအေးမူ၊ Capt ဦးဝဏ္ဏ(STJOHNS SHIP MANAGEMENT PTE.,Ltd)တို့၏မိခင်၊ မောင်ကောင်းဟိန်း၊ မောင်သန်းထွန်းအောင်-မတင်ထက်ထက်ကျော်၊ မမြတ်မြတ်သူ(မြန်မာ့လေကြောင်း)တို့၏အဘွား၊ မောင်သံလွင်ထွန်းထက်၏အဘွားသည် ၂၆-၆-၂၀၁၄ရက် နံနက် ၁း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂-၇-၂၀၁၄ရက်တွင် အမှတ်၃၇၊ သီရိမင်္ဂလာလမ်း၊ (၆)ရပ်ကွက်၊ ကုန်းမြင့်ရိပ်သာ၊ မရမ်းကုန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်စန်းစန်းမြင့်

**အသက်(၈၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်းမကြီး၊အမှတ် ၇၃/၇၅၊ C- ငါးလွှာနေ (ဦးစိုးဝင်း)၏ဇနီး၊ ဦးဝင်းတင်-ဒေါ်ခင်ဆွေအေး၊ ဒေါ်ခင်စောမူ၊ (ဦးနိုဝင်း)-ဒေါ်သိင်္ဂီကျော်၊ ဦးထိန်ဝင်း-ဒေါ်မြင့်မြင့်ဝေ၊ ဦးကျော်စိုးအောင်၊ ဦးမင်းကျော်စိုး-ဒေါ်ခင်မမတို့၏မိခင်၊ ဦးသန်းဦးနိုင်-ဒေါ်အိစံ၊ ဦးကျော်ကျော်-ဒေါ်တင်မြတ်မော်၊ ဦးခန့်ဇင်မျိုးဌေးအောင်-ဒေါ်ဖြူသီဇင်၊ မထက်မိုးမြင့်၊ ဦးဖြိုးဇေယျာကျော်-ဒေါ်ဟေမာန်အောင်သိမ်း၊မောင်ဇော်ထက်ကောင်းကျော်၊ မမြူးမြူးမွန်လေးဝင်းကျော်၊ ဒေါ်ကေကေဇံ၊ ဦးကေကေဇော်-ဒေါ်နုနုယဉ်၊ မောင်မင်းမြင့်ကျော်၊ မောင်ပြည့်မင်းကျော်၊ မောင်ကျော်သာ၊ ဦးနိုင်ဇာမင်း၊ ဦးအောင်မြတ်မင်း-ဒေါ်ငြိမ်းမြတ်မြတ်ထွန်း၊ မောင်ဌေးယံမင်းတို့၏အဘွား၊ မြစ် ရှစ်ယောက်တို့၏ အဘွားသည် ၂၇-၆-၂၀၁၄ရက်(သောကြာနေ့)နံနက် ၅း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၄ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးလှရင်

**လက်ထောက်အင်ဂျင်နီယာ(ငြိမ်း)**

**လမ်းပုံထုတ်ဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**

**အသက်(၇၅)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နေ (ဦးထွန်းကျော်-ဒေါ်ခင်လေး) တို့၏သား၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နေ (ဦးအုန်းကြွယ်-ဒေါ်အေးတင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရွှေသစ္စာလမ်း၊ အမှတ် ၁၃၃နေ ဒေါ်သန်းနွဲ့၏ခင်ပွန်း၊ မခိုင်ခိုင်လွင်၊ မနိုင်နိုင်လွင်၊ ကိုသန့်စိုးဝင်း-မသူဇာမိုး၊ မဆုမြတ်လွင်တို့၏ဖခင်၊ မဖြူသန့်သဒ္ဒါ၏အဘိုးသည် ၂၇-၆-၂၀၁၄ရက်(သောကြာနေ့)နံနက် ၅း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၄ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**(၈)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း**

## ဒေါက်တာရဲအောင်

**ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)**

**အခြေခံပညာဦးစီးဌာန**

မိသားစုအပေါ်တွင် ကျေးဇူးကြီးမားလှသော ဖခင်ကြီး မိသားစုနှင့်ခွဲခွာသွားသည်မှာ ၂၈-၆-၂၀၁၄ရက်တွင် (၈)နှစ်ပြည့်ပြီဖြစ်ပါသည်။

ဖေဖေအတွက်ရည်စူးကာ မိသားစုနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ တပည့်များက ရောက်ရှိခဲ့သော နေရာဒေသများတွင် မပြတ်ပြုခဲ့သည့် ဒါန၊ သီလ၊ ဘာဝနာနှင့် ဝိပဿနာကုသိုလ်အစုစုကို ဖေဖေရရှိခံစားနိုင်ပါစေ။

ယခုကဲ့သို့ နှစ်ပတ်လည်ကာလရောက်ရှိတိုင်း ပြုမြဲဖြစ်သည့် ကောင်းမှုကုသိုလ် အပါအဝင်၊ပြုခဲ့သော ကုသိုလ်အစုစုတို့အတွက် ကောင်းမြတ်သောဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆို၍ ရောက်ရှိနေသော ဘုံဘဝမှတစ်ဆင့်ဆင့်ရဲဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်ဘုံနန်းသို့ ရောက်သည့်တိုင်အောင် အဆင့်ဆင့် မြင့်သထက်မြင့်စွာ တက်လှမ်းနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အမျှဝေအပ်ပါသည်။

မြင့်မြတ်သောဘုံဘဝမှ ဖေဖေ သာဓုခေါ်နိုင်ပါစေ...

| | | |
|---|---|---|
| **ချစ်ဇနီး** | - | **ဒေါ်ခင်ဝင်းအောင်(အငြိမ်းစား)**<br>**ကျောင်းအုပ်ဆရာမကြီး၊ လေ့ကျင့်ရေးကျောင်း၊**<br>**ပညာရေးတက္ကသိုလ်(ရန်ကုန်)** |
| **ချစ်သား၊ သမီးများနှင့်** | - | **သားကြီး-ဦးသိန်းထွန်းအောင်နှင့်**<br>**ဒေါက်တာလဘန်ခွန်** |
| **မြေး၊ မြစ်များ** | | **မြေး-ခွန်မိုင်အောင်နှင့် မျိုးမင်းဇော်၊**<br>**ထွယ်ဘူအောင်**<br>**မြစ်-သန့်သုတထွန်း**<br>**သားငယ်-ဦးဇော်ထွန်းအောင်နှင့် ဒေါ်ဝါဝါမြတ်**<br>**မြေး-မြတ်သဇင်အောင်၊ ဟိန်းမြတ်ဇော်** |

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ကြင်လွှမ် (ဆိပ်ကြီးခနောင်တို)

**သိမ်ကြီးဈေး (B) ရုံ**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ ပြည်လမ်းနှင့်ရှမ်းကုန်းလမ်းထောင့်၊ အမှတ် ၂၈၆နေ (ဦးမောင်တင်-ဒေါ်ငွေခိုင်)တို့၏သမီးကြီး၊ ဦးတုံကြီး၏ဇနီး၊ ဦးခင်မောင်လတ်-ဒေါ်မာမာ၊ ဦးလှဦး-ဒေါ်မြင့်မြင့်အေး၊ ဦးခင်မောင်သန်း-ဒေါ်ဝါဝါဝင်း၊ ဦးခင်မောင်ဝင်း-ဒေါ်လှလှဝင်း၊ ဒေါ်တင်တင်လှတို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂၆-၆-၂၀၁၄ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၄ရက် (စနေနေ့) နံနက် ၁၁နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဟာဂျီမိုဟာမက်အီဗရာဟင်(ခ)ဦးသန်းအောင်

**(မြောင်းမြ/ပုသိမ်)**

**အသက်(၈၁)နှစ်**

ပုသိမ်/မြောင်းမြနေ (သစ်ကုန်သည်ကြီး ဟာဂျီဦးနိုင်နာမာမက်-ဒေါ်မယ်ရယမ်)တို့၏သား၊ ကျုံမငေးမြို့နေ (ကန်ထရိုက်တာ ဦးလုံးတင်-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ မြောင်းမြမြို့၊ ယခင် သရဖီ သစ်ခွဲစက်နှင့် လျှာထိုးစက်ပိုင်ရှင် [ဟာဂျီမဒေါ်ခင်တီ(ခ)ရှဖီယာဘီ]၏ခင်ပွန်း၊ ဒေါ်ခင်သန်းဌေး (တွဲဖက်ပါမောက္ခ၊ အင်္ဂလိပ်စာဌာန၊ YUFL)၊ ဦးငွေးအောင်(လ/ထ သုတေသနအရာရှိ၊ အဏုမြူစွမ်းအင်ဦးစီးဌာန)-ဒေါ်သန်းသန်းအေး(အလပြ၊ အလက-၂၊ မင်္ဂလာတောင်ညွန့်)၊ ဒေါ်ခင်သန်းအေး(တရားလွှတ်တော်ရှေ့နေ)၊ ဦးရန်နိုင်(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ဝေဝေသိန်း၊ ဒေါက်တာခင်သန်းဝင်း(တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဟာဂျီ ဦးမျိုးတင့်သန်း-ဟာဂျီမ ဒေါ်စန္ဒာမြင့် (ခေတ္တ-ဂျာမဏီ)၊ ဟာဂျီမ ဒေါက်တာအေးသီတာသန်း (ကလေးအထူးကုဆရာဝန်ကြီး)-ဟာဂျီဦးစိုးမင်းသန်း(Chief Engineer/Myanmar Aurora)၊ ဒေါ်မာလာသန်း(တရားလွှတ်တော်ရှေ့နေ)-ဒေါက်တာခင်မောင်ကြည်(Malaya University Hospital, ခေတ္တ-မလေးရှား)တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုး၊ အဆောက်အအုံကန်ထရိုက်တာဟောင်း၊ သရဖီသစ်ခွဲစက်နှင့် လျှာထိုးစက်(မြောင်းမြ)ပိုင်ရှင်သည် ၂၇-၆-၂၀၁၄ရက် ညနေ ၄း၁၀နာရီတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊အမှတ် ၁၀၀/ငါးလွှာ၊ ရွှေဖြူကွန်ဒိုနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ၁၃၃လမ်းထိပ်၊ မအူကုန်းလမ်းကျယ်ဗလီတွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးကဘာရ်စတန်၌ ဒါဖနာပြုလုပ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မာအောင်

**ဦးစီးမှူး(ငြိမ်း)**

**သာသနာရေးဦးစီးဌာန**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့နေ(ဦးတင်အောင်- ဒေါ်ခင်ကြည်)တို့၏သမီး၊ (ဦးဘမောင်-ဒေါ်မြညွန့်)တို့၏သမီးချွေးမ၊ ဦးတင်အေး (စာရင်းစစ်မှူး၊ ငြိမ်း)၏ ဇနီး၊ ရဲမှူးကြီးမြင့်ကျော် (ငြိမ်း)-ဒေါ်ခင်မျိုးအောင်၊ (ဦးလင်းအောင်)၊ ဒေါ်ခင်မေအောင်၊ ဒေါ်ခင်မြင့်အောင်တို့၏အစ်မ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ဗိုလ်လင်း ယုန်လမ်း၊ အမှတ် ၆၈၈နေ (ဦးအောင်ကျော်ဦး)၊ ဒေါ်တင်မာအေး၊ (ဦးလင်းမောင်မောင်)-ဒေါ်သီတာဝင်း၊ ဦးတင်အောင်ထွေး (ခ) ကိုပါ - ဒေါ်သီတာဝင်းတို့၏မိခင်၊ မောင်ဖွဲ့ဟန်ဟိန်း၊ မငြိမ်းငြိမ်းမင်းလွင်၊ မောင်လင်းသိန်းစိုး၊ မရတီဝင့်ဝါရှိန်တို့၏အဘွား၊ မောင်လမင်းဟိန်း၏ ဘွားဘွားကြီးသည် ၂၇-၆-၂၀၁၄ရက် (သောကြာနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးသောင်းမြင့် အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ပညာလမ်းမကြီး၊ အမှတ် ၉နေ (ဦးစိန်ထွန်း-ဒေါ်စိန်ရင်)တို့၏သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးမြင့်-ဒေါ်ဘေဘီ)တို့၏သားသမက်၊ ဦးသန်းထွန်း(သတ္တုတွင်းဝန်ကြီးဌာန၊ ငြိမ်း)၏အစ်ကိုကြီး၊ဦးတင်အောင်သိန်း-ဒေါ်ညွန့်ညွန့်ဦး၊ ဦးနိုင်စိုး(GE ၉၅၄)-ဒေါ်ချိုချိုမြင့်၊ ဦးမြတ်ခိုင်(GOC Co.,Ltd. )-ဒေါ်ချယ်ရီခိုင်၊ ဦးဝင်းနိုင်(GE ၉၅၈)-ဒေါ်သွဲ့မွန်စိုး၊ မလှဲ့လှဲ့ဝင်း၊ မမင်းမင်းပိုက်(မြန်မာ့သစ်လုပ်ငန်း၊ ဘဏ္ဍာရေး)တို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုး၊ (ဦးထွန်းထွန်းဦး)-ဒေါ်အေးအေးသိန်း(မူ-အုပ်)၊ ကိုအောင်မိုး-ဒေါ်မိမိခိုင်(မူ-အုပ်)၊ ဒုရဲအုပ်အောင်ဇော်မိုး-ဒေါ်ခင်မျိုးဝင်းတို့၏ဘကြီး၊ [ဒေါ်အေးမြင့်(ခ)ဒေါ်မိုး]၏ခင်ပွန်းသည် ၂၇-၆-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၂း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၇-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁း၃၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးဆွေသန့်ကို(ခ)ဦးတင်လှ (ဂန့်ဂေါ)

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

**အသက်(၇၀)**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ ကန်ရွာနေ (ဦးသွယ်-ဒေါ်ဖွားမိုန်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်နေ (ဦးအောင်သင်း-ဒေါ်အေးတင်)တို့၏သားသမက်၊ ဒေါ်စန်းစန်းတင့်(အဖွဲ့ခွဲမှူး၊ ငြိမ်း၊ ပြည်ထဲရေးဝန်ကြီးဌာန)၏ခင်ပွန်း၊ [ကိုအောင်ဖြိုးဝေ(ခ)ကိုဇော်ကိုသက် (ရန်ကုန်တိုင်းဂျာနယ်)]၏ဖခင်သည် ၂၇-၆-၂၀၁၄ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃-၇-၂၀၁၄ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ တိုက် ၃၅၃၊ အခန်း ၆ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ပါမောက္ခ ဒေါက်တာဒေါ်မြင့်မြင့်ခင်

**အသက်(၉၁)နှစ်**

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) သက်ကြီးဆရာဝန်များ ထောက်ကူအဖွဲ့ (SGED)၏ ဥက္ကဋ္ဌဖြစ်သူ ပါမောက္ခ ဒေါက်တာဒေါ်မြင့်မြင့်ခင်သည် ၁၉-၆-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆရာဝန်အသင်း(တောင်ငူ)**

---

## ဒေါ်အုန်းကြည်

**(စစ်သမီးအပတ်စဉ်-၃)**

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့နေ (ဦးလှအေး-ဒေါ်လှတင်)တို့၏သမီး၊ (ဗိုလ်ကြီးဖေစိန်)၏ဇနီး၊ ဦးတင်အေး-(ဒေါ်မြင့်မြင့်စိန်)၊ ဗိုလ်ကြီးသိဏ်းအေး-ဒေါ်သန်းသန်းမူတို့၏အစ်မ၊ မုံရွာမြို့နေ ဦးသက်ဦး-ဒေါ်အောင်ဆန်းတင်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ သခင်ဗလှိုင်လမ်း၊ အမှတ် ၁၃၉၈နေ ဗိုလ်ကြီးမျိုးဝင်းလတ်(ငြိမ်း) (Moon Ray Co.,Ltd.)-ဒေါ်မိုးသဏ္ဍာ(ထွေ/အုပ်၊ ငြိမ်း)တို့၏မိခင်၊ မဆုမွန်အောင်(Manager Lat War TSM Co., Ltd.)၊ ဗိုလ်ဇေယျာထွန်း၊ မသဲနုဆွေဇင်(တတိယနှစ်၊ ICT ၊ရတနာပုံဆိုက်ဘာစီးတီး)၊ မချိုဇင်သက်၊ မအေးချမ်းပြည့်ဖြိုး၊ မလှိုင်သက်ထားတို့၏ ဘွားဘွားသည် ၂၇-၆-၂၀၁၄ရက်(သောကြာနေ့) နံနက် ၁၁း၂၃နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်မှကားများ နံနက် ၉း၃၀နာရီ တွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ငွေး

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ တကောင်း ၁လမ်း၊ အမှတ် ၁၅နေ (ဦးဘကျော် - ဒေါ်သေးတာ)တို့၏ သမီး၊ ဒေါ်သန်းခင်၊ ဦးကြည်မောင်၊ ဒေါ်ပေါ်ကြည်၊ ဦးရွှေတိုးတို့၏ညီမ၊ ဦးရွှေအိုး၊ ဒေါ်မြမြချစ်တို့၏အစ်မ၊ ဦးဝင်းရှိန်၏ဇနီး၊ကိုဝင်းဗိုလ်ရှိန်၏မိခင်သည် ၂၇-၆-၂၀၁၄ရက် (သောကြာနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**အထူးကျေးဇူးတင်ရှိခြင်း**

ဒေါ်တင်တင်သန်း (လ/ထ ညွှန်ကြားရေးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန) နာမကျန်းဖြစ်စဉ်က အထူးဂရုပြုစောင့်ရှောက်ကုသပေးခဲ့သော ပင်လုံအထူးကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး ဦးစောဆိုင်မွန်သာ၊ ဦးသန်းစိန်၊ ဦးမောင်မောင်လေး၊ မေတ္တာဖြင့် နေ့စဉ်ကြပ်မတ်ကုသပေးခဲ့သော အထူးကုဆရာဝန်ကြီး ဦးတက်ထွန်းချစ်၊ တာဝန်ကျ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများ၊ နာရေးကိစ္စတွင် အစအဆုံး တာဝန်ယူကူညီပေးခဲ့သော ရွှေသပြေကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့်ဇနီး ဒေါ်တင်တင်ဝင်း၊ မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ် အတွင်းရေးမှူး ဦးအေးသိန်း၊ ဆေးရုံတက်စဉ်က လာရောက်အားပေးကူညီခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအားလုံး၊ နာရေးကိစ္စတွင် လိုက်ပါပို့ဆောင်ပေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

ဦးမိုးဆန်းအောင် (Managing Director, Air KBZ Ltd.)၏ဖခင် ဦးအောင်မျိုး အသက်(၈၂)နှစ်သည် ၂၆-၆-၂၀၁၄ရက် (ကြာသပတေးနေ့) တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Management of Myanmar Airways International**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးအောင်မျိုး

**မြို့နယ်လျှပ်စစ်မန်နေဂျာ(ငြိမ်း)**

**အသက်(၈၂)နှစ်**

AIR KBZ Limited ၏ Managing Director ဦးမိုးဆန်းအောင်-ဒေါ်ခင်မျိုးဆွေတို့၏ဖခင် ဦးအောင်မျိုး အသက်(၈၂)နှစ်သည် ၂၆-၆-၂၀၁၄ ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**AIR KBZ Limited**

**ဥက္ကဋ္ဌနှင့်ဝန်ထမ်းများ**

---

## ဦးနေဝင်း(မဲကြီး) အထက(၃)တာမွေကျောင်းသားဟောင်း

**အသက်(၄၄)နှစ်**

ရန်ကုန်မြို့နေ ဦးဝင်းမြင့်-ဒေါ်ခင်နွဲ့တို့၏သား၊ ဦးကြည်ဝင်း-ဒေါ်နော်အုံးကြည်တို့၏သားသမက်၊ဦးအောင်ဝင်း-ဒေါ်သီသီမျိုးတို့၏ညီ/မောင်၊ ဒေါ်သိင်္ဂီဝင်း၊ ဒေါ်မာလာဝင်းတို့၏အစ်ကို၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၅လမ်း၊ အမှတ် ၁၀၆နေ ဒေါ်ဝတ်မှုံကြည်ဝင်း၏ခင်ပွန်း၊ မောင်အုပ်စိုးခန့် [G-9 (C)၊ အထက(၂)ဗဟန်း]၏ ဖခင်သည် ၂၇-၆-၂၀၁၄ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး**

## ဦးမျိုးနိုင် (သူရိန်-၃)

**ဒု/အကောက်ခွန်မှူး(ငြိမ်း)**

**အသက်(၅၀)**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ အနော်မာ ၁လမ်း၊ အမှတ် ၁၁၀၊ (၁၃)ရပ်ကွက်နေ ဦးအုန်းလှ-ဒေါ်အေးကျင်တို့၏သား၊ ဦးတင့်ဆွေ-ဒေါ်ခင်လှတို့၏သားသမက်၊ ဒေါ်မင်းမင်းဆွေ၏ခင်ပွန်း၊ဒေါ်ခင်စန်းဝင်း၊(ဦးသန်းဝင်း)၊ ဦးလှဝင်း၊ ဒေါ်ခင်သက်မော်တို့၏မောင်၊ ဒေါ်ချိုချိုဝင်း၊ ဦးနေလင်းထိုက်၊ ဒေါ်ယဉ်မင်းထွေးတို့၏အစ်ကို၊ မောင်မျိုးမင်းနိုင်(အထက-၂၊ ဗဟန်း)၊ မမျိုးသီရိနိုင် (Grade-8၊ အထက-၂၊ ဗဟန်း)၊ မမျိုးသရဖီနိုင် (Grade-5၊ မူလွန်-၃)တို့၏ဖခင်၊ တူ/တူမ ၁၆ယောက်တို့၏ဦးလေးသည် ၂၅-၆-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၆-၂၀၁၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်တင်သန်း (ပခုက္ကူ)

**လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)၊ ငါးလုပ်ငန်းဦးစီးဌာန**

**အသက်(၆၉)နှစ်**

ပခုက္ကူမြို့နေ (ဦးဘသန်း-ဒေါ်ခင်သိန်း)တို့၏သမီး၊ (ဦးကျော်ဝင်း-ဒေါ်တင်တင်)တို့၏သမီးချွေးမ၊ ဦးခင်မောင်(တိုင်းပညာဝန်၊ ငြိမ်း)-ဒေါ်ခင်သိန်းနွဲ့၊ ဗိုလ်မှူးကြီးခင်စိုး(ငြိမ်း)-ဒေါ်လွင်လွင်စိုး၊(ဗိုလ်ကြီးမြင့်သိန်း)-ဒေါ်ကြည်ကြည်သန်းတို့၏ညီမ၊ ဦးတင့်လွင်-ဒေါ်စောမြင့်ကြည်၊ ဒေါ်ခင်ခင်သန်း၊ ဦးကျော်ကျော်သန်း-ဒေါ်ဖြူဖြူ၊ ဦးကျော်မြင့်-ဒေါ်မော်မော်သန်းတို့၏အစ်မ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ တောင်သရက်လမ်း၊ အမှတ် ၅၃၆နေ ဦးခင်မောင်ဝင်း(ကထိက၊ ငြိမ်း၊ ဘူမိဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၏ဇနီး၊ ဦးမျိုးမင်းဝင်း-ဒေါ်မော်စီဝင်း၊ ဦးအောင်ကျော်ငြိမ်း-ဒေါ်ခင်မွန်မွန်ဝင်းတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၆-၆-၂၀၁၄ရက် (ကြာသပတေးနေ့)နံနက် ၆း၄၅နာရီတွင် ပင်လုံဆေးရုံ၌ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင်ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## မောင်ဖြိုးညာဏ်သစ်(ခ)ဖိုးလပြည့်

**အထက(၁)လမ်းမတော်**

**အသက်(၁၇)နှစ်**

ဦးအေးထွန်းမောင် (ခရိုင်အင်ဂျင်နီယာမှူး၊ မော်လမြိုင်ခရိုင်၊ ပဆင)-ဒေါ်ကျင်တီတို့၏ တစ်ဦးတည်းသောသား မောင်ဖိုးလပြည့် အသက်(၁၇)နှစ်သည် ၂၅-၆-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမြင့်လွင်-ဒေါ်မြမြဝင်း**

**မိသားစု (ပဆင၊ မုဒုံမြို့)**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## မောင်ဖြိုးညာဏ်သစ်(ခ)ဖိုးလပြည့်

**အထက(၁)လမ်းမတော်**

**အသက်(၁၇)နှစ်**

ဦးအေးထွန်းမောင် (ခရိုင်အင်ဂျင်နီယာမှူး၊ မော်လမြိုင်ခရိုင်၊ ပဆင)-ဒေါ်ကျင်တီတို့၏ တစ်ဦးတည်းသောသား မောင်ဖိုးလပြည့် အသက်(၁၇)နှစ်သည် ၂၅-၆-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါ်လှလှဝင်း**

**ကျိုက်မရောမြို့နယ်**

**အင်ဂျင်နီယာနှင့်ဝန်ထမ်းများ**

---

## ဦးသန်းထွန်း

**စက်မှုကျွမ်းကျင်(၅) (ကညန)**

**အသက်(၅၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ မကျီးကုန်းလမ်းနေ (ဦးထွန်းဖေ)-ဒေါ်အေးကြည်တို့၏သား၊ ဒေါ်လှခင်ဝင်းရီ၏ခင်ပွန်း၊ မဆုမွန်သန်းထွန်း (ကညန၊ နေပြည်တော်)၊ မောင်သန်းထွန်းဝင်း(ကညန၊တောင်ငူ)၊ မောင်တင်အောင်ဝင်း(GTC-Second year) တို့၏ဖခင်သည် ၂၆-၆-၂၀၁၄ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၄ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် သုံးဆယ်မြို့ အရှေ့ရိုးကြီးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးခင်စိန် (CI COOK)

**st.Jhons shipmanagement limited**

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ မြို့ပတ်လမ်း၊ အမှတ် ၇၊ လေးလွှာ(အေ)နေ (ဦးဘကျော်-ဒေါ်စန်းတင့်)တို့၏သား၊ (ဦးတင်မောင်-ဒေါ်မြမြခိုင်)တို့၏သားသမက်၊ ဒေါ်နီလာခိုင်၏ခင်ပွန်း၊ မအိခင်ခင်ကျော်၊ မောင်ကောင်းဇေသူတို့၏ဖခင်သည် ၂၆-၆-၂၀၁၄ရက်(ကြာသပတေးနေ့)နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၄ရက် (စနေနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

သင့်သွေးဖြင့် အသက်ကယ်ပါ





နှစ်နိုင်ငံခေါင်းဆောင်များ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

(သတင်းစဉ်)

# နိုင်ငံတော်သမ္မတဦးသိန်းစိန်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကဂုဏ်ပြုကြိုဆို

ပေကျင်း ဇွန် ၂၇

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး Eastern Plaza ၌ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်က ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားသို့ တက်ရောက်သည်။**

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား တရုတ်နိုင်ငံသမ္မတက ဂုဏ်ပြုကြိုဆိုပွဲကျင်းပမည့် Eastern Plaza ဝင်ပေါက်၌ ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ပြီး ၎င်းနှင့်အတူ ကြိုဆိုကြသူများနှင့် မိတ်ဆက်ပေးရာ နိုင်ငံတော်သမ္မတကလည်း အတူလိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် ပြန်လည် မိတ်ဆက်ပေးသည်။

ထို့နောက် နှစ်နိုင်ငံခေါင်းဆောင်များသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။ ထိုအချိန်တွင် နိုင်ငံတော်သမ္မတအား ဂုဏ်ပြုသည့်အနေဖြင့် အမြောက်(၂၁)ချက် ပစ်ဖောက်ဂုဏ်ပြုသည်။

ဆက်လက်၍ နှစ်နိုင်ငံသမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့အား *စာမျက်နှာ ၈ ကော်လံ ၅* ❍

ပြည်သူ့လွှတ်တော် အစည်းအဝေး

## ဒုစရိုက်မှုများ ကင်းစင်ပပျောက်ရေး ပြည်သူများပါဝင်က ပိုမိုအောင်မြင်မည်

စာ-၇

အမျိုးသားလွှတ်တော် အစည်းအဝေး

## သောက်ရေသန့်လုပ်ငန်းများ အရည်အသွေးမမီလျှင် ဖြန့်ဖြူးရောင်းချခွင့်ဆိုင်းငံ့

စာ-၇



## မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကျင်းပ

သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၇

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူးပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ချုပ်က စီစဉ်တင်ဆက်သည့် "ယဉ်ကျေးစုံစွာ မျိုးမြန်မာ၊ ရိုးရာခြယ်သ တိုင်းရင်းညီအစ်မ" ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ၊ တေးဂီတဖျော်ဖြေပွဲနှင့် D Star အငြိမ့်ဖျော်ဖြေပွဲ အထူးပွဲပြသမှုကို ယနေ့ မွန်းလွဲ ၁ နာရီက မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အဆိုပါဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲတွင် ယခုနှစ်အတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ရိုးရာဝတ်စုံများကို ယနေ့ခေတ်နှင့် *စာမျက်နှာ ၅ ကော်လံ ၁* ■

**ယနေ့ မာတိကာ**

အကြမ်းဖက်ဝါဒ ပူးပေါင်းတိုက်ဖျက်သွားကြရန် အာဖရိက ခေါင်းဆောင်များ တိုက်တွန်းဆော်ဩ စာ - ၄

ထိထိမိမိရှိစေချင်ပါသည် ဆောင်းပါး စာ - ၆

**ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

**ကမ္ဘာ့ဖလား အထူးကဏ္ဍအချပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကမ္ဘာ့ဖလား အထူးကဏ္ဍ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။




မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
R/488

**မြန်မာ့အလင်း** ကြော်ငြာကဏ္ဍ

၂၀၁၄ ခုနှစ်၊ ဇွန် ၂၈ ရက်။ စနေနေ့

# Advertisement


စင်ကာပူနိုင်ငံ PSA တွင် Container - ယာဉ်မောင်း

Phone : 377 343 - 377 344 - 38 57 58 - 38 68 77 - 39 22 33


## သာသနာရေးဝင်ငွေခွန်းစေဖို့ သမ္မတ ဝါဆိုသင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့.....

## စွမ်းအင်ဝန်ကြီးဌာန

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ တင်ဒါအမှတ် MOE/LP/COM/CAP/T/1(2014-2015) ဖြင့် Computer များအား အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ် ၆၊ စွမ်းအင်ဝန်ကြီးဌာန(နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၂၂-၇-၂၀၁၄ရက် မွန်းတည့် ၁၂:၀၀နာရီတွင် နောက်ဆုံးပေးသွင်းရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**

**ဖုန်း-၀၆၇-၄၁၁၄၈၇၊ ၄၁၁၁၃၄**

## မသီတာ(စပ်းချောင်း) မပြယ်မယ့် စကားများ

## ကွန်ဒိုတိုက်ခန်းအမြန်ရောင်းမည်။

* ၂၆ပေ-၈၃ပေ ဦးထွန်းလင်းမြို့လမ်းထိပ်
* လှည်းတန်း အင်းစိန်လမ်းမပေါ်
* အဆင့်မြင့်ပြင်ဆင်ပြီး Air con ၅လုံး

(သိန်း 3600)

ဆက်သွယ်ရန် - 0973234410

## အထူးကျေးဇူးတင်ရှိခြင်း

ဦးစိုးမြင့်ထွန်း+(ဒေါ်ခင်မာလာညို)

FAME **Uritec®** For urinary tract infection — ကျောက်ကပ်ဆီး

ISO 9001 : 2008 / ISO 14001 : 2004 / OHSAS 18001 : 2007 / GMP Certified / Organic Certified

FAME **Urocrush®** For renal stones — ဆီးကျောက်ပျော်ဆေး

ISO 9001 : 2008 / ISO 14001 : 2004 / OHSAS 18001 : 2007 / GMP Certified / Organic Certified

## အင်္ဂလိပ်စကားပြောသင်တန်းကျောင်း

### Researchers

| Opening Date | Class | Time | Duration |
|---|---|---|---|
| 4.7.2014 | Evening Fri, Sat, Sun | 6:00 to 8:00 pm | 6 months |
| 5.7.2014 | Morning Sat, Sun | 8:30 to 11:30 am | |

## သုခမင်္ဂလာ (ဆက်သွယ်ရန်)

09-73008262, 09-250199851, 01-563141

## The Journal of HUMAN RIGHTS & DEMOCRACY

Myanmar Knowledge Society . MKS PUBLISHING

## တစ်အိတ်ဝယ်ရင်ပို့ပေးပါတယ်

095 095 095, ☎ 01-681326

09 730 77722, ☎ 01-682944

Ph: 09-73048688

## EVER SAFE SECURITY

## ကန့်ကွက်နိုင်ပါကြောင်း

ပန်းဘဲတန်းမြို့နယ်၊ ၂၆လမ်း၊ အမှတ် ၆၀ တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ် (၁၅ စီ^၁)၊ မြေကွက်အမှတ် Northern ½ of III-21 ၊ မြေပိုင်မြေအမျိုးအစား အမည်ပေါက် Gulam Husain Esoof Mamsa မြေအား မြေအမည်ပေါက် Gulam Husain Esoof Mamsa သည် ၁၅-၆-၇၇ ရက်တွင်လည်းကောင်း၊ ဇနီးဖြစ်သူ ဟမ်ဆာဘီဘီသည် ၁၅-၅-၁၉၅၀ရက်တွင်လည်းကောင်း၊ အမည်ပေါက်၏ညီမ Fatama Bi Bi သည် ၃၀-၁-၈၂ရက်တွင်လည်းကောင်း၊ ၎င်း၏ခင်ပွန်း ဦးအစ္စမိုင်အီဘရာဟင်မန်ဆာသည် ၉-၁၂-၆၆ ရက်တွင်လည်းကောင်း၊ ၎င်းတို့၏သား (အမည်ပေါက်၏တူ)ဖြစ်သူ ဦးဆူလေမန်အစ္စမိုင်မန်ဆာသည် ၂-၁-၉၂ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြကြောင်း၊ ဦးဆူလေမန်အစ္စမိုင်မန်ဆာ၏ဇနီးဖြစ်သူ ဒေါ်အိုက်ရှာဘီဘီမိုဟာမက်ဟာစန်ဂျီ ၁၂/ပဘတ(နိုင်)၀၂၃၀၁၁နှင့် အမည်ပေါက်၏မြေးများဖြစ်ကြသော ဦးအဗ္ဗဒူရာမန် ၁၂/ပဘတ(နိုင်)၀၀၇၉၉၄နှင့် ဒေါ်ဟာဇရာဘီဘီ ၁၂/ပဘတ(နိုင်)၀၀၇၉၅၃တို့က သေစာရင်း၊ ကတိသစ္စာပြုလွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ၊ အမည်ပေါက်စာချုပ်အမှတ် ၂၁၈/၁၉၅၀၊ ရန်ကုန်တိုင်းတရားရုံး၏ တရားမအထွေထွေမှုအမှတ် ၁၀၂/၂၀၀၂၏ ၁၁-၁၀-၂၀၀၂ရက်စွဲပါ ဦးအဗ္ဗဒူရာမန်အား အမွေထိန်းလက်မှတ်စာထုတ်ပေးသည့်အမိန့်၊ ၂၅-၉-၂၀၀၈ ရက်စွဲပါ အမွေထိန်းလက်မှတ်စာနှင့် တိုင်းတရားရုံး တရားမအထွေထွေမှု ၁၀၂/၂၀၀၂၏ ၁၇-၂-၂၀၀၉ ရက်စွဲပါ အမိန့်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ





## သီတာဂူမျက်စိဆေးရုံ(ရန်ကုန်) ၃၇-ကြိမ်မြောက် (ဇူလိုင်လ ၁၉၊ ၂၀) အလင်းဒါနပြုလုပ်ပါမည်။

သီတာဂူဆရာတော်ကြီး၏လမ်းညွှန်မှု၊ ထပည့်ဖြစ်သူ မျက်စိကုဆရာဝန်ကြီး ဦးဆောင်မှု မျက်စိအထူးကုပါမောက္ခ(ငြိမ်း) Dr.Mya Aung ကြီးကြပ်မှုနှင့် Dr.Kyaw Soe, Dr.Khin Ohmar Khine, Dr. Khin Ohn Myint, Dr.Kyaw Min Lwin, Dr. Aung Cho Htwe, Dr. Thein Than Htike, Dr. Tin Myo Thant, Dr. Win Mar Tun, Dr. Hla Kay Thi, Dr. Zin Mar Myint, Dr. Hla Myat Nwe, Dr. Hla Hla Than, Dr. Yinmin Han, Dr. Naing Lin, Dr. Khine Myat Su အထူးကုဆရာဝန်ကြီးများက လုပ်အားဒါနပြု၍ သီတာဂူမျက်စိဆေးရုံ၌ ဇွန်လ(၂၂)ရက်၊ (၃၆)ကြိမ်မြောက်အထိ မျက်စိဝေဒနာရှင် (၂၂၅၀၀)ဦးတို့အား စစ်ဆေးကုသခြင်းနှင့် (၄၄၀၀)ဦးအား ခွဲစိတ်ကုသ အလင်းဒါနပြုလုပ်ပြီး ဖြစ်ပါသည်။ ဇူလိုင်လ(၁၉၊ ၂၀)ရက်များတွင် ဦးရေ(၄၅၀၀ ပြည့်) (၃၇)ကြိမ်မြောက် အလင်းဒါနပေးလှူမည်ဖြစ်ရာ ဇူလိုင်လ (၅)ရက် တစ်ရက်တည်းသာ နံနက်(၇)နာရီတွင် စာရင်းသွင်းလက်ခံမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

သီတာဂူ-မျက်စိဆေးရုံ – ၁၆ ရပ်ကွက်၊ ပြည်သာယာ၊ ရန်ကင်း၊ [ကျိုက္ကသံစုပါဝင်း၊ တာမွေလေးသဲလမ်းအနီး] ဖုန်း ၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မျိုးမြင့်မြတ်၏ ပတ်စ်ပို့ မနလ(MA-၃၂၀၉၄၀)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**မောင်မျိုးမြင့်မြတ် ဖုန်း-၀၉-၄၃၀၄၂၀၉၁**

### ကန့်ကွက်နိုင်ပါကြောင်း

### ကန့်ကွက်နိုင်ပါကြောင်း

ယာခင်းရှင်

ဉာဏ်ပိုင် CAMP

### ကန့်ကွက်နိုင်ကြောင်းကြေညာချက်

### မိဘအမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အထက (ကွမ်ရိုက်)၊ တက္ကသိုလ်ဝင်တန်းမှ မိခိုင်ဇင်သက်၏ မိဘအမည်မှန်မှာ ဦးကျော်လင်းစိန် ၁၀/ခဆန(နိုင်)၀၃၁၆၅၂ နှင့် ဒေါ်ကြည်ဆန်း ၁၀/ခဆန(နိုင်)၀၃၇၉၂၈ဖြစ်ပါကြောင်း။

**ဦးကျော်လင်းစိန်-ဒေါ်ကြည်ဆန်း**

### မိခင်အမည်မှန်

မွန်ပြည်နယ်၊ချောင်းဆုံမြို့နယ်၊အထက (မုရစ်ကလေး)၊ နဝမတန်း(C)မှ မယမုံဇင်ဦး၏ မိခင်အမည်မှန်မှာ ဒေါ်အတူးမာ (CZN- ၁၅၉၈၀၆) ဖြစ်ပါကြောင်း။

**ဒေါ်အတူးမာ**

EAC

ကမ္ဘာ့အမိုးတန်သစ်မွေး

ဖုန်း 09-5117226

ထိုက်သူရမည်

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/၂၊ မြေကွက်အမှတ် ၂၄၉/၂၊ အကျယ်အဝန်းဧရိယာ ဝဒသမဝ၂၉ဧကရှိ နှစ် ၆၀ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ဦးဖြိုးဝေအောင် ၁၂/ဥကတ(နိုင်)၁၂၇၉၇၄ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ အထက်ဖော်ပြပါမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင် ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးဖြိုးဝေအောင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ပစ္စည်း၏အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များယူဆောင်၍ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စုစုထွန်း LL.B,D.B.L,D.I.L

တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၄)

အိမ်-အမှတ် ၂၂၈/က၊ မိဂသီလမ်း၊ ၁၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၇၁၁၅၃၊ ၀၉-၄၂၀၀၃၆၇၄၀

### ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂/တောင်၊မြေကွက်အမှတ် ၉၁၈/က၊ မြေကွက်တည်နေရာအမှတ်၉၁၈/က၊ မာန်ပြေ ၃ လမ်း၊ ၂ တောင်၊ သာကေတမြို့နယ် (၁)ဦးမြင့်ဦး၊ (၂)ဒေါ်ရီ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးမြင့်ဦး(ခင်ပွန်း) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဇနီး ဒေါ်ရီ ၁၂/ဗတထ(နိုင်) ၀၀၈၄၁၅ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၁၂၂/၁၄ ရရှိသူ ဒေါ်ဝင်းဝင်းခိုင် ၁၂/ဥကတ(နိုင်)၁၃၂၀၀၅ က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆၈/၅)၊ မြေကွက်အမှတ်(၃/က)၊ အလျား ပေ ၂၀×အနံ ပေ၆၀ မြေကွက်ရရှိသူ အမည်ပေါက် ဦးလှမြင့်ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးသိန်းဦး (ဘ) ဦးခင်ထွေး ၁၂/ဒဂဆ(နိုင်)၀၀၉၉၈ ပိုင်ဆိုင်သူက မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ (၁၂)**

**ဒဂုံဆိပ်ကမ်းမြို့နယ်၊**

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေပင်လုံအိမ်ရာ၊ မြေတိုင်းရပ်ကွက် ၂၇/၅၊ မြေကွက်အမှတ် ၁၈၊ ဧရိယာ ၀ ဒသမ ၁၂၉ ဧကရှိ မြေကွက်အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနရှိစာရင်း၌ ဒေါ်ဝင်းမြင့် ၁၂/ဗတထ(နိုင်) ၀၀၄၉၆၂ အမည်ပေါက်ပြီး ၎င်းမှ လက်ရှိထား တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက တရားဝင်အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကိုဦး (LL.B,D.B.L)

တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၆၃)

အမှတ် ၃၇၇၂၊ သာယာအေးလမ်း၊ ၃ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး၊

ဖုန်း-၀၉-၇၃၀၆၉၃၄၉၊ ၀၉-၄၅၀၀၁၁၅၇၄၊ ၀၉-၃၀၀၈၈၄၀၀

ကြော်ငြာကဏ္ဍ

## ကန့်ကွက်နိုင်ပါကြောင်း

[illegible]

ဦးခင်မောင်ဦး LL.B, D.B.L, D.I.L, Dip.CA, WIPO [illegible]

Hein Htet San Law Firm

[illegible]

## ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇စီ(နံ့သာကုန်း)၊ မြေကွက်အမှတ် ၄+၇/ခ-A ၊ မြေကွက်တည်နေရာအမှတ်၉၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန် (ဦးလော်စစ်ဟန်-ဒေါ်ကျန်းဖူးရှင်း)အမည်ပေါက်နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက် တစ်ဦး ဦးလော်စစ်ဟန် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ကျန်းဖူးရှင်း ၁၃/လရန(နိုင်)၀၁၈၆၁၁ထံမှ ကိုယ်စားလှယ်လွှဲစာ ၁၄၁၀၃(၂၀-၅-၁၄)ဖြင့် GPရသူ ဒေါ်ဆွေဆွေမီဦး ၇/ ပမန(နိုင်)၀၈၈၄၉၆က ဒေါ်ကျန်းဖူးရှင်းမှ ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၇၀၊ မြေကွက်တည်နေရာအမှတ် ၇၀၊ ၁၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဦးညီညီလင်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးညီညီလင်း ၁၂/ဗဟန(နိုင်)၀၅၆၁၇၂ တရားရုံးကိုယ်စား ဘီလစ်ဒေါ်လွဲလွဲခိုင် ၁၂/တကန(နိုင်) ၀၀၃၄၁၉ က အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

## စက်ချုပ်ကျွမ်းကျင် အလိုရှိသည်

(ရန်ကုန်မြို့တွင်းသာ)
(ယုဇန-ပလာဇာအနီး)

**ဆက်သွယ်ရန်-ဖုန်း-၀၉-၅၀၄၉၁၁၀**
**၀၉-၇၃၁၃၉၄၈၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

## ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၆-၂၀၁၄ရက်ထုတ် ဤသတင်းစာ စာမျက်နှာ၁၅ပါ ယာဉ်အမှတ် ၁စ/ ၆၁၈၆ ၏ ကန့်ကွက်နိုင်ပါသည် ကြော်ငြာတွင် ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြင်မြင့်အစား ဒေါ်ကြင်ဖြင့်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဥတုရာသီ တောကိုမှီ

ကြော်ငြာကဏ္ဍ

[illegible]

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဦးဝိစာရရပ်ကွက်၊ ဦးဝိစာရအိမ်ရာ၊ တိုက်အမှတ် ၁၉၊ အခန်းအမှတ် ၅ နှင့် စပ်လျဉ်း၍ သတိပေးတားမြစ်ခြင်း

အထက်ပါအခန်းကို ဖခင်ဦးလှကြည်နှင့်မိခင် ဒေါ်ခင်ညွာတို့ ပိုင်ဆိုင်နေထိုင်ခဲ့ပါသည်။ မိဘနှစ်ပါး ကွယ်လွန်ချိန်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဆက်ခံပိုင်ဆိုင်နေထိုင်ခွင့်ရှိသူ သားသမီးများဖြစ်ကြသည့် (၁)ဦးခင်မောင်ရီ၊ (၂)ဦးခင်မောင်အေး၊ (၃)ဒေါ်ခင်စုစုကြည်၊ (၄)ဒေါ်နုနုကြည်တို့ လေးဦးကျန်ရစ်ခဲ့ပါသည်။ လက်ရှိ အဆိုပါတိုက်ခန်းတွင် ဒေါ်ခင်စုစုကြည်နေထိုင်လျက်ရှိပါသည်။ အထက်ပါဆက်ခံသူ လေးဦးအနက် တစ်ဦးဖြစ်သူ ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ဒေါ်ခင်စုစုကြည်ကသော်လည်းကောင်း၊ ကျန်နှစ်ဦးကသော်လည်းကောင်း အထက်ပါအခန်းကို မည်သူမျှမည်သည့်နည်းနှင့်မျှ စီမံခန့်ခွဲခြင်း၊ လွှဲပြောင်းခြင်း၊ အမည်ပြောင်းခြင်း၊ အခန်းပြင်ဆင်ခြင်း၊ အခြားမည်သူ့ကိုမျှ နေထိုင်ခွင့်ပေးခြင်းမပြုလုပ်ရန် သတိပေးကန့်ကွက်တားမြစ် ကြေညာအပ်ပါသည်။

**ဒေါ်နုနုကြည် ၉/မရမ(နိုင်)၀၉၁၂၀၂၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်ထွန်းကို** | **ဦးသန်းအေး** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၀၆၈၀)** | **(စဉ်-၃၆၈၂/၈၆)** |

**အမှတ် ၅၆၅၊ MAC Tower၊ ပထမထပ်၊ အခန်း ၁၀၃စီ၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၂၇၄၂၆**

ကြော်ငြာကဏ္ဍ

## ဖခင်အမည်မှန်

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်(GTU)တွင် ရူပဗေဒအထူးပြုဖြင့် တက်ရောက်နေသော မောင်ဝင်းသိန်း၏ ဖခင်အမည်မှန်မှာ ဦးဟန်စိန် ဖြစ်ပါကြောင်း။

[illegible]

## ဦးမင်းလတ်၊ ခါနိုက်တာ (Asia Green Co., Ltd) နှင့်အများသိစေရန်ထပ်မံကြေညာခြင်း

(၄-၁- ၂၀၁၄)ရက်စွဲပါ ကြေးမုံသတင်းစာ စာ(၁၃)၌ ကျွန်တော် [illegible] ကြေညာခဲ့သည့်ကြေညာချက်ပါ [illegible] Asia Green Co., Ltd က (၃၁-၁- ၂၀၁၄)ရက်နေ့တွင် ကျွန်တော့်ထံသို့ [illegible] Asia Green Co., Ltd [illegible]

ဦးဌေးဝင်း

(ရွှေမဟ္ဂာမော်တော်ယာဉ်သယ်ယူပို့ဆောင်ရေးအသင်း)

## ၂၈-၅-၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ (စာ-၄)တွင် ဒေါ်သန်းသန်းဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းဆွေ ၁၂/မရက(နိုင်)၀၅၄၉၅၉ သည် ၁၇-၅-၂၀၁၄ ရက်က လွှန်ခဲ့သော အစ်ကိုဖြစ်သူ ဦးသိန်းလွင်(ခ)မောင်ကောက် ကျန်ရစ်ခဲ့သော ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၅ ရပ်ကွက်၊ အေးရိပ်မွန်၊ အပိုင်း(၁)၊ တိုက်(၂)နေ ဒေါ်ခင်ဌေးမြင့်နှင့် ညှိနှိုင်းပြေလည်သဘောတူညီမှုရရှိကြ၍ ခံစားခွင့်ရှိသော ပစ္စည်းများ လက်ရောက်ခွဲဝေရယူခဲ့ကြပြီးဖြစ်ပါသဖြင့် ယနေ့မှစ၍ ၂၈-၅-၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ (စာ-၄)တွင်ပါရှိသော အများသိစေရန် ကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အေး LL.B,D.B.L,D.I.R**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၈၃၃၂**
**အိမ်-(မ-၁၉)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ၃ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်**
**ရုံး- တိုက်(၉/၁၁)၊ အမှတ် ၀၀၄(မြေညီထပ်)၊ ၃၆ လမ်း(အောက်) (မြေညီထပ်)၊**
**ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၄၃၁၀၅၈၄၄**

[illegible]

မြန်မာ့အလင်း
Brasil 2014
ကမ္ဘာ့ဖလားအထူးကဏ္ဍ
၂၀၁၄ခုနှစ်၊ ဇွန် ၂၈ ရက်၊ စနေနေ့။

AIR KBZ

သူ့နာမည်က ဆွာရက်ဇ်။ ဒါပေမယ့် သူ့ကို ဝိရောဓိလူသားလို့ ခေါ်ကြတယ်။ အထူးသဖြင့် သူ့ရဲ့ခြေစွမ်းနဲ့ သူ့ရဲ့အမူအကျင့်က တကယ့်မှတကယ့်ဆန့်ကျင်ဘက်။ သူ့ရဲ့ခြေစွမ်း၊ ပင်ကို အရည်အချင်းနဲ့ဦးဆောင်နိုင်မှုအားက အထွတ်အထိပ်။ ဒါပေမယ့် သူ့ရဲ့အမူအကျင့်ကျတော့ အရိုင်းဆန်တယ်။ တခြားမကြည့်နဲ့၊ ဒီနှစ်ကမ္ဘာ့ဖလားမှာဖြစ်ခဲ့တဲ့အဖြစ်ကိုကြည့်။ ပြိုင်ဘက် အီတလီခံစစ်မှူး ချီလီနီကိုကိုက်တယ်။ ဒါကို ဒိုင်ကမမြင်လို့ အဲဒီပွဲမှာ သူထုတ်ပယ်ခြင်းမခံရပေမယ့် အခုသူ့ကို နိုင်ငံတကာပွဲ ကိုးပွဲပယ်ပြစ်ဒဏ်အပြင် ဘောလုံးလောကနဲ့ လေးလမပတ်သက်ရဆိုတဲ့ ပြစ်ဒဏ်ကိုပါ ဖီဖာကချမှတ်လိုက်ပြီဆိုတော့၊ သေချာတယ်။ အဲဒါဟာ သူ့အတွက်လည်း မကောင်းဘူး။ ဥရုဂွေးအတွက်လည်း အတော်လေး ထိထိခိုက်ခိုက်ဖြစ်သွားတယ်။

# ဆွာရက်ဇ်ရဲ့လောင်းရိပ်အောက်က ဥရုဂွေးရဲ့လားရာ . . .



အထူးသဖြင့် ဒီတစ်ကြိမ်ကမ္ဘာ့ဖလားမှာ တောင်အမေရိကအသင်းတွေကို အားလုံးက စောင့်ကြည့်မှုပိုတယ်။ အရှင်းဆုံးပြောရရင် တောင်အမေရိကမှာ ကျင်းပတိုင်း တောင်အမေရိကအသင်းတစ်သင်းကသာ ဖိုလ်စွဲလေ့ရှိတာဆိုတော့ တောင်အမေရိကအသင်းတွေရဲ့ ခြေရည်ခြေသွေးကို အားလုံးကမျက်ခြည်မပြတ် စောင့်ကြည့်ကြတယ်။ အရှင်းဆုံးပြောရရင် ဒီပြိုင်ပွဲမှာ တောင်အမေရိကဒေသက ခြောက်သင်းဝင်ပြိုင်တယ်။ အဲဒီခြောက်သင်းမှာ ငါးသင်းက ရှုံးထွက်ရောက်တယ်။ အဲဒီအထဲမှာ ဖိုလ်စွဲနိုင်လောက်တဲ့ အသင်းကြီးသုံးသင်းရှိပြီး အဲဒီသုံးသင်းထဲမှာ ဥရုဂွေးပါတယ်။ အရှင်းဆုံးပြောရရင် ရေပန်းအစားဆုံးမဟုတ်ပေမယ့် ဖိုလ်စွဲနိုင်လောက်တဲ့ အသင်းအဖြစ် ဥရုဂွေးကို သတ်မှတ်တယ်။ ဘာ့ကြောင့်လဲဆိုတော့ သူတို့မှာ ဆွာရက်ဇ်ပါလာလို့ပဲ။

ပြောရရင် ဆွာရက်ဇ်ရဲ့ ခြေရည်ခြေသွေးဟာ တကယ်မှတကယ့်ထိပ်တန်းအဆင့်။ မနှစ်က ဘောလုံးရာသီမှာဆိုရင် ဆွာရက်ဇ်ဟာ ရော်နယ်ဒိုနဲ့အတူ ဥရောပရွှေဖိနပ်ဆုကို ပူးတွဲယူနိုင်သူ။ ပရီမီယာလိဂ်ရဲ့ ဂိုးသွင်းဘုရင်။ ပရီမီယာလိဂ်ရဲ့ အကောင်းဆုံးဘောလုံးသမား။ ဒီတော့ ဒီလို ဆွာရက်ဇ်ပါလာတဲ့ ဥရုဂွေးကို အားလုံးက ခပ်မြင့်မြင့်မျှော်လင့်ကြသလို လက်တွေ့မှာလည်း ဆွာရက်ဇ်ဟာ ဥရုဂွေးကို နွံထဲက ဆွဲထုတ်လာနိုင်ခဲ့တယ်။ အဖွင့်ပွဲမှာရှုံးခဲ့တဲ့ ဥရုဂွေးကို သူ့ရဲ့သွင်းဂိုးတွေနဲ့ ရှုံးထွက်အဆင့်ထိရောက်အောင် တင်ပေးခဲ့တာ။ အင်္ဂလန်ကို ၂-၁နဲ့နိုင်ရာမှာ သူပဲ နှစ်ဂိုးစလုံးကိုသွင်းသလို အီတလီကို ၁-၀နဲ့နိုင်ရာမှာလည်း သူပဲအနိုင်ဂိုးကိုသွင်းပေးခဲ့တာ။ ဒီတော့ သူ့အပေါ် အားလုံးက မျှော်လင့်စိတ်ထားကြတယ်။ သူ့ကြောင့် ဥရုဂွေးကို ခပ်မြင့်မြင့်တွေးကြတယ်။

အထူးသဖြင့် သူ့ရဲ့ခြေစွမ်းက ကမ္ဘာ့ထိပ်တန်း။ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု မရသေးတာပဲရှိတယ်။ ခြေကတော့ ထိပ်တန်းအဆင့်။ ဒီတော့ သူ့ကို ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု ရစေချင်ကြတယ်။ အရှင်းဆုံးပြောရရင် ပြီးခဲ့တဲ့ရာသီမှာ လီဗာပူးအတွက် သူစွမ်းဆောင်ပေးနိုင်ခဲ့မှုဟာ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဖြစ်ထိုက်တဲ့အဆင့်ရှိတယ်လို့တွက်ကြတယ်။ ဒါပေမယ့် အဲဒီအတွက် အဟန့်အတားက လီဗာပူးရဲ့ဆုဖလားရယူနိုင်ခြင်း မရှိမှုဘဲ။ ဒီတော့ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဖြစ်ဖို့ ဥရုဂွေးကို တစ်ကျော့ပြန်ကမ္ဘာ့ချန်ပီယံဖြစ်အောင် သူ့အနေနဲ့ ပံ့ပိုးပေးနိုင်ဖို့လိုတယ်။ အရှင်းဆုံးပြောရရင် ကမ္ဘာ့ဖလားကျင်းပတဲ့နှစ်ဆိုရင် အဲဒီနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆိုလို့လည်း အဲဒီ ကမ္ဘာ့ဖလားမှာ ချန်ပီယံဖြစ်တဲ့အသင်းက ဦးဆောင်ဘောလုံးသမားတစ်ဦးတစ်ယောက်က အများအားဖြင့် ရလေ့ရထရှိတယ်။ ဒီတော့ တကယ်လို့များ ဥရုဂွေးဟာ ချန်ပီယံဖြစ်ရင် ဥရုဂွေးအတွက် သူ့ရဲ့ပေးဆပ်နိုင်အား၊ လီဗာပူးအတွက် ပေးဆပ်ခဲ့မှုတွေအရ ဆွာရက်ဇ်အနေနဲ့ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု မှန်းနိုင်တဲ့အခြေအနေကို ရောက်လာလိမ့်မယ်လို့ တွက်ကြတယ်။

ဒါပေမယ့် အဲဒါတွေက အခုတော့ ပျက်သလောက်ဖြစ်သွားပြီ။ အရှင်းဆုံးပြောရရင် သူ့ရဲ့ဆင်ခြင်တုံတရားမဲ့တဲ့ လုပ်ရပ်တစ်ခုကြောင့် ကမ္ဘာ့ဖလားပွဲမှာ ဆက်ကစားခွင့်ကို သူ့အနေနဲ့ ဆုံးရှုံးသွားရပြီ။ ဒီလိုဖြစ်ခြင်းဟာ သူ့ရဲ့ အခွင့်အရေးအဝဝကို တားဆီးလိုက်ရာလည်းရောက်တယ်။ အထူးသဖြင့် သူ့ရဲ့ ခြေရည်ခြေသွေးအရ ဘာစီလိုနာ၊ ရီးရဲလ်တို့ကတောင် သူ့ကို စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ဖို့လုပ်နေတာ။ တကယ်လို့ ဒီလိုပြဿနာမဖြစ်ခဲ့ရင် သူ့ကို အဲဒီနှစ်သင်းက မရရအောင် ခေါ်မှာ သေချာတယ်။ ဒါဆိုရင် ဘယ်အသင်းကိုပဲရောက်ရောက် လက်ရှိ လီဗာပူးမှာထက် ဆုဖလား ရပိုင်ခွင့်နဲ့ နီးစပ်တယ်။ ဒီလို ဆုဖလားတွေသာ ရခဲ့ရင် သူ့ရဲ့ အဆင့်အတန်းဟာလည်း ပိုမြင့်လာမယ်။ သူ့ရဲ့ ဘောလုံးသမားဘဝကလည်း ပိုပြည့်စုံမယ်။ ဒါပေမယ့် အခုတော့ အဲဒါတွေက သဲထဲရေသွန်ဖြစ်ပြီ။ အားလုံး အကောင်အထည်ဖော်ဖို့ခက်ပြီ။

အထူးသဖြင့် သူဒီလို ပွဲပယ်ခံရမှုဟာ ဥရုဂွေး အတွက် ပိုပြီးထိထိခိုက်ခိုက်ရှိတယ်။ ပြောခဲ့ပြီးသလို ဥရုဂွေးဟာ ဆွာရက်ဇ်မရှိလို့ မဖြစ်ဘူး။ ပြောရရင် ဥရုဂွေးဟာ ဒီကမ္ဘာ့ဖလားအတွက် တိုက်စစ်မှူး သုံးဦးပဲခေါ်လာတာ။ အဲဒီအထဲမှာ ကာဗာနီက ထိပ်တန်းအဆင့် ကစားသမားဆိုတာမှန်တယ်။ ဒါပေမယ့် ဒီပြိုင်ပွဲမှာ ပုံမှန်ခြေမရဘူး။ အုပ်စုတွင်း သုံးပွဲ ကစားခဲ့ရာမှာ ပယ်နယ်တီကနေ သွင်းတဲ့တစ်ဂိုးပဲ ရထားတာကသက်သေ။ ဖော်လန်ကျတော့ အသက်ရောခြေပါအိုပြီ။ သူ့ကိုခေါ်လာတာကိုက အထိန်းသဘောမျိုး။ ဒီတော့ သူ့ကို အဓိက အားပြုလို့မရတာ က သေချာတယ်။ ဒါကြောင့် ဒီနှစ်ဦးနဲ့ ပွဲထွက်ခဲ့ရတဲ့ ကော်စတာရီကာနဲ့ပွဲမှာ ပယ်နယ်တီကနေသွင်းတဲ့ တစ်ဂိုးသာရပြီးရှုံးရတာ။ အခုလည်း ဆွာရက်ဇ်ကို သုံးခွင့်မရှိတဲ့အခါ အဲဒီတိုက်စစ်အတွဲအဖက်နဲ့ပဲ ပြန်ပြီးပွဲထွက်ရတော့မယ်ဆိုတော့ ချန်ပီယံဖြစ်ဖို့အသာထား ဥရုဂွေးအနေနဲ့ ကွာတားတောင်ရောက်ပါ့မလားဆိုပြီး စောင့်ကြည့်ကုန်ကြတယ်။

တကယ်တော့ ဆွာရက်ဇ်ဟာ ဒီတစ်ကြိမ်တည်းမှားတာ မဟုတ်ဘူး။ မှားခဲ့တာကအကြိမ်ကြိမ်။ အိုင်းယတ်စ်မှာတုန်းကတစ်ခါ၊ လီဗာပူးနဲ့တုန်းက တစ်ခါ။ ဒီလိုလုပ်လိုက်တဲ့ ပြဿနာတွေကြောင့်ပဲ ပွဲပယ်တွေခံခဲ့ရဖူးတယ်။ ဒီကြားကမှ သူ့ကိုယ်သူ မထိန်းနိုင်ဘူးဆိုတော့ သေချာတယ်။ ဆွာရက်ဇ်ဟာ ဝိရောဓိဆန်တယ်။

> “ဆွာရက်ဇ်ပါလာတဲ့ ဥရုဂွေးကို အားလုံးက ခပ်မြင့်မြင့်မျှော်လင့်ကြသလို လက်တွေ့မှာလည်း ဆွာရက်ဇ်ဟာ ဥရုဂွေးကို နွံထဲကဆွဲထုတ်လာနိုင်ခဲ့တယ်၊ အဖွင့်ပွဲမှာရှုံးခဲ့တဲ့ ဥရုဂွေးကို သူ့ရဲ့ သွင်းဂိုးတွေနဲ့ ရှုံးထွက်အဆင့်ထိရောက်အောင် တင်ပေးခဲ့တာ”

ခြေစွမ်းအရ ကမ္ဘာ့အဆင့်ဆိုပေမယ့် စိတ်ဓာတ်အရတော့ သုည။ ဒီတော့ အဲဒီလို ဖြစ်နေသမျှကာလပတ်လုံးမှာ သူ့အတွက်ရော၊ သူ့ဝန်းကျင်အတွက်ပါ အကောင်းဆုံးဖြစ်မလာနိုင်ဘူးဆိုတာ သေချာတယ်။

■ ဝေမိုးဆက်



# ဂိုးနည်းနည်းနဲ့ကပ်နိုင်သွားမယ့် အိမ်ရှင်ဘရာဇီးနှင့် ကိုလံဘီယာအသင်း

၁၆ သင်းရှုံးထွက်အဆင့်ကို ရောက်ရှိလာပြီဖြစ်တဲ့ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလား ပြိုင်ပွဲရဲ့ ပထမဆုံး ၁၆ သင်းရှုံးထွက်အဆင့် ပွဲနှစ်ပွဲမှာ တောင်အမေရိက အသင်း အချင်းချင်းရင်ဆိုင်ကြရမှာက စိတ်ဝင်စားစရာဖြစ်နေတယ်။ ဒေသတွင်း ပြိုင်ဘက်ချင်းဖြစ်သလို ခြေစွမ်းကွာဟမှုကလည်း ကျဉ်းမြောင်းကြတာမို့ ဂိုးပြတ်ရလဒ်တွေ ထွက်ပေါ်လာဖို့တော့ခက်တယ်။

➤ ထက်အောင်



ကိုလံဘီယာကစားသမားများ

| ဘရာဇီး Vs ချီလီ | |
|---|---|
| ကစားမည့် ရက်၊ အချိန်နှင့် ကွင်း | ၂၈-၆-၂၀၁၄၊ ည ၁၀း၃၀ Estádio Mineirao |
| နောက်ဆုံးဆုံတွေ့မှုရလဒ် | ဘရာဇီး ၂-၁ ချီလီ (၂၀-၁၁-၂၀၁၃) |

ဘရာဇီးအသင်းဟာ ပြိုင်ပွဲမစတင်ခင်ကတည်းက ကြိုတင်ထင်ကြေးပေးခံခဲ့ရတဲ့အတိုင်း အုပ်စုပထမနေရာနဲ့ နောက်တစ်ဆင့်ကို တက်ရောက်လာနိုင်တဲ့ အသင်းဖြစ်ပေမယ့် ခြေစွမ်းပိုင်းကတော့ အကောင်းဆုံးပုံစံရရှိနေတယ်လို့ ပြောဖို့ခက်တယ်။ အထူးသဖြင့် အုပ်စုဒုတိယပွဲအဖြစ် မက္ကဆီကိုနဲ့ ကစားခဲ့တဲ့ပွဲမှာ ဂိုးမရှိ သရေရလဒ်သာ ရယူနိုင်ခဲ့သလို ခြေစွမ်းပိုင်းမှာလည်း အသာစီးမရခဲ့တာကြောင့် ဘရာဇီးရဲ့စွမ်းဆောင်နိုင်မှုအပေါ် သံသယဖြစ်စရာဖြစ်နေရတယ်။ ဒါပေမယ့် အုပ်စုပွဲအားလုံးရဲ့အနေအထားကို ခြုံငုံသုံးသပ်ကြည့်မယ်ဆိုရင်တော့ ဘရာဇီးရဲ့ အသင်းလိုက်ကစားပုံ ကောင်းမွန်မှုရှိတယ်လို့ဆိုရမယ်။ အော်စကာ၊ ပေါ်လင်ဟို၊ ဂူစတာဗိုတို့ရဲ့ ကွင်းလယ်ပိုင်းဟာ စုဖွဲ့မှုကောင်းမွန်တယ်။ ဘရာဇီးရဲ့တိုက်စစ်က ထိုးဖောက်အားကောင်းမွန်တယ်။ ဒါပေမယ့် တိုက်စစ်မှူး ဖရက်ဒ် ပုံမှန်ဂိုးသွင်းခြေရရှိဖို့ ရုန်းကန်နေရခြင်းနဲ့ ဂိုးရရှိရေးအတွက် နေမာ တစ်ဦးတည်းအပေါ် အဓိကအားပြုနေရတဲ့အနေအထားတို့ကိုတော့ သတိပြုရမယ်။ ခရိုအေးရှား၊ ကင်မရွန်းတို့နဲ့ပွဲတွေမှာ တစ်ဂိုးစီသွင်းယူခံခဲ့ရတဲ့ ဘရာဇီး ခံစစ်ပိုင်းကလည်း အကောင်းဆုံးအနေအထားမှာရှိနေတယ်လို့ ပြောဖို့ခက်တယ်။ ချီလီအသင်းဟာ ဘရာဇီးနဲ့ဆုံတွေ့မှုတွေမှာ ရလဒ်ပိုင်းအားနည်းခဲ့တာမှန်တယ်။ ဒါပေမယ့် ချီလီရဲ့ အသင်းလိုက်စုဖွဲ့မှုကောင်းမွန်နေတာကြောင့် ဘရာဇီးကို အကောင်းဆုံး ရင်ဆိုင်နိုင်စွမ်းရှိတယ်။ အလက်ဇီဆန်းချက်ဇ်၊ ဗားဂက်စ်၊ အရန်ဂူဇ်တို့လို တိုက်စစ်ကစားသမားတွေကလည်း ဂိုးသွင်းခြေရှိနေလို့ အားနည်းချက်ရှိတဲ့ ဘရာဇီးအသင်းခံစစ်ကို ဖိအားပေးနိုင်စွမ်းရှိတယ်။ ချီလီအသင်းရဲ့ အုပ်စုနောက်ဆုံးပွဲအဖြစ် ဟော်လန်နဲ့ ကစားခဲ့တဲ့ပွဲမှာ ပါဝင်နိုင်ခြင်းမရှိခဲ့တဲ့ အဓိက ကွင်းလယ်ကစားသမား ဗီဒဲလ်လည်း ဒီပွဲမှာ ပြန်လည်ပါဝင်လာမှာမို့ ချီလီကွင်းလယ်ပိုင်း တောင့်တင်းမှုရှိလာမှာဖြစ်ပြီး ချီလီရဲ့ ကွင်းလယ်စုဖွဲ့မှုကလည်း ဘရာဇီးကွင်းလယ်ကို အကောင်းဆုံးယှဉ်နိုင်စွမ်းရှိတယ်။ ဒါပေမယ့် အုပ်စုပွဲ သုံးပွဲမှာ သုံးဂိုးသွင်းယူခံခဲ့ရတဲ့ ချီလီအသင်းရဲ့ ခံစစ်ကတော့ အားနည်းမှုတွေ ရှိနေတာကြောင့် နေမာ ဦးဆောင်လာမယ့် ဘရာဇီးတိုက်စစ်ကို ခက်ခက်ခဲခဲ ထိန်းချုပ်ရနိုင်တယ်။ အိမ်ကွင်းအားရှိနေတဲ့ ဘရာဇီးအသင်းက သာမန်ပွဲကစားချိန်အတွင်းမှာတင် နိုင်ပွဲရနိုင်ပေမယ့် ဂိုးပြတ်ဖို့တော့ ခက်တယ်။

**ဖြစ်နိုင်ဖွယ်ရလဒ် ၂-၁**

| ကိုလံဘီယာ Vs ဥရုဂွေး | |
|---|---|
| ကစားမည့် ရက်၊ အချိန်နှင့် ကွင်း | ၂၉-၆-၂၀၁၄၊ နံနက် ၂း၃၀ Estadio do Maracana |
| နောက်ဆုံးဆုံတွေ့မှုရလဒ် | ဥရုဂွေး ၂-၀ ကိုလံဘီယာ (၁၁-၉-၂၀၁၃) |

ကိုလံဘီယာမှာ အဓိကတိုက်စစ်မှူး ဖယ်ကာအို မပါဝင်နိုင်တဲ့အတွက် ဖြစ်ပေါ်လာတဲ့ ဟာကွက်ကို ကွင်းလယ်တိုက်စစ်ကစားသမား ဂျိမ်းစ်ရိုဒရီဂေးဇ်က အကောင်းဆုံးဖြည့်စွမ်းကစားနေနိုင်တာ တွေ့ရတယ်။ ကိုလံဘီယာတိုက်စစ်ဟာ အုပ်စုပွဲသုံးပွဲမှာ ပွဲတိုင်း နှစ်ဂိုးနဲ့အထက် သွင်းယူနိုင်ခဲ့ပြီး စုစုပေါင်း ၉ ဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့အထိ တိုက်စစ်ပိုင်းထက်မြက်နေပြီး တိုက်စစ်နဲ့ ကွင်းလယ်ကစားသမားတွေအကြား ချိတ်ဆက်ကစားနိုင်မှုကလည်း အားကောင်းနေတယ်။ ဒ့ါအပြင် ကိုလံဘီယာခံစစ်ကလည်း နှစ်ဂိုးသာ ပေးရသေးတဲ့အထိ ကစားပုံကောင်းမွန်မှုရှိတယ်။ ဒါပေမယ့် ကိုလံဘီယာဟာ အုပ်စုပွဲသုံးပွဲမှာ အသင်းလိုက်စုစည်းမှုပိုင်း အနည်းငယ် အားနည်းနေတဲ့အချက်ကိုတော့ သတိပြုရမယ်။ အုပ်စုတွင်းပွဲစဉ်တွေမှာ အင်္ဂလန်၊ အီတလီတို့လို ဥရောပထိပ်တန်းအသင်းတွေကို အနိုင်ယူနိုင်ခဲ့တဲ့ ဥရုဂွေးအသင်းရဲ့ စွမ်းဆောင်မှုကမဆိုးဘူး။ ဒါပေမယ့် အသင်းလိုက် စုစည်းမှုအပိုင်းမှာတော့ အကောင်းဆုံးအနေအထား မရှိသေးတာကြောင့် ကိုလံဘီယာကို ပွဲချိန်ပြည့် စိုးမိုးကစားနိုင်ဖို့ ခက်တယ်။ ဒီပွဲမှာ ဥရုဂွေးအသင်းရဲ့ အဓိကအားနည်းချက်က တိုက်စစ်ပိုင်းဖြစ်လာနိုင်တယ်။ အသင်းရဲ့ အဓိက တိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ် ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မှာ မဟုတ်လို့ ကာဗာနီ၊ ဖော်လန်တို့နဲ့သာ ပွဲထွက်လာရမယ့် ဥရုဂွေးတိုက်စစ်ဟာ ကစားပုံမာကျောတဲ့ကိုလံဘီယာခံစစ်ကို ဖိအားပေးနိုင်ဖို့ ရုန်းကန်ရနိုင်တယ်။ ကာဗာနီ-ဖော်လန်တို့ ဦးဆောင်တဲ့တိုက်စစ်နဲ့ ကော်စတာရီကာကို ရင်ဆိုင်ခဲ့တဲ့ပွဲစဉ်မှာ

## “ကိုလံဘီယာခံစစ်ကလည်း နှစ်ဂိုးသာပေးရသေးတဲ့အထိ ကစားပုံကောင်းမွန်မှုရှိတယ်”

ဥရုဂွေးတိုက်စစ်ရဲ့ စွမ်းဆောင်နိုင်မှုအားနည်းခဲ့သလို အုပ်စုပွဲသုံးပွဲစလုံး ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိပြီး ပွဲချိန်ပြည့် ကစားခွင့်ရခဲ့တဲ့ တိုက်စစ်မှူး ကာဗာနီဟာ ကော်စတာရီကာနဲ့ပွဲမှာ ပယ်နယ်တီကတစ်ဆင့်သွင်းယူနိုင်တဲ့ဂိုး တစ်ဂိုးတည်းသာ ရရှိထားသေးတယ်။ ဆွာရက်ဇ်ပြန်လည်ပါဝင်လာနိုင်ခဲ့တဲ့ အင်္ဂလန်နဲ့ပွဲမှာ ဆွာရက်ဇ်- ကာဗာနီတိုက်စစ်က အတွဲအဖက်မိခဲ့ပေမယ့် အခုပွဲမှာ ဆွာရက်ဇ် ပါဝင်နိုင်မှာမဟုတ်လို့ ဥရုဂွေးအသင်းတိုက်စစ်ပိုင်း အကောင်းဆုံး စွမ်းဆောင်ရည်ရဖို့ရုန်းကန်ရမှာ သေချာနေတယ်။ ဥရုဂွေး အသင်းခံစစ်ကလည်း အားနည်းချက်တွေရှိနေတာကို သတိပြုရမယ်။ ဥရုဂွေး အသင်းဟာ ကိုလံဘီယာနဲ့ ဆုံတွေ့မှုတွေမှာ အသာစီးရလေ့ရှိခဲ့ပေမယ့် အခုပွဲမှာတော့ အသင်းလိုက်စုစည်းမှုနဲ့ တိုက်စစ်အား ပိုမိုကောင်းမွန်နေတဲ့ ကိုလံဘီယာအသင်းက သာမန်ပွဲချိန်အတွင်း ကပ်နိုင်သွားမှာပါ။

**ဖြစ်နိုင်ဖွယ်ရလဒ် ၁-၀**

